> **မြတ်ဗုဒ္ဓ၏အဆုံးအမတရား**
>
> နေမင်းသည် နေ့၌တောက်ပ၏။ လဝန်းသည် ညဉ့်၌ထွန်းလင်း၏။ မင်းသည် ချပ်ဝတ်တန်ဆာဆင်သော် တောက်ပ၏။ ဗြာဟ္မဏသည် ဈာန်ဝင်စားသော် တောက်ပ၏။ ဗုဒ္ဓဘုရားရှင်သည် နေ့ညဉ့်ပတ်လုံးတန်ခိုးတော်ဖြင့်တောက်ပ၏။ **ဓမ္မပဒ**

# မြဝတီ နေ့စဉ်

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

အများအမှန် ပိုင်းခြားသိမြင် မြဝတီနေ့စဉ်

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၅၂)

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်
၂၀၂၅ ခုနှစ်၊ ဇွန် ၉ ရက်၊ တနင်္လာနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြန်မာ-တရုတ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထူထောင်မှု (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား

### နှစ်နိုင်ငံပြည်သူများအတွက် ရေရှည်တည်တံ့သည့် ဘုံအကျိုးစီးပွားနှင့် ဒေသတွင်းတည်ငြိမ်စွာဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ-တရုတ် အနာဂတ်အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်မှုနှင့် သာယာဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို မြှင့်တင်နိုင်ရေးတို့ကို ဆက်လက်ကြိုးပမ်းအားထုတ်သွားမည်ဖြစ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ-တရုတ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထူထောင်မှု (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇွန် ၈**

မြန်မာ-တရုတ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထူထောင်မှု(၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊

**စာမျက်နှာ ၁၆ ကော်လံ ၁ ★**


ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ ထုတ်လုပ်သော
ကြံ့၊ ဆင်နှစ်ကောင်၊ **Blue Diamond** နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၄၄၉၂၅၂၃၂၇
အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၆၇၀




စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ
စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။



## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇွန် ၉ ရက်)

# ပညာရေးဖြင့်ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဆီသို့

ကျောင်းများဖွင့်လှစ်ကာ စာပေသင်ကြားနေသောကျောင်းသား၊ ကျောင်းသူများကိုမြင်တွေ့ရသည်မှာ အလွန်ပင်ကြည်နူးချမ်းမြေ့ဖွယ်ကောင်းလှသည်။ လူသားတစ်ဦးအဖြစ်မွေးဖွားကြီးပြင်းလာသည်နှင့် အရွယ်ရောက်သည့်အခါ ကျောင်းနေကြရသည်မှာအစဉ်အလာဖြစ်သည်။ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေကြမှသာ ပညာတတ်လူသားအရင်းအမြစ်များပေါ်ကြွယ်လာမည်ဖြစ်သည်။ ပညာတတ်လူသားအရင်းအမြစ်များပြားလာသည်နှင့်အမျှ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလမ်းမှာလည်းပိုမိုဖြောင့်တန်းလာမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် တစ်နိုင်ငံလုံးရှိအခြေခံပညာကျောင်းများကို ဇွန်လ ၂ ရက်မှစတင်ကာ ဖွင့်လှစ်ပေးခဲ့ပြီဖြစ်သည်။

မိဘအုပ်ထိန်းသူများ၏ကျောင်းသို့လိုက်ပို့မှုမြင်ကွင်းများ၊ ကျောင်းသို့ရောက်လာသည့်ကျောင်းသား၊ ကျောင်းသူများကို ကျောင်းဝင်ပေါက်အသီးသီး၌ဆရာ၊ ဆရာမများ၏နွေးထွေးစွာ ကြိုဆိုမှုမြင်ကွင်းများ၊ စာသင်ခန်းအတွင်း မိမိသက်ဆိုင်ရာအတန်းအလိုက်စနစ်တကျပညာသင်ကြားနေမှုမြင်ကွင်းများသည် ဇွန်လကျောင်းဖွင့်ချိန်၏ အလှဆုံးမြင်ကွင်းများဖြစ်သည်။ နိုင်ငံတော်၏အနာဂတ်ကို အားသစ်လောင်းမည့် ကလေးများစိတ်ချမ်းမြေ့စွာပညာသင်ကြားနိုင်ရေးအတွက် သက်ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ကာကွယ်စောင့်ရှောက်မှုများကလည်း ကျောင်းသား၊ ကျောင်းသူများ၏စိတ်ကိုလုံခြုံနွေးထွေးစေသည်။

မြန်မာနိုင်ငံတွင် အခြေခံပညာကျောင်းများ ကျောင်းအပ်ရမည့်သီတင်းပတ်ကို မေလ ၂၂ ရက်မှ ဇွန်လ ၁ ရက်အထိသတ်မှတ်ပေးထားသော်လည်း အကြောင်းကြောင်းကြောင့် ကျန်ရှိနေသူများလွယ်ကူချောမွေ့စေရေးအတွက် ကျောင်းအပ်လက်ခံခြင်းကို ဇွန်လကုန်အထိသတ်မှတ်ပေးထားသည်။ ဇွန်လ ၂ ရက်နေ့ ကျောင်းများဖွင့်လှစ်ရာတွင် အခြေခံကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့်ပုဂ္ဂလိကကျောင်းများအားလုံးဖွင့်လှစ်ခြင်းဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းသား၊ ကျောင်းသူများအား အခမဲ့ပညာရေးစနစ်ဆောင်ရွက်ပေးထားသည့်အတွက် မည်သည့်အခကြေးငွေမှ ကောက်ခံခြင်းမရှိသည့်အပြင် မူလတန်းမှအထက်တန်းအထိ ကျောင်းသုံးဗလာစာအုပ်၊ ဖတ်စာအုပ်၊ ဘောပင်၊ ခဲတံနှင့်ကျောင်းဝတ်စုံများကိုလည်း အခမဲ့ဖြန့်ဝေပေးသည်။

ကျောင်းသား၊ ကျောင်းသူများအဆင်ပြေချောမွေ့စွာ ကျောင်းတက်ရောက်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများကကြိုတင်ပြင်ဆင်မှုအနေဖြင့် စာသင်ခန်းအတွင်း၌ စာသင်ခုံများစနစ်တကျနေရာချထားခြင်း၊ ဘာသာရပ်အလိုက်စာသင်ချိန်ဇယားများစနစ်တကျစီမံထားခြင်း၊ ကျောင်းတက်၊ ကျောင်းဆင်းအချိန်စာရင်းများအသိပေးကြေညာထားခြင်း၊ ကျောင်းသား၊ ကျောင်းသူများသန့်ရှင်းသပ်ရပ်စွာ ပညာသင်ကြားနိုင်ရေးအတွက် ကျောင်းဥပဓိရုပ်ကောင်းမွန်စေရန်နှင့် ကျောင်းဝန်းကျင်သန့်ရှင်းသာယာလှပစေရေး ဆောင်ရွက်ထားခြင်း၊ ပညာရေးဝန်ကြီးဌာနက ချမှတ်ထားသည့်သတိပေးကြေညာချက်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့်ဆောင်ပုဒ်များစိုက်ထူထားခြင်း၊ ကျောင်းကြို/ပို့ယာဉ်များစီစဉ်ထားခြင်းနှင့်မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ လုံခြုံရေးဆောင်ရွက်ပေးခြင်းတို့ကို ပြည့်စုံစွာစီမံဆောင်ရွက်ထားသည်။ ကျန်းမာရေးနှင့်ပတ်သက်၍လည်း ကျောင်းမဖွင့်မီကတည်းက ကျောင်းတွင်း စာသင်ခန်းများကို ခြင်ဆေးဖျန်းခြင်း၊ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရန်အတွက် ကျောင်းတွင်းရှိရေတွင်း၊ ရေကန်များကို အဘိတ်ဆေးခတ်ခြင်းများဆောင်ရွက်ထားရှိပြီးဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူများသည်အရွယ်ရောက်လာသည်နှင့်အမျှ လူမှုပတ်ဝန်းကျင်တွင်ကောင်းမွန်စွာပြောဆိုဆက်ဆံတတ်စေရေးနှင့် တရားဥပဒေကိုလိုက်နာစေရေးတို့အတွက် သင်ရိုးညွှန်းတမ်းနှင့်ညွှန်ကြားချက်အရ အတန်းအချိန်ဇယားများတွင် စာဖတ်ချိန်နှင့်ဥပဒေဘာသာရပ်အပါအဝင် စာသင်ချိန်ရှစ်ချိန်ထည့်သွင်းထားသည်။ နိုင်ငံသားတိုင်းအနေဖြင့် အသက် ၁၈ နှစ်ပြည့်ပြီးသည်နှင့် နိုင်ငံတော်၏ ဥပဒေအကြောင်းအရာများကိုမဖြစ်မနေသိရှိနေကြရမည်ဖြစ်သည်။ ထို့ကြောင့် ဥပဒေဘာသာရပ်ကို အထက်တန်းအဆင့် Grade-11 နှင့် Grade-12 အတွက်ထည့်သွင်းရေးဆွဲထားသည်။ ဥပဒေပညာ၊ စာရိတ္တနှင့်ပြည်သူ့နီတိ၊ ဘဝတွက်တာကျွမ်းကျင်စရာ၊ အနုပညာ(ပန်းချီ)၊ (ဂီတ)၊ ကာယပညာနှင့်ဒေသ/စာကြည့်တိုက်ဆိုင်ရာ ဘာသာရပ်များကိုလည်း လိုအပ်သည့်အတန်းများအလိုက် သင်ကြားပေးမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေးဦးတည်ချက်တွင် "တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး၊ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး၊ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေးဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး" ဟူ၍ချမှတ်ထားသည်။ အဆိုပါဦးတည်ချက်များမှာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ထူးချွန်ထက်မြက်သောလူငယ်များပေါ်ထွန်းလာရေးဦးတည်ဆောင်ရွက်ခြင်းဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူများအနေဖြင့်လည်း " ယနေ့လူငယ်၊ နောင်ဝယ်လူကြီး၊ သင်လည်းတစ်ဦး၊ သားထူးသားမြတ်၊ ဖြစ်အပ်ရာသည်" ဆိုသည့်အတိုင်း နိုင်ငံတော်၏အနာဂတ်ကိုပိုမိုလှပအောင်စွမ်းဆောင်နိုင်သူများအဖြစ် ပညာရေးကိုပေါက်မြောက်အောင်မြင်အောင် သင်ကြားကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန်ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

တောင်ကြီး ဇွန် ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ ပြည်နယ်အားကစားကွင်း၌ ဇွန်လ ၇ ရက်တွင် ၂၀၂၅ ခုနှစ် ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်များအလိုက် အသက်၁၈ နှစ်အောက်အမျိုးသားဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကျင်းပသည်။

ရှေးဦးစွာ ဗိုလ်လုပွဲစဉ်အဖြစ် တာချီလိတ်မြို့နယ်အသင်းနှင့် ရပ်စောက်မြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ယှဉ်ပြိုင်ကစားနေမှုများကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများက ကြည့်ရှုအားပေးရာ တာချီလိတ်မြို့နယ်အသင်းက ရပ်စောက်မြို့နယ်အသင်းကို ၄ ဂိုး ၁ ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသည်။

ဆက်လက်၍ ဆုပေးပွဲကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် တာဝန်ရှိသူတို့က ပူးတွဲတတိယဆုရရှိသော ဟိုပုံးမြို့နယ်အသင်းနှင့် ပင်းတယမြို့နယ်အသင်းတို့အား ငွေကျပ် ၅ သိန်းစီကိုလည်းကောင်း၊ ဒုတိယဆုရရှိသော ရပ်စောက်မြို့နယ်အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေကျပ် ၇ သိန်းကိုလည်းကောင်း၊ အကောင်းဆုံးဂိုးသမားဆု၊ နောက်တန်းအကောင်းဆုံးဆု၊ အလယ်တန်းအကောင်းဆုံးဆု၊ ရှေ့တန်းအကောင်းဆုံးဆုနှင့် ပွဲစဉ်တစ်လျှောက်အကောင်းဆုံးအားကစားသမားဆု ရရှိသူများကို ဆုတံဆိပ်နှင့်ငွေကျပ်တစ်သိန်းစီတို့အားလည်းကောင်း၊ ပထမဆုရရှိသော တာချီလိတ်မြို့နယ်အသင်းကို တစ်ဦးချင်းဆုတံဆိပ်၊ ငွေကျပ် ၁၀ သိန်းနှင့် ပထမဆုဖလားတို့ကိုလည်းကောင်း အသီးသီးဆုများပေးအပ်သည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို မေလ ၂၁ ရက်မှ ဇွန်လ ၇ ရက်အထိ ကျင်းပခဲ့ပြီး ဘောလုံးအသင်း မြို့နယ်အသင်းပေါင်း ၂၃ သင်း ယှဉ်ပြိုင်ကစားကြောင်း သိရသည်။ (၄၀၅)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၉-၆-၂၀၂၅(တနင်္လာနေ့)

၁။ ၀၉:၀၀ Sport News
၂။ ၁၁:၅၀ ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင်
၃။ ၁၅:၀၀ Jumping For You
၄။ ၁၆:၄၀ I Music
၅။ ၁၈:၂၀ ဂုဏ်ယူအလွမ်း
၆။ ၂၂:၂၀ Goodnight Listeners

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ယခုဘဏ္ဍာနှစ်တွင် ပြည်ပသို့ မြန်မာ့ရော်ဘာများကို တန်ချိန်တိုးမြှင့်တင်ပို့နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိ

ရန်ကုန် ဇွန် ၈

ယခုဘဏ္ဍာနှစ်တွင် ပြည်တွင်းမှထွက်ရှိသော ရော်ဘာများကို ပြည်ပသို့ တန်ချိန်တိုးမြှင့်တင်ပို့နိုင်ရန်စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း အထွေထွေအတွင်းရေးမှူး ဦးခိုင်မြင့်၏ပြောကြားချက်အရ သိရသည်။

ပြည်တွင်းမှထွက်ရှိသောရော်ဘာများကို နှစ်စဉ် တရုတ်၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဂျပန်၊ အိန္ဒိယနှင့် ဗီယက်နမ် စသည့်နိုင်ငံများသို့တင်ပို့လျက်ရှိပြီး ယခုဘဏ္ဍာနှစ်တွင် ပြည်ပသို့ မြန်မာ့ရော်ဘာ တန်ချိန် ၃၅၀၀၀၀ ကျော်အထိတင်ပို့နိုင်ရန် ရည်မှန်းချက်ထား စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့ဘဏ္ဍာနှစ်က ပြည်ပနိုင်ငံတွေကို မြန်မာ့ရော်ဘာတန်ချိန် သုံးသိန်းနီးပါး တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ သန်း ၅၀၀ နီးပါးရရှိခဲ့ပါတယ်။ ဒီဘဏ္ဍာနှစ်မှာတော့ တန်ချိန် ၃၅၀၀၀၀ နဲ့ ၃၈၀၀၀၀ ကြား တင်ပို့နိုင်အောင် စီစဉ်ဆောင်ရွက်နေပါတယ်။ အများဆုံးအနေနဲ့ တရုတ်နိုင်ငံကို ၇၅ ရာခိုင်နှုန်းလောက်အထိ တင်ပို့ဖြစ်ပါတယ်။ ဒါ့ပြင် မလေးရှား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ အိန္ဒိယ၊ ဂျပန် စတဲ့နိုင်ငံတွေကိုလည်း တင်ပို့နေပါတယ်"ဟု ဦးခိုင်မြင့်ကပြောသည်။



ယခုအခါ ကမ္ဘာ့တစ်ဝန်း စည်းစနစ်မကျသော ရော်ဘာစိုက်ပျိုးမှုများကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနှင့် ရာသီဥတုပြောင်းလဲမှုများကို လျှော့ချနိုင်ရေးအတွက် Sustainable Natural Rubber(SNR) ကျင့်စဉ်နှင့်အညီ စိုက်ပျိုးထုတ်လုပ်မှုကို ဦးစားပေးဆောင်ရွက်လာကြပြီး ပြည်တွင်း၌လည်း အလားတူစိုက်ပျိုးထုတ်လုပ်နိုင်စေရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပြည်တွင်း၌ အရည်အသွေးပြည့်မီသော အဆင့်မြင့်ရော်ဘာများထုတ်လုပ်ကာ ပြည်ပသို့ တိုးမြှင့်တင်ပို့နိုင်စေရန်ရည်ရွယ်ချက်ဖြင့် နိုင်ငံအတွင်းရှိ ရော်ဘာလုပ်ငန်းရှင်များကို နိုင်ငံတော်မှ ချေးငွေများထုတ်ချေးပေးလျက်ရှိပြီး အထူးသဖြင့် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးထားသော ရော်ဘာမှိုင်းရုံလုပ်ငန်းရှင်များကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ သက်သာသောအတိုးနှုန်းဖြင့် ချေးငွေများ ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

ဆောင်းဦး

# မြိတ်မြို့နယ်၌ ယခုနှစ်မိုးစပါးစိုက်ပျိုးရာသီတွင် ပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူများအား စပါးမျိုးကောင်းမျိုးသန့်များပံ့ပိုးပေးအပ်



မြိတ် ဇွန် ၈

စိုက်ပျိုးရေးဦးစီးဌာနမှ ယခုနှစ်မိုးစပါးစိုက်ပျိုးရာသီတွင် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ပေါင်ပျိုး၊ ရိုးရိုးပျိုး၊ တိုက်ရိုက်မျိုးစေ့ချစိုက်နည်းစနစ်များဖြင့်စိုက်ပျိုးမည့် အကျိုးဆောင်တောင်သူများအား စပါးမျိုးကောင်းမျိုးသန့်များ ပံ့ပိုးပေးအပ်ပွဲကို ဇွန်လ ၈ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအုပ်စု ကျွဲကူးကျေးရွာရှိ စိုက်ပျိုးနည်းပညာပြန့်ပွားရေးစင်တာ၌ ကျင်းပသည်။

ရှေးဦးစွာ မြိတ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးပြည်ဟိန်းကျော်က အဖွင့်အမှာစကားပြောကြားပြီး မြိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြတ်စိုးက ယခုနှစ်မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် စပါးမျိုးကောင်းမျိုးသန့်များ ပံ့ပိုးပေးအပ်ရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ယခုနှစ်မိုးစပါးစိုက်ပျိုးရာသီတွင် မြိတ်မြို့နယ်အတွင်းရှိ စန္ဒဝတ်၊ ကျောက်ဖျာ၊ သမုတ်၊ သဘွတ်၊ ပင်းအို၊ အင်္ဂဇော်၊ ပသောင်း၊ မင်းသန်း၊ မဇေ၊ ကပဟန်း၊ စလူန် စသည့်ကျေးရွာများ၌ မိုးစပါးစိုက်ပျိုးမည့် တောင်သူ ၃၈၅ ဦးအတွက် တစ်ဦးလျှင် စပါးမျိုးကောင်းမျိုးသန့်ဖြစ်သည့် ဆင်းသုခစပါးမျိုးတစ်အိတ်နှုန်းဖြင့် စုစုပေါင်း ၃၈၅ အိတ်ကို မြိတ်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးပြည်ဟိန်းကျော်နှင့်တာဝန်ရှိသူများက တောင်သူများလက်ဝယ်အရောက် ပံ့ပိုးပေးအပ်ကြသည်။

အခမ်းအနားသို့ မြိတ်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးပြည်ဟိန်းကျော်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြတ်စိုးနှင့်ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စန္ဒဝတ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိုးအောင်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

# သမဝါယမအသင်းသားတောင်သူ ၂၀၀၀၀ ကျော်၏ မိုးစပါးဧက ၁၆၀၀၀၀ ကျော်အတွက် စပါးမျိုးများနှင့် သွင်းအားစုများ ပံ့ပိုးပေးမည်

ရန်ကုန် ဇွန် ၈

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာနအနေဖြင့် ယခုဘဏ္ဍာနှစ်တွင် သမဝါယမအသင်းသားတောင်သူ ၂၀၀၀၀ ကျော်၏ မိုးစပါးဧက ၁၆၀၀၀၀ ကျော်အတွက် စပါးမျိုးများနှင့် သွင်းအားစုများ ပံ့ပိုးပေးမည်ဖြစ်ကြောင်း သမဝါယမဦးစီးဌာနမှ သိရသည်။

ထိုသို့ပံ့ပိုးပေးရာတွင် တစ်ဧကပန်းတိုင်အထွက်နှုန်းပြည့်မီစေရန် ဒေသအလိုက် ရေ၊ မြေ၊ ရာသီဥတုအနေအထားနှင့် ကိုက်ညီမည့်စပါးမျိုးများနှင့် သွင်းအားစုများကို ရွေးချယ်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးစပါးစိုက်ပျိုးရာသီမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၃ ခု မြို့နယ်ပေါင်း ၁၁၇ မြို့နယ်မှာရှိတဲ့ သမဝါယမအသင်းပေါင်း ၇၆၃ သင်းက အသင်းသားတောင်သူ ၂၀၁၉၄ ဦးက မိုးစပါးဧက ၁၆၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားဆောင်ရွက်နေပါတယ်။ အဲဒီအတွက် တစ်ဧကကို ငွေကျပ်နှစ်သိန်းခွဲနဲ့ညီမျှတဲ့စပါးမျိုးတွေနဲ့ သွင်းအားစုတွေ ပံ့ပိုးပေးမှာဖြစ်ပါတယ်"ဟု သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးအောင်ကပြောသည်။

နိုင်ငံတစ်ဝန်းမှသမဝါယမအသင်းသားတောင်သူများ ယခုနှစ်မိုးစပါးစိုက်ပျိုးရာသီတွင် တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိစေရန်အတွက် အဓိကအားဖြင့် အောင်နိုင်တိုး၊ ထိုင်းနံ့ကောက်၊ မော်ဘီ - ၃ နှင့် GW- 11 စသည့်စပါးမျိုးကောင်းမျိုးသန့်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စိုက်ပျိုးနိုင်စေရန် သက်ဆိုင်ရာမှ ပံ့ပိုးပေးမည်ဖြစ်သည်။

ထို့ပြင် လယ်ယာမြေများနှင့်လိုက်လျောညီထွေမှုရှိမည့် သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာ စသည့်သွင်းအားစုများကိုလည်း သေချာရွေးချယ် ပံ့ပိုးပေးမည်ဖြစ်ပြီး စိုက်ဧက ၁၆၀၀၀၀ ကျော်အတွက် စုစုပေါင်း ငွေကျပ် ၄၀ ဘီလီယံခန့် တန်ဖိုးရှိသော စပါးမျိုးများနှင့်သွင်းအားစုများ ပံ့ပိုးပေးရန်စီစဉ်ထားကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသာယာပြောပြေရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး တခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်လျက်ရှိကြောင်း သိရသည်။

ဆောင်းဦး

မြဝတီ ကာတွန်း



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

တစ်နေ့သ၌ ကျွန်ုပ်သည် ကိုသိန်းဖေအား ကိုခင်မောင်တင့်နှင့်ပတ်သက်၍ ကျေနပ်ဖွယ်သောအချက်များနှင့် မကျေနပ်သောအချက်လေးများအကြောင်းကို ရင်းနှီးသော မိတ်ဆွေချင်းပီပီ ပြောပြမိရာ မကျေနပ်သောအချက်တစ်ခုမှာ ကိုခင်မောင်တင့်သည် မန္တလေးမိဘမဲ့ကျောင်းထိမှ ငွေ ၅၀၀၀ ကျပ်ပေါက်စဉ်က ကျွန်ုပ်အား မပြောဘဲနေကြောင်း၊ ကျွန်ုပ်က သတင်းကြား၍ သွားသောအခါ ကိုခင်မောင်တင့်က "ကျုပ်တော့ အခု မသောက်တော့ဘူးဗျ။ ရော့ ခင်ဗျားသောက်ဖို့ ငွေငါးကျပ် ယူသွားပေတော့" ဟု ထုတ်ပေးရာ ကျွန်ုပ်က "နေပါစေ ကျုပ်မှာ ပိုက်ဆံပါပါတယ်" ဟု ပြန်ပြောကာ မယူဘဲနေခဲ့ကြောင်း ပြောပြလေသည်။ ကိုသိန်းဖေသည် ကျွန်ုပ်၏စကားကို ကြားရသောအခါ "ခင်ဗျာ့လူ ရှော်လိုက်လေဗျာ၊ ဒါနဲ့တောင် ခင်ဗျားက သူ့ကို မိတ်ဆွေကောင်းကြီးတစ်ယောက် လုပ်ပြီး ပေါင်းသင်းနေတာ အံ့သြပါရဲ့"ဟု ပြောလေသည်။ ဤတွင် ကျွန်ုပ်က "သူညံ့တဲ့နေရာမှာ ညံ့တာပဲဗျာ၊ သို့သော် ကျုပ်စိတ်ထဲမှာတော့ ကျုပ်အမေကို သူ ချီးမွမ်းပုံစကားလုံးလေးကို ခဏခဏသတိရပြီး သူဘယ်လောက်ဆိုးဆိုး ခွင့်လွှတ်နိုင်တယ်ဗျာ" ဟုပြော၍ မိခင်အား ကိုခင်မောင်တင့် ချီးကျူးဖူးသည့်စကားကို ပြောပြရသေးသည်။ ထိုအခါမှ ကိုသိန်းဖေက "ဒီလိုဆိုတော့လည်း ခင်ဗျား မှန်တာပေါ့။ ကိုယ့်လူက စကားလုံးရွေးပုံနေရာကျပေတယ်ဗျာ၊ ခင်ဗျားအမေကို သူနားလည်တယ်ဆိုလို့ ကျုပ်လည်းပဲ သူ့ကိုခွင့်လွှတ်ပါတယ်။ သူလုပ်ပုံကတော့ တော်တော်ဆိုးတယ်ဗျ"

"ဆိုးတာကတော့ မပြောနဲ့တော့ဗျာ၊ သူ့ ငါးကျပ်တန်စက္ကူနဲ့ သူ့မျက်နှာကို ပြန်ပေါက်ခဲ့ချင်တာပဲ၊ အမေ့အကြောင်း ပြောဖူးပုံလေးကြောင့် အောင့်ခံခဲ့နိုင်တာပဲ"

"မိတ်ဆွေဆိုတာ ဒီလိုပဲလေဗျာ၊ ကောင်းတဲ့အချက်လေးတွေ ရှာကြည့်ပြီးပေါင်းသင်းကြရတာပေါ့၊ သို့သော် ဘာပြောပြော သူ့လုပ်ပုံကို ခင်ဗျားသည်းခံခဲ့တာတော့ တော်ပေတယ်ဗျာ"

"ကျုပ်ပြောခဲ့တဲ့အတိုင်း အမေ့ကြောင့်ပါပဲဗျာ"

ကိုခင်မောင်တင့်ကား ငွေရေးကြေးရေးနှင့်ပတ်သက်၍ တစ်ခါတစ်ရံ တော်တော်ခွကျသူတစ်ယောက်ဖြစ်လေသည်။

## လူ့စိတ်သဘာဝတစ်ခု

တစ်နေ့သ၌ ကိုသိန်းဖေသည် ကျွန်ုပ်၏နေအိမ်၌ တည်းခိုလျက်ရှိသည်ဖြစ်၍ ကျွန်ုပ်နှင့်အတူ နံနက်စာစားပြီးကြသောအခါ သူ၏ညီဝမ်းကွဲတစ်ယောက်ရှိသည့် ကုန်သည်လမ်းသို့ အလည်သွားရန် ကျွန်ုပ်နှင့်အတူ လိုက်လာ၏။ အစီအစဉ်မှာ သူ့အား ကုန်သည်လမ်းသို့လိုက်ပို့ပြီး ကျွန်ုပ်က သူရိယတိုက်သို့ သွားရန်ဖြစ်၏။ ကျွန်ုပ်တို့သည် ကျောက်မြောင်းမှ ထရော်လီဘတ်စ်နှင့် လိုက်လာကြ၍ စတော့ဂိတ်တံတားကြီးသို့ ရောက်ကြသောအခါ ကိုသိန်းဖေက သူ့ညီအိမ်သို့ တိုက်ရိုက်မသွားလိုတော့ကြောင်း သူရိယတိုက်သို့ ကျွန်ုပ်နှင့် လိုက်လာပြီးလျှင် ကျွန်ုပ် အလုပ်ပြီးချိန် (၁၂ နာရီလောက်) တွင်မှ ကျွန်ုပ်နှင့်အတူ သူ့ညီအိမ်သို့ သွားတော့မည်ဖြစ်ကြောင်း ပြောလေ၏။ ကျွန်ုပ်အဖို့ရာ၌ အလွန်ခွကျလျက်ရှိလေပြီ။ ခွကျပုံမှာကား ကိုသိန်းဖေသည် ကျွန်ုပ်၏တယောင်တဆောင်ရှိသော နေရာထိုင်ခင်းကို အားပါးတရ ချီးကျူးပြောဆိုဖူးသူဖြစ်ရာ ယခုမှာ ထိုနေရာကို ကိုသိန်းမောင်အား ပေးလိုက်ရပြီဖြစ်၍ အခန်းကလေးကျဉ်းကျဉ်းတွင် ကျွန်ုပ် ထိုင်လျက်ရှိနေခြင်းကို ကိုသိန်းဖေ မမြင်စေလိုသောကြောင့် ဖြစ်လေသည်။

ကိုသိန်းဖေသည် ကျွန်ုပ်၏နေရာအကြောင်းကို ဘာမျှမပြောဖူးလျှင် ကိစ္စမရှိ။ ယခုမှာ ဝမ်းသာအားရချီးကျူးပြောဆိုဖူးသည့်အပြင် လခတိုးသည်ဆိုပြီး နေရာကတော့ လျှောဆင်းသွားရသလောဟု မေးလိုက်မည်ကိုလည်း ကျွန်ုပ်ကြောက်လှသည်။ လောက၌ လူတို့သည် အရေးကြီးသယောင်နှင့် အရေးမကြီးသောကိစ္စမျိုးကိုလည်းကောင်း၊ အရေးမကြီးသယောင်နှင့် အရေးကြီးသောကိစ္စမျိုးကိုလည်းကောင်း ကြုံရတတ်သည်ဖြစ်ရာ ဤကိစ္စမှာ ဒုတိယအမျိုးအစားဖြစ်သည်ဟု ကျွန်ုပ်ယူဆ၏။ တချို့လူများက 'ဒါလောက်ဟာ ဘာအရေးကြီးလို့လဲ' ဟု ပြောကြမည်လော မဆိုနိုင်ပေ။ ကျွန်ုပ်ကပင် မှားလေသလောမဆိုနိုင်ပေ။ ကျွန်ုပ်အဖို့ရာ၌မူ ကျွန်ုပ်၏နေရာ ရွှေ့ပြောင်းရခြင်းကို မည်သည့်နည်းနဲ့မျှ ကိုသိန်းဖေ အသိမခံနိုင်ချေ။ ကိုသိန်းမောင်က နေရာချင်းလဲပါဆိုသောကြောင့် ကျွန်ုပ်က လဲပေးလိုက်ပါသည်ဟု ပြောလျှင်လည်း ကိုသိန်းဖေက ယုံလိမ့်မည်မဟုတ်ချေ။ အမှန်မှာ ကျွန်ုပ်သည် ကျွန်ုပ်၏အခွင့်အရေးကို အလွယ်တကူစွန့်လွှတ်ပေးလောက်အောင် သဘောကောင်းလှသောလူတစ်ယောက်ဟူ၍လည်း ကိုသိန်းဖေ မယူဆချေ။

ကျွန်ုပ်သည် တစ်သက်တာတွင် အကျဉ်းအကျပ်ပေါင်း တွေ့ခဲ့ရဖန်များလှသည့်အနက် ဤတစ်ကြိမ်ကဲ့သို့ မဖြစ်စလောက်နှင့် အကျပ်ကျခြင်းကို ကြုံရဖူးသည်မထင်ပါ။ ထရော်လီဘတ်စ်သည် ဖရေဇာလမ်းသို့ ရောက်လာပြီဖြစ်၍(သူရိယတိုက်သို့သွားကြရန်အတွက်) ကိုသိန်းဖေက ရပ်ခိုင်းဖို့ ကျွန်ုပ်အား သတိပေးလျက်ရှိရာ ကျွန်ုပ်မှာ သူ့အား သူရိယတိုက်သို့ ခေါ်သင့်၊ မခေါ်သင့်ကို မဆုံးဖြတ်နိုင်သေးဘဲဖြစ်နေ၏။ အခက်အခဲတစ်ခုမှာ တစ်ဖက်၌ ကိုသိန်းဖေအား မည်သည့်နည်းနှင့်မျှ သူရိယတိုက်သို့ခေါ်၍မဖြစ်ဟု ဆုံးဖြတ်ထားသော်လည်း တခြားတစ်ဖက်၌ "ဒီလောက်က ဘာအရေးကြီးသလဲ၊ ခေါ်သွားလိုက်ပေါ့" ဟူသော အယူအဆကလည်း တိုက်တွန်းလျက်ရှိ၏။ ကျွန်ုပ်အား ညံ့သည်ဟုဆိုကြလျှင်လည်း တုံ့ပြန်ခြင်းဆိုရန်အလိုမရှိပါ။ ကိုသိန်းဖေက သတိပေးသောအခါ ကျွန်ုပ်၏နဖူးတွင် ချွေးများပြန်လျက်ရှိပါသည်။

"ဖရေဇာလမ်း မဟုတ်ဘူးလားဗျ၊ ဘဲလ်ကိုဆွဲလေဗျာ"

"ဟာ ဒီကနေ့ ဦးဘကလေးနဲ့ စကားပြောစရာရှိတယ်ဗျို့၊ ခင်ဗျားလိုက်လို့မဖြစ်ပေဘူး"

ကျွန်ုပ်နှင့်ကိုသိန်းဖေမှာ တစ်ယောက်ကိုတစ်ယောက် လိမ်လည်ဖို့မလိုဘဲ ကိစ္စဟူသမျှတွင် အရင်းအတိုင်းပြောလေ့ရှိသူနှစ်ယောက်ဖြစ်ကြလေရာ အရေးမကြီးလှဘဲနှင့် ဤတစ်ကြိမ် လိမ်ရခြင်းအတွက် ကျွန်ုပ် ရှက်မိပါသည်။ ဤသို့သော အကျဉ်းအကျပ်တွေ့မှုကြောင့် ကိုသိန်းမောင်၏ နှုတ်အာရဲစွာနှင့် တောင်းခံခြင်းအတွက် ကျွန်ုပ်၏စိတ်ထဲတွင် ပို၍မကျေမနပ်ဖြစ်မိလေသလော မပြောတတ်ပေ။ ဤကိစ္စမဖြစ်ပေါ်ခဲ့လျှင် နေရာလဲလှယ်ရခြင်း

> **"ကျွန်ုပ်နှင့်ကိုသိန်းဖေမှာ တစ်ယောက်ကိုတစ်ယောက် လိမ်လည်ဖို့မလိုဘဲ ကိစ္စဟူသမျှတွင် အရင်းအတိုင်းပြောလေ့ရှိသူနှစ်ယောက်ဖြစ်ကြလေရာ အရေးမကြီးလှဘဲနှင့် ဤတစ်ကြိမ်လိမ်ရခြင်းအတွက် ကျွန်ုပ် ရှက်မိပါသည်။ ဤသို့သော အကျဉ်းအကျပ်တွေ့မှုကြောင့် ကိုသိန်းမောင်၏ နှုတ်အာရဲစွာနှင့်တောင်းခံခြင်းအတွက် ကျွန်ုပ်၏စိတ်ထဲတွင် ပို၍မကျေမနပ်ဖြစ်မိလေသလော မပြောတတ်ပေ။ ဤကိစ္စမဖြစ်ပေါ်ခဲ့လျှင် နေရာလဲလှယ်ရခြင်းတည်း ဟူသောအဖြစ်အပျက်သည် ကျွန်ုပ်၏ဦးခေါင်းထဲတွင် အမှတ်ထင်လျက် ကျန်ကောင်းမှကျန်ပေတော့မည်. . ."**

တည်းဟူသောအဖြစ်အပျက်သည် ကျွန်ုပ်၏ဦးခေါင်းထဲတွင် အမှတ်ထင်လျက် ကျန်ကောင်းမှ ကျန်ပေတော့မည်။ လဲလှယ်ရစဉ်က မကျေမချမ်းဖြစ်သည်ဟု ဝန်ခံခဲ့သော်လည်း ယခုတင်ပြခြင်းမှုကား မကျေမချမ်းဖြစ်လျက်ပင်ရှိသေးသောကြောင့်မဟုတ်။ အဖြစ်အပျက်များသည် ဘယ်ကဲ့သို့ အမှတ်ထင်လျက်ကျန်ရစ်တတ်သည်ဆိုသည့် လူ့စိတ်သဘောကို တင်ပြလိုသောကြောင့်သာဖြစ်ပါသည်။

## အမှုဆိုင်ရာ သွားခြင်း

၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့သည်ကား မန္တလေးရုံးတွင် ဒေါက်တာသိန်းမောင်ကစွဲထားသည့်အမှုကို တရားရင်ဆိုင်ကြရန် ချိန်းထားသောနေ့ဖြစ်၏။ ဤတစ်ခေါက်တွင် ဦးဘကလေးက နေမကောင်းသဖြင့် မလိုက်နိုင်ဟုဆိုရာ ကိုသိန်းဖေကို ခေါ်လာခဲ့သည်။ ယခင်တစ်ခေါက်ကလည်း ဦးဘကလေး မလိုက်ခဲ့ချေ။ အမှန်မှာ တရားခံသုံးယောက်ရှိသည့်အနက် (ဦးဘိုးညွှင်းနှင့် ကျွန်ုပ်) နှစ်ယောက်လိုက်လျှင် ရုံးတော်က ကျေနပ်ပုံရ၏။ ဒေါက်တာသိန်းမောင်၏ ရှေ့နေက ဦးဘကလေးမပါသည့်အတွက် ကန့်ကွက်သေးသော်လည်း တရားသူကြီးက ကန့်ကွက်ချက်ကို ပယ်လိုက်သည်။ ကျွန်ုပ်အဖို့မှာမူ ဦးဘကလေးမပါသည့်အတွက် ဝမ်းသာလှသည်။

အဘယ်ကြောင့်ဆိုသော် ဦးဘကလေးပါခဲ့လျှင် ကျွန်ုပ်မှာ သူနှင့်အတူ ဒုတိယတန်းစီးရမည်ဖြစ်၍ ကိုသိန်းဖေအတွက် တာဝန်လေးချေတော့မည်၊ သူတစ်ယောက်တည်း တတိယတန်းစီးစေ၍လည်း မကောင်း၊ ကျွန်ုပ်ပါ တတိယတန်း စီးလျှင်လည်း ဦးဘကလေးက ကျွန်ုပ်အား အမြတ်ထုတ်သည်ဟု ထင်ချေတော့မည်။ ကိုသိန်းဖေကို ဒုတိယတန်းဖြင့် ခေါ်ခဲ့လျှင်လည်း ကျွန်ုပ်အဖို့ တာဝန်လေးလွန်းအားကြီးချေတော့မည်။ သို့ဖြစ်၍ ဦးဘကလေးမလိုက်ခြင်းအတွက် ကျွန်ုပ် ဝမ်းသာခြင်းဖြစ်လေသည်။

ထိုခေတ်၌ တတိယတန်းပင်ဖြစ်သော်လည်း လက်မှတ်တစ်စောင်အတွက် တစ်ကျပ်ရှစ်ပဲပိုပေးခဲ့လျှင် အိပ်ဖို့နေရာပေးနိုင်သည့် တွဲတစ်တွဲ သီးသန့်ရှိ၏။ ယင်းသီးသန့်တွဲတွင် အိပ်ရန်အတွက် နှစ်ထပ်လုပ်ထား၍ လူတစ်ယောက်နှင့်တစ်ယောက်ကြားတွင် ရာဇမတ်ကွက်လေးများ ရိုက်ထား၏။

**ဆက်လက်ဖော်ပြပါမည်။**

---

# တောင်တွင်းကြီးမြို့နယ် ကြီးအင်းကုန်းကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

တောင်တွင်းကြီး ဇွန် ၈

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပန်းတောငယ်ကျေးရွာအုပ်စု ကြီးအင်းကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ဇွန်လ ၈ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခုတ်မွန်းလျှန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ ကြီးအင်းကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ လစဉ်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားရှိမှုနှင့် စီမံကိန်းဆိုင်ရာညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အဆိုပါ ကြီးအင်းကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၁ ဦးအတွက် ငွေကျပ် ၂၅၃ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၃ ဦးအတွက် ငွေကျပ် ၁၄၆ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူတစ်ဦးအတွက် ငွေကျပ် နှစ်သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၁၅ ဦးအတွက် စီမံကိန်းလည်ပတ်ရန်ပုံငွေ ငွေကျပ် ၄၀၁ သိန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

နွဲ့ယဉ်

# စစ်ကိုင်းမြို့၊ သောတာပန်ရပ်ကွက်တွင် တည်ထားကိုးကွယ်မည့် ရွှေဘုံသာစေတီတော်အသစ်အား မြေသန့်ပရိတ်ရွတ်ဖတ်ပူဇော်ပွဲအခမ်းအနားကျင်းပ



ဆရာတော်ထံ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

နေပြည်တော် ဇွန် ၈

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ သောတာပန်ရပ်ကွက်၊ လေးကျွန်းမာရ်အောင် ဘုရားပရိဝုဏ်အတွင်း ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးသွားသည့် ရွှေဘုံသာစေတီတော်မြတ်ကြီးအား အသစ်ပြန်လည်တည်ထားကိုးကွယ်မည့်မြေနေရာအား မြေသန့်ပရိတ်ပူဇော်ပွဲကို ယနေ့နံနက်ပိုင်းတွင်ပြုလုပ်ရာ အခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော်၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဂန္ထဝါစကပဏ္ဍိတ ဓမ္မကထိကဗဟုဇနဟိတဓရ၊ အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ စည်သူဘွဲ့ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒေါက်တာဆေကိန္ဒ အမှူးပြုသော သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို "နမောတဿ"သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး ရတနာဂူဝံချောင်ကျောင်းတိုက်၏ ဩဝါဒါစရိယဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိကထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် ဆရာတော်၊ သံဃာတော်များမှ မြေသန့်ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ကြသည်။ ၎င်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိကထံမှ အနုမောဒနာတရားနာယူကြပြီး ရေစက်သွန်းချ အမျှဝေကြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တက်ရောက်လာကြသူများက သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအတွင်း ရေသန့်စက်ထားရှိမည့် အဆောက်အအုံသစ်ဆောက်လုပ်နေမှုအခြေအနေအား ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင် မြစ်သားမြို့နယ်အတွင်း ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများအား စက်ရုံထုတ်ဈေးနှုန်းဖြင့် ရောင်းချပေးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဇွန် ၈

မြန်မာနိုင်ငံတွင်လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့၊ သောတာပန်ရပ်ကွက်သကျဓီတာသီလရှင်စာသင်တိုက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို စက်ယန္တရားကြီးများဖြင့် အရှိန်အဟုန်မြှင့် ဖယ်ရှားရှင်းလင်းပေးနေမှုတို့အားလည်းကောင်း၊ ပိုးတန်းရပ်ကွက် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းရှိ (၃) ထပ်ဆောင်အား ရှင်းလင်းနေမှုအခြေအနေများ၊ ရေသန့်စက်ထားရှိမည့် အဆောက်အအုံအသစ် ဆောက်လုပ်နေမှုအခြေအနေများနှင့် စာသင်ကျောင်းအတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ပြီးစီးမှုအခြေအနေများအားလည်းကောင်း၊ မင်းလမ်းရပ်ကွက် ရတနာဗိမာန် ထူပါရုံရွှေကျောင်းတိုက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို စက်ယန္တရားကြီးများဖြင့် အရှိန်အဟုန်မြှင့် ဖယ်ရှားရှင်းလင်းပေးနေမှုတို့အားလည်းကောင်း၊ စီတီးရပ်ကွက် ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သော ရာဇမဏိစူဠာကောင်းမှုတော်စေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း သာသနိကအဆောက်အအုံများ ဖယ်ရှားရှင်းလင်းပြီးစီးမှုအခြေအနေများနှင့် စေတီတော်ကြီးပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်မည့်အခြေအနေများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ကျောက်ဆည်မြို့၊ ဘူတာဝင်းအတွင်း၌ Modular Container House ဖြင့်(ယာယီ)ရုံးဆောက်လုပ်ပြီးစီးမှုအခြေအနေနှင့် ရုံးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဘူတာပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး၊ မီးရထားသံလမ်းတစ်လျှောက် အမှိုက်ကင်းစင်ရေးနှင့် အမှိုက်ပုံးများ စနစ်တကျထားရှိရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်ပြီး မြစ်သားမြို့နယ်၊ လမ်းခွကျေးရွာရှိ အမှတ်(၇)အထည်စက်ရုံ(မြစ်သား)တွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများ၊ ချည်မျှင်နှင့် ချည်ထည်များ ထုတ်လုပ်နေမှုအခြေအနေများအားလည်းကောင်း၊ ကူမဲမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း(ကူမဲ)တွင် ယာယီကျောင်းဆောင်ဆောက်လုပ်ပြီးစီးမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးနှင့် ကျောင်းသား၊ ကျောင်းသူများ ကောင်းမွန်စွာပညာသင်ကြားနိုင်စေရေးတို့အား တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်ပြီး မြစ်သားမြို့နယ်အတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးသွားသော ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများနှင့် လူနေအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများအား စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေမှုအခြေအနေများနှင့် ကူမဲမြို့ရှိ ဌေးကြီးဘုန်းကြီးကျောင်း၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှု အခြေအနေများနှင့် ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# အာရှဖလားဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲ၊ အုပ်စုနောက်ဆုံးအဆင့် ဒုတိယပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇွန် ၈

၂၀၂၇ခုနှစ် အာရှဖလားဘောလုံးပြိုင်ပွဲတွင် မြန်မာအမျိုးသားလက်ရွေးစင်ဘောလုံးအသင်းနှင့် ပါကစ္စတန်အသင်းတို့၏ ခြေစစ်ပွဲ၊ အုပ်စုနောက်ဆုံးအဆင့်၊ ဒုတိယပွဲစဉ်ကို ဇွန်လ ၁၀ ရက် ညနေ ၅ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ညနေ ၄နာရီ ၄၅မိနစ်မှစတင်၍ MRTV HD Channel၊ MRTV Parliament Channel ၊ MRTV Entertainment Channelနှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်သည်။ (MRTV)

# Ciputra Golfpreneur Junior World Championship 2025 ဂေါက်သီးရိုက်ပြိုင်ပွဲသို့ မြန်မာလူငယ်ဂေါက်သီးရိုက်အားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်မည်

နေပြည်တော် ဇွန် ၈

အင်ဒိုနီးရှားနိုင်ငံတွင် ဇွန်လ ၁၀ ရက်မှ ၁၂ ရက်အထိ ကျင်းပမည့် Ciputra Golfpreneur Junior World Championship 2025 ဂေါက်သီးရိုက်ပြိုင်ပွဲအား မြန်မာလူငယ်ဂေါက်သီးရိုက် အားကစားသမားနှစ်ဦးဖြစ်သည့် ကျော်သံလွင်ဟိန်းနှင့် ထူးမြတ်အောင်တို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အသင်းခေါင်းဆောင်အဖြစ် ဦးကျော်မင်းမင်းလတ်(အတွင်းရေးမှူး၊ Junior Golf Myanmar (JGM) ) က လိုက်ပါသွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ကစားသမား ကျော်သံလွင်ဟိန်းနှင့် အသင်းခေါင်းဆောင်တို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ထွက်ခွာသွားပြီး စင်ကာပူနိုင်ငံတွင် ထူးမြတ်အောင်နှင့် တွေ့ဆုံကာ အင်ဒိုနီးရှားနိုင်ငံသို့ ဆက်လက်ထွက်ခွာကြမည်ဖြစ်သည်။

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်သည် မျိုးဆက်သစ်ကစားသမားများ ပြိုင်ပွဲအတွေ့အကြုံရရှိစေရန် နိုင်ငံတကာပြိုင်ပွဲများသို့ စေလွှတ်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

ဝန်းရံခဲ

# ကျောက်ဆည်မြို့နယ်၌ မြေဆီလွှာအာဟာရဖွံ့ဖြိုးရေး သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်)မြေမြှုပ်ထည့်သွင်း

ကျောက်ဆည် ဇွန် ၈

မြေဆီလွှာအာဟာရဖွံ့ဖြိုးရေးအတွက် သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) မြေမြှုပ်ထည့်သွင်းခြင်းကို ဇွန်လ ၇ ရက်က မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ရှမ်းတောင်ဦးကျေးရွာရှိ တောင်သူဦးအောင်နိုင်ဦး၏လယ်မြေ၌ ဆောင်ရွက်သည်။

အဆိုပါ သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) မြေမြှုပ်ထည့်သွင်းရာသို့ ကျောက်ဆည်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးချစ်ဆွေဦး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သစ်စိမ်းမြေဩဇာသည် မြေဆီလွှာအတွက် အကျိုးကျေးဇူးများစွာရှိပြီး မြေတွင်းအာဟာရဓာတ်ကြွယ်ဝ၍ မြေဩဇာအဖြစ်အသုံးပြုနိုင်ခြင်းကြောင့် တောင်သူများအတွက် များစွာအထောက်အကူပြုကြောင်း သိရသည်။

သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) စိုက်ပျိုးမည်ဆိုပါက တစ်ဧကလျှင် မျိုးစေ့ခြောက်ပြည်မှ ၁၂ ပြည်အထိ အသုံးပြုစိုက်ပျိုးရကာ စိုက်ပျိုးပြီး ၄၅ ရက်မှ ၆၅ ရက်အကြာတွင် ထယ်တိုးမြေမြှုပ်ပေးခြင်းဖြင့် သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်)မှ Biomass ၇ တန်မှ ၁၀ တန်အထိရရှိကာ နိုက်ထရိုဂျင်ပမာဏ ၁၅၀ ကီလိုဂရမ်၊ ဖော့စဖရပ် ၁၁ ကီလိုဂရမ်၊ ပိုတက်ဆီယမ် ၄၈ ကီလိုဂရမ်အထိရရှိပြီး မြေတွင်းအာဟာရဓာတ်ကြွယ်ဝသည့် မြေဩဇာအဖြစ်အသုံးပြုနိုင်ခြင်းကြောင့် တောင်သူများအနေဖြင့် ဓာတ်မြေဩဇာသုံးစွဲမှုကိုလျှော့ချနိုင်သဖြင့် ကုန်ကျစရိတ်သက်သာစေမည်ဖြစ်ကြောင်း သိရသည်။



အောင်ပိုင်ပိုင်ကျော်

# ဟိုပုံးမြို့နယ် ဆိုက်ခေါင်ကျေးရွာ၌ မီးခိုးမြူငွေ့နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော

ဟိုပုံး ဇွန် ၈


ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကြီးမှူး၍ မီးခိုးမြူငွေ့နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇွန်လ ၇ ရက်က ဆိုက်ခေါင်ကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးလွင်မြင့်က ပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်းသိကောင်းစရာခေါင်းစဉ်ဖြင့် ဆွေးနွေးပြီး မီးခိုးမြူငွေ့လျှော့ချခြင်း၊ စနစ်တကျအမှိုက်စွန့်ပစ်ခြင်း၊ ပတ်ဝန်းကျင်လေထုညစ်ညမ်းမှု၊ အိမ်တွင်းညစ်ညမ်းမှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကူးစက်ရောဂါအမျိုးမျိုး၊ ကြိုတင်ကာကွယ်ခြင်းနည်းလမ်းများနှင့် ဆောင်ရန်/ ရှောင်ရန်တို့ကို အသိပညာပေးဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ပလတ်စတစ်သုံးစွဲမှုလျှော့ချခြင်း၏အကျိုးကျေးဇူးများ၊ အမှိုက်အမျိုးအစားများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများကို အသိပညာပေးဆွေးနွေးဟောပြောပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများ၏သိရှိလိုသည့်မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

အဆိုပါ မီးခိုးမြူငွေ့နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆိုက်ခေါင်ကျေးရွာမှ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

မောင်ခိုင်




# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငါးသလဲထိုးအများအပြား တင်ပို့ရောင်းချနိုင်



လပွတ္တာ ဇွန် ၈

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငါးသလဲထိုးအများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ်မှ ရေထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူ ဒေါ်ဆွေဆွေဦး၏ပြောဆိုချက်အရ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလတစ်လတာကာလအတွင်း ငါးသလဲထိုးပိဿာ ၆၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလ ၁ ရက်မှ ၃၁ ရက်အထိ တစ်လတာကာလအတွင်း ငါးသလဲထိုးပိဿာ ၇၂၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"မေလအတွင်း ငါးသလဲထိုးအပါအဝင် တခြားရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ပါတယ်။ ဒေသထွက်ရေထွက်ကုန်တွေထဲက ငါးသလဲထိုးကို လက်ရှိမှာ ရန်ကုန်ဈေးကွက်က မှာယူနေသလို နောက်ထပ်လည်း မှာယူဖို့ရှိပါတယ်။ ကုန်ချိန်အများအပြား တင်ပို့ရတော့ ရေလုပ်သားတွေအပါအဝင် ကုန်တင်ယာဉ်အငှားလိုက်သူတွေလည်း အဆင်ပြေလာတယ်"ဟု ဒေါ်ဆွေဆွေဦးကပြောသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးသလဲထိုးအပါအဝင် ရေထွက်ကုန်များ တင်ပို့အားကောင်းလာသည့်အတွက် ရေလုပ်သားများ၊ ကုန်တင်ကုန်ချလုပ်သားများနှင့် ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိလျက်ရှိကြောင်း သိရသည်။

သုတကျော်

# ကလင်ဘန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေး

မြိတ် ဇွန် ၈

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကလင်ဘန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းကို ဇွန်လ ၈ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ မြိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်းဝင်းက ကလင်ဘန်းကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်နှင့် စီမံကိန်းမှရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေ ငွေကျပ် ၄၅ ဒသမ ၃၅ သန်းကို မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကလင်ဘန်းကျေးရွာရှိစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးအတွက် ငွေကျပ် ၃ ဒသမ ၉၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၉ ဦးအတွက် ငွေကျပ် ၂၀ ဒသမ ၄၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၀ ဦးအတွက် ငွေကျပ် ၁၄ ဒသမ ၁၅ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူခြောက်ဦးအတွက် ငွေကျပ် ၃ ဒသမ ၄၅ သန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူငါးဦးအတွက် ငွေကျပ် ၃ ဒသမ ၃၅ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၈၈ ဦးအတွက် ငွေကျပ် ၄၅ ဒသမ ၃၅ သန်းကို တစ်ဦးချင်းလက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကိုညို(ကျေးလက်)

# ပြည်သူများအနေဖြင့် အရည်အသွေးပြည့်ဝသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံး သံနှင့် သံမဏိများအသုံးပြုနိုင်ရေး သံစိမ်းထုတ်လုပ်ခြင်းလုပ်ငန်းများ အမြန်ဆုံးစတင်ဆောင်ရွက်နိုင်ရေး ကြိုးစားဆောင်ရွက်ရန်မှာကြား



နေပြည်တော် ဇွန် ၈

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် ရှမ်းရိုးမ ဘိလပ်မြေစက်ရုံ၌ ဘိလပ်မြေထုတ်လုပ်မှု လုပ်ငန်းစဉ်အဆင့်ဆင့်၊ စက်ရုံမှထုတ်လုပ်လျက်ရှိသည့် ဘိလပ်မြေများကို စမ်းသပ်စစ်ဆေးနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်ရန်၊ လိုအပ်သော စက်အရန်ပစ္စည်းများနှင့်သွင်းအားစုများကို ကြိုတင်စုဆောင်းထားရန်နှင့် စက်ရုံအတွက်လိုအပ်သော လျှပ်စစ်ဓာတ်အားကို စက်ရုံအစီအစဉ်ဖြင့်ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်ရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် သာစည်မြို့နယ် ပြည်ညောင်ရှိအပါချီ ဘိလပ်မြေစက်ရုံ အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး စက်ရုံအနေဖြင့် စက်ရုံအတွက်လိုအပ်သော လျှပ်စစ်ဓာတ်အားကို စက်ရုံအစီအစဉ်ဖြင့် ထုတ်လုပ်နေပြီး ပိုလျှံလျှပ်စစ်ဓာတ်အားများကို နိုင်ငံတော်ဓာတ်အားပေးစနစ်သို့ ပို့လွှတ်နေသည့်အတွက် နိုင်ငံတော်အတွက် များစွာအကျိုးရှိသဖြင့် အလေးထားဆောင်ရွက်ရန်မှာကြားပြီး ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စက်ပစ္စည်းများ စစ်ဆေးပြုပြင်နေမှု၊ စက်ရုံအတွက် လိုအပ်သော လျှပ်စစ်ဓာတ်အားထုတ်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယမန်နေ့နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်နှင့်အတူ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်ရှိ အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)၌ စက်ရုံတည်ဆောက်ရေးစီမံကိန်းမှ တာဝန်ရှိသူများနှင့်လည်းကောင်း၊ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)နှင့် ရှမ်းပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့်လည်းကောင်း၊ စက်ရုံမှူး၊ ရှမ်းပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဦးစီးဌာနမှူး၊ အလုပ်ရုံတာဝန်ခံများနှင့်လည်းကောင်း သီးခြားစီတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် လူနေအိမ်များ၊ စက်ရုံ၊ အလုပ်ရုံများ၊ လမ်း၊ တံတားနှင့် သာသနိကအဆောက်အအုံများ များစွာပျက်စီးဆုံးရှုံးခဲ့သည့်အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်း၌ အရည်အသွေးပြည့်မီသည့် သံ၊ သံမဏိများထုတ်လုပ်နိုင်ရေး သတ်မှတ်ချက်များနှင့်ကိုက်ညီသည့် သံစိမ်းကုန်ကြမ်းများ အရေးကြီးလိုအပ်လျက်ရှိကြောင်း၊ ပြည်သူများအနေဖြင့် အရည်အသွေးပြည့်ဝသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံး သံနှင့် သံမဏိများ အသုံးပြုနိုင်ရေးအတွက် သံစိမ်းထုတ်လုပ်ခြင်းလုပ်ငန်းများ အမြန်ဆုံးစတင်ဆောင်ရွက်နိုင်ရေး ကြိုးစားဆောင်ရွက်ရန်မှာကြားပြီး ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် Air Separation plant တွင် တပ်ဆင်ထားသည့် စက်ပစ္စည်းကိရိယာများအား ပြည်ပကျွမ်းကျင်ပညာရှင်များနှင့် စက်ရုံမှ ကျွမ်းကျင်ပညာရှင်များ ပူးပေါင်း၍ စစ်ဆေးပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သော လမ်းများပြန်လည်ပြုပြင်နေမှုကို ကွင်းဆင်းစစ်ဆေး



နေပြည်တော် ဇွန် ၈

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယနေ့ညနေပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ ရာဇဌာနီလမ်းမကြီးနှင့် ရာဇသင်္ဂဟလမ်းမကြီးများသို့သွားရောက်ပြီး ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်လမ်းပိုင်းများ ပြန်လည်ပြုပြင်နေမှုနှင့် နိုင်လွန်ကတ္တရာလမ်း(AC)ခင်းကျင်းနေမှုကိုကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများအပိုင်းလိုက် အမြန်ပြီးစီးအောင်ဆောင်ရွက်ရေး၊ အရည်အသွေးပြည့်မီသော လုပ်ငန်းသုံးပစ္စည်းများအသုံးပြုရေး၊ မြေသားသိပ်သည်းမှုရှိအောင် ဆောင်ရွက်ရေးနှင့် လမ်းခင်းကျောက်များ သတ်မှတ်အရွယ်အစားအတိုင်းအသုံးပြုရေးတို့ကို မှာကြားသည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ် ဥဏ္ဏသိဒ္ဓိရပ်ကွက်သို့သွားရောက်၍ နေပြည်တော်ကောင်စီ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တည်ဆောက်သည့် အမှုထမ်းအိမ်ရာများ ဆောက်လုပ်နေမှုကိုကွင်းဆင်းစစ်ဆေးပြီး ယာယီရှင်းလင်းဆောင်၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လုပ်ငန်းဆောင်ရွက်နေသောကုမ္ပဏီများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ပြုပြင်ရမည့်လုပ်ငန်းများ ပြန်လည်ပြုပြင်ပြီး တည်ဆောက်ရေးလုပ်ငန်းများ အမြန်ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားရေး၊ လုပ်ငန်းသုံးပစ္စည်းများ အချိန်မီရောက်ရှိရေးတို့ကို မှာကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဘောဂသိဒ္ဓိရပ်ကွက်သို့သွားရောက်၍ လူပျိုဆောင်နှင့်အပျိုဆောင်များဆောက်လုပ်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများအမြန်ပြီးစီးအောင် ဆောင်ရွက်ရေးမှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ


# အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများဖြစ်သည့် ရာသီတုပ်ကွေးနှင့် ကိုဗစ်-၁၉ ရောဂါများ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်-၁၉ ရောဂါ စသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။ ကိုဗစ်-၁၉ ရောဂါအား ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်းမရှိတော့ဘဲ ရာသီတုပ်ကွေးရောဂါကဲ့သို့ ဒေသတွင်းပုံမှန်ကူးစက်ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားပါသည်။ လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ အဆိုပါရောဂါများကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း အဆိုပါရောဂါများဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

- လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်း စသည့်လက္ခဏာများရှိသူများအနေဖြင့် မိမိမှ အခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက်-
  - (က) လူထူထပ်သောနေရာများသို့သွားခြင်းမှ ရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) အား စနစ်တကျဝတ်ဆင်ခြင်း၊
  - (ခ) ပါးစပ်နှင့်နှာခေါင်းစည်း ဝတ်ဆင်ထားခြင်းမရှိချိန်၌ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင်ပဝါ/တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊
  - (ဂ) ရောဂါလက္ခဏာပြင်းထန်ပါက နီးစပ်ရာဆေးရုံ/ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။
- တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကို ရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည်(Hand sanitizer)ဖြင့် မကြာခဏ စနစ်တကျဆေးကြောခြင်း၊
- ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာကာကွယ်ပေးသည့်အတွက် ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ၊ ဆီးချိုရောဂါ၊ နှာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုခံယူခြင်း။

**ကျန်းမာရေးဝန်ကြီးဌာန**

# လူသားတို့ကျန်းမာရေးအတွက် ဘက်ပေါင်းစုံမှ အကျိုးပြုသောစပါးလင်



Lemon Grass ဟုအမည်ရသော စပါးလင်ပင်ပေါက်ရောက်ရာ ဇာစ်မြစ်မှာ အိန္ဒိယနိုင်ငံဖြစ်သည်။ စပါးလင်ကို အရှေ့တောင်အာရှနိုင်ငံများ၊ Caribbean ဒေသများ၊ အမေရိကန်ပြည်ထောင်စုရှိ ကယ်လီဖိုးနီးယားနှင့် ဖလော်ရီဒါတို့၌လည်း ဆေးဖက်ဝင်ဟင်းခတ်အမွှေးအကြိုင်အဖြစ် ရှေးနှစ်ပေါင်းများစွာကတည်းက အသုံးပြုလာခဲ့ကြသည်။ စပါးလင်သည် အစေ့မှ အပင်ပေါက်လေ့ရှိသကဲ့သို့ အပင်၏အမြစ်မှလည်း စိုက်ပျိုးနိုင်ကာ သဲဆန်၍ စိုစွတ်သောမြေကိုကြိုက်နှစ်သက်ပြီး ရွှံ့ညွန်မြေမျိုးတွင်လည်း ရှင်သန်ပေါက်ရောက်နိုင်သည်။ စပါးလင်အရွက်များသည် အတန်ငယ်ချွန်ထက်ကြမ်းတမ်းသည်။

စပါးလင်၏အရွက်အရင်းပိုင်းနှင့် ပင်စည်အဖုတို့ကို နုပ်နုပ်စဉ်း၍ ဟင်းလျာများတွင် ချဉ်းအစားထိုးအဖြစ် အသုံးပြုကြသည်။ သို့သော် ချင်းနှင့်ရောစ၍ချက်ပြုတ်ပါက ကျန်းမာရေးအတွက် အာနိသင်ပိုကောင်းသည်။ မြန်မာ့ရိုးရာအစားအစာ မုန့်ဟင်းခါး၊ ငါးသလောက်ပေါင်း၊ အသား၊ ငါးနှင့် ပင်လယ်စာဟင်းလျာများ၊ ဟင်းချို၊ ဟင်းခါးနှင့် ပင်လယ်စာ ချဉ်စပ်ဟင်းရည်စသည့်ဟင်းလျာများအတွက် စပါးလင်သည် မရှိမဖြစ် ဟင်းခတ်အမွှေးအကြိုင်ဖြစ်သည်။

စပါးလင်ကို ခံတွင်းမြိန်စေသောဟင်းခတ်အမွှေးအကြိုင်အဖြစ်သာမက ရှေးနှစ်ပေါင်းများစွာကတည်းကပင် တိုင်းရင်းဆေးဝါးများဖော်စပ်ရာ၌ အသုံးပြုကြသည်။ ယနေ့ကမ္ဘာတွင် သိပ္ပံနည်းပညာများ ခေတ်မီတိုးတက်လျက်ရှိရာ စပါးလင်၏ထူးခြားကောင်းမွန်သောရနံ့ကို အခြေခံ၍ ဆပ်ပြာ၊ ရေမွှေး၊ ဖယောင်းတိုင်များအပြင် အင်းဆက်ပိုးမွှားများနှင့် ခြင်နိုင်ဆေးများအဖြစ် စီးပွားဖြစ်တွင်ကျယ်စွာ ထုတ်လုပ်ရောင်းချနေကြသည်။

**စပါးလင်နှင့် ကျန်းမာရေး**

- စပါးလင်ထဲတွင်ပါရှိသော Citronella (ခေါ်) Citral ဓာတ်ပေါင်းစုသည် အကြောဆွဲခြင်း၊ ကြွက်သားများကြွက်တက်ခြင်းနှင့် ဒူလာရောဂါတို့ကို သက်သာပျောက်ကင်းစေနိုင်သည်။
- စပါးလင်ကို အပူပေးလိုက်သည့်အခါ အစွမ်းထက်သည့် Beta-Carotene နှင့် Antioxidant များထွက်ရှိလာပြီး အူမကြီးကင်ဆာအပါအဝင် ကင်ဆာရောဂါများကို ကာကွယ်ပေးနိုင်သည်။
- Anti Bacterial နှင့် Anti Fungal အစွမ်းသတ္တိများ ပါရှိခြင်းတို့ကြောင့် ခြေဖနောင့်ကွဲအက် အနာများနှင့် ဒဏ်ရာများကို စပါးလင်သတ္တုရည် (စပါးလင်ကြိတ်ရည်) လိမ်းပေးခြင်းဖြင့် မှိုပိုးများကိုသေစေကာ အနာမြန်မြန်ကျက်စေသည်။ ထို့ပြင် ကိုယ်တွင်း ကိုယ်ပရှိ ဗက်တီးရီးယားပိုးမွှားများကို သေစေနိုင်သည်။
- အသည်းနှင့် ကျောက်ကပ်တို့ကိုသန့်စေကာ ယူရစ်အက်စစ်ကို လျှော့ချပေးနိုင်သည်။ ပန်ကရိယနှင့် ဆီးအိမ်တို့ကို ကောင်းကျိုးပြုသည်။
- ကိုယ်ခံအားကို တိုးတက်ကောင်းမွန်စေသည်။
- အစာမကြေခြင်းနှင့် လေထိုးလေအောင့်ခြင်းတို့ကို သက်သာပျောက်ကင်းစေနိုင်ပြီး အစာခြေလမ်းကြောင်းနှင့် အစာချေဖျက်မှုစနစ်တို့ကိုကောင်းကျိုးပြုသည်။
- သွေးခုန်နှုန်းကိုကျစေကာ သွေးလည်ပတ်မှုကို တိုးတက်ကောင်းမွန်စေသည်။
- စိုးရိမ်အမှတ်သို့ ရောက်နေသော အဖျားများကိုပင် ကျနိုင်စွမ်းရှိသည်။
- Galactogogue ဓာတ်ပါရှိသည့်အတွက် နို့ရည်လိုက်စေသဖြင့် နို့တိုက်မိခင်များ စပါးလင်ကို စားသုံးပေးသင့်သည်။
- အပင်၏အမြစ်နှင့် အရွက်များကို မီးမြှိုက်၍ ခြင်၊ ယင်နှင့် အင်းဆက်ပိုးမွှားများကို နှိမ်နင်းနိုင်သည်။

**စပါးလင်လက်ဖက်ရည်နှင့် ကျန်းမာရေး**

- စပါးလင် အရွက်စိမ်းကိုသာမက စပါးလင်အရွက်ခြောက်မှုန့်တို့ဖြင့် လက်ဖက်ရည် ပြုလုပ်နိုင်သည်။ အရသာကောင်းမွန်စေရန် ပျားရည်သို့မဟုတ် သကြားအနည်းငယ်ရော၍ အအေးခံကာ ရေခဲတုံးလေးများထည့်ပြီး အချိုရည်အဖြစ်လည်း သောက်သုံးနိုင်သည်။
- အင်ဇိုင်းများကို ဟန့်တားပေးသဖြင့် ကင်ဆာဆဲလ်များကို သေစေနိုင်သည်။
- ကိုလက်စထရောပမာဏ မြင့်မားခြင်း၊ သွေးတိုးခြင်းနှင့် ခန္ဓာကိုယ်ရှိ ပိုလျှံသောအဆီများကို ကျစေသည်။
- အပူကြီးဖျားနာသောအခါတွင် စပါးလင်လက်ဖက်ရည်ကို သောက်ပေးခြင်းဖြင့် ခန္ဓာကိုယ်အပူချိန်ကို ယူပစ်သလို လျော့ကျသွားကာ အားသစ်လောင်းသကဲ့သို့ ပကတိအတိုင်း ပြန်လည်လန်းဆန်းလာပါလိမ့်မည်။
- စပါးလင်လက်ဖက်ရည်သောက်သုံးခြင်းဖြင့် မျက်နှာပေါ်ရှိ ဝက်ခြံနှင့် အမည်းစက်များ လျော့နည်းလာစေသည်။ ထို့ပြင် ပြတ်ရှဒဏ်ရာများနှင့် သွေးထွက်လွန်အနာများကို သွေးတိတ်စေ၍ ကွဲနေသော အရေပြားများကိုလည်း အလိုအလျောက် ပြန်ဆက်ပေးနိုင်သည်။
- စိုးရိမ်သောကဗျာပါဒကြောင့် ရုတ်တရက်သွေးလန့်၍ သတိလစ်သွားသောလူနာအား သတိပြန်လည်လာပါက စပါးလင်လက်ဖက်ရည်ကို တိုက်ပေးသင့်သည်။
- အူအတွင်းဖြစ်တတ်သော ရောဂါအမျိုးမျိုး၊ ပျို့အန်၍ မအီမသာဖြစ်ခြင်း၊ ဓမ္မတာလာစဉ် နာကျင်ကိုက်ခဲခြင်း၊ တိုက်ဖွိုက်၊ ငှက်ဖျား၊ အစာအဆိပ်သင့်ခြင်း၊ ဝမ်းသွားခြင်း၊ အအေးမိ၍ ချောင်းဆိုးခြင်းတို့အတွက် စပါးလင်လက်ဖက်ရည်က ကောင်းစွာ ထိရောက်မှုရှိသည်။ ဆီးကိုလည်း ရွှင်စေသည်။

**စပါးလင်အဆီနှင့် ကျန်းမာရေး**

- စပါးလင်အပင်ခြောက်ကို ရေနွေးငွေ့ဖြင့်ပေါင်းခံကာ အဆီထုတ်ယူထားသော စပါးလင်ဆီ၏ ရနံ့သည် သံပရိုသီးနှင့် ခပ်ဆင်ဆင်တူသော်လည်း စပါးလင်ဆီနံ့သည် ပျော့၍ ဆွဲဆောင်မှုပိုမိုသည်။ ထိုအဆီဖြင့် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် ကျေးလက်ရိုးရာရနံ့ပေးကုထုံးများအဖြစ် ရောဂါများကို သက်သာအောင် ကုသလေ့ရှိသည်။
- အာရုံကြောအားနည်း၍ ခြေလက်များတုန်ခြင်း၊ ခေါင်းကိုက်ခြင်း၊ မူးနောက်နောက်ဖြစ်ခြင်း၊ Alzheimer (ခေါ်) ဦးနှောက်အကြိဗရာရောဂါဖြစ်ခြင်း၊ အိပ်မပျော်၍ မျက်စိကြောင်ခြင်းများအတွက် စပါးလင်ဆီကို အာရုံကြောအားဆေးအဖြစ် ရှူရှိုက်ပေးနိုင်သည်။
- ကြွက်သားနှင့် အရိုးအဆစ်များ နာကျင်ကိုက်ခဲခြင်း၊ အဆစ်လွဲအဆစ်ရောင်ခြင်း၊ လေ့ကျင့်ခန်းများ ပြင်းထန်စွာပြုလုပ်ခြင်းကြောင့် ခန္ဓာကိုယ်နာကျင်ကိုက်ခဲခြင်း၊ ခြွေးထွက်လွန်ခြင်းများအတွက် စပါးလင်ဆီကို လိမ်းပေးနိုင်သည်။
- သွားဖုံးနာခြင်း၊ သွားကိုက်ခြင်းနှင့် သွားများ ယိုင်နဲ့ခြင်းတို့အတွက် စပါးလင်ဆီက ကောင်းကျိုးပြုသည်။
- ဦးရေပြားကို စပါးလင်ဆီ လိမ်းပေးခြင်းဖြင့် မွေးညင်းပေါက်များကို ခွန်အားဖြစ်စေကာ ဆံပင်ကျွတ်ခြင်းကိုလည်း ကာကွယ်ပေးနိုင်သည်။
- ချိုင်းအနံ့ဆိုးများ ပျောက်ကင်းစေရန် စပါးလင်ဆီကိုရေရော၍ အသုံးပြုနိုင်သည်။

**သတိပြုရန်**

- တန်ဆေး၊ လွန်ဘေး ဖြစ်စေနိုင်သောကြောင့် ကျောက်ကပ်နှင့် အသည်းရောဂါ ဝေဒနာသည်များသည် စပါးလင်ကို အလွန်အကျွံမစားသုံးသင့်ပါ။
- မျက်စိထဲသို့ စပါးလင်ဆီ လုံးဝမဝင်မိပါစေနှင့်။
- စားသုံးပြီးနောက် အရေပြားပေါ်တွင် မိတ်၊ အင်ပျဉ်ထသကဲ့သို့ အဖုအပိမ့်ထွက်၍ နီရဲလာပါက ဓာတ်မတည့်သည့်လက္ခဏာများဖြစ်သည်။
- တချို့သော မိခင်လောင်းများတွင် အရေပြားဓာတ်မတည့်မှုများ ဖြစ်စေတတ်သဖြင့် ကိုယ်ဝန်ဆောင်ကာလအတွင်း စပါးလင်ကို ရှောင်ကြဉ်သင့်သည်။

အချုပ်အားဖြင့်ဆိုရသော် စပါးလင်ကို မိုးရာသီတွင် ပေါပေါများများရနိုင်ပြီး လူတို့၏ကျန်းမာရေးအတွက် ဘက်ပေါင်းစုံမှ အကျိုးပြုသောကြောင့် အကျိုးရှိရှိအသုံးပြုနိုင်ကြပါစေကြောင်း အကြံပြုရေးသားတင်ပြလိုက်ရပါသည်။

ပေါက်ပေါက်

# ရေနံချောင်းမြို့နယ်၌ ရေပြင်အသက်ကယ်ရှာဖွေကယ်ဆယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်

ရေနံချောင်း ဇွန် ၈

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ သဘာဝဘေးအန္တရာယ်တွေ့ကြုံလာပါက အလျင်အမြန်တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ရေပြင်အသက်ကယ်ရှာဖွေကယ်ဆယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းကို ဇွန်လ ၈ ရက်တွင် ညောင်လှရပ်ကွက် ကမ်းနားရပ် ဧရာဝတီမြစ်အတွင်း ဆောင်ရွက်ကြသည်။

ထိုသို့သရုပ်ပြဇာတ်တိုက်လေ့ကျင့်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးကြည်စိုးဟန်ဦးဆောင်၍ သန္ဓေတပ်ဖွဲ့ဝင်များနှင့် အရန်ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက ရေပြင်ကယ်ဆယ်ရေးသုံး Rescue Robot စက်ဖြင့်လည်းကောင်း၊ ကယ်ဆယ်ရေးစက်လှေဖြင့်လည်းကောင်း စမ်းသပ်မောင်းနှင်ကာ ရေပြင်အသက်ကယ်ရှာဖွေကယ်ဆယ်ရေး သရုပ်ပြကြသည်။

ဆက်လက်၍ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဝန်ထမ်းများက ရေဘေးအန္တရာယ်တွေ့ကြုံသူများအား ရှေးဦးသူနာပြုစုနည်းများဖြင့် သရုပ်ပြဇာတ်တိုက်လေ့ကျင့်ကြသည်။

အဆိုပါသဘာဝဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းကို မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဇင်ဦးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ ကြည့်ရှုကြောင်း သိရသည်။

ချမ်းမြေ့



# ကော့သောင်းမြို့၌ အစိုးရပါဠိပထမပြန်စာမေးပွဲများဖြေဆို



**ကော့သောင်း ဇွန် ၈**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌ အစိုးရပါဠိပထမပြန်စာမေးပွဲကြီးကို ပြည်တော်အေးသာသနာ့ဗိမာန်တော်တွင် ဇွန်လ ၄ ရက်မှ ၁၀ ရက်ထိ သတ်မှတ်နေ့ရက်ဘာသာရပ်များအလိုက် ဖြေဆိုပွဲကျင်းပလျက်ရှိကြောင်းသိရသည်။

အစိုးရပါဠိပထမပြန်စာမေးပွဲကို မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်နှင့်နာယကဆရာတော်ကြီးများ၊ အမှုဆောင်နှင့်ကြီးကြပ်ရေးဆရာတော်ကြီးများ၊ ပုစ္ဆက၊ ဝိသဇ္ဇနဆရာတော်ကြီးများ၊ စာထောက်စာမဆရာတော်ကြီးများ၊ သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး ပထမနေ့မှ စတုတ္ထနေ့အထိ အခြေပြုမူလတန်းများက တိကမာတိကာဘာသာ၊ ပထမငယ်တန်းများက တိကမာတိကာ၊ ဒုကမာတိကာနှင့်ဓာတုကထာဘာသာ၊ ပထမလတ်တန်းများက သုတ္တန္တိကမာတိကာ၊ ဓာတုကထာဘာသာ၊ ပထမကြီးတန်းများက အဘိဓာန်၊ အလင်္ကာ၊ ဆန်းဘာသာရပ်များကို ဖြေဆိုကြသည်။

အဆိုပါ အစိုးရပါဠိပထမပြန်စာမေးပွဲတွင် ကော့သောင်းမြို့နယ်စာသင်တိုက်အသီးသီးမှ အခြေပြုမူလတန်း ၃၉ ပါး၊ ပထမငယ်တန်း ၂၄ ပါး၊ ပထမလတ်တန်း ၁၉ ပါး၊ ပထမကြီးတန်း ခုနစ်ပါး၊ စာဖြေသံဃာစုစုပေါင်း ၈၉ ပါး ဖြေဆိုလျက်ရှိကြောင်း သိရသည်။ (၄၁၂)

# မင်းလှမြို့နယ် သဖန်းချောင်းကျေးရွာ၌ ဆိုင်ကယ်ပြင်သင်တန်းဆင်းပွဲကျင်းပ

**မင်းလှ ဇွန် ၈**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် သဖန်းချောင်းကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်းဆင်းပွဲ အခမ်းအနားကို ဇွန်လ ၈ ရက် နံနက်ပိုင်းတွင် ကျင်းပကြောင်းသိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင် ဦးစန်းအောင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သင်းသင်းအေးက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်းဖွင့်လှစ်သင်ကြားပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ သင်တန်းမှ သင်ကြားပို့ချပေးသည့် သင်ခန်းစာများကို စဉ်ဆက်မပြတ်အမြဲလေ့လာကာ မိသားစုအတွက် တစ်ဖက်တစ်လမ်းမှအပိုဝင်ငွေရှာဖွေပေးနိုင်သည်အထိ ကြိုးစားလုပ်ကိုင်ဆောင်ရွက်စေလိုကြောင်း၊ အလုပ်အကိုင်နှင့် ရင်းနှီးမတည်ငွေများရရှိရေး ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းလှမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင် ဦးစန်းအောင်၊ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သင်းသင်းအေးနှင့် တာဝန်ရှိသူများက ထူးချွန်ဆုရရှိသူများ၊ အမှတ်တရပစ္စည်းများနှင့် သင်တန်းဆင်းလက်မှတ်များကိုပေးအပ်ကြသည်။

ထို့နောက် မင်းလှမြို့နယ် သဖန်းချောင်းကျေးရွာ၌ ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်းသို့ သဖန်းချောင်းကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ သင်တန်းသား ၂၀ ဦးတက်ရောက်ကြောင်း၊ ကျွမ်းကျင်နည်းပြဆရာများက ဆိုင်ကယ်ပြင်နည်းများကို တစ်လကြာစာတွေ့ လက်တွေ့နှစ်မျိုးဖြင့် အခမဲ့သင်ကြားပေးကြောင်းသိရသည်။ **ကိုနိုင်(ကျေးလက်)**

# ပုဗ္ဗသီရိမြို့နယ်၌ MSME ဈေးရောင်းပွဲတော် ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇွန် ၈**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် MSME ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဇွန်လ ၇ ရက်တွင် ပုဗ္ဗသီရိဈေး၌ ကျင်းပသည်။

ရှေးဦးစွာ ဈေးရောင်းပွဲတော်မုခ်ဦးအား နေပြည်တော်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနညွှန်ကြားရေးမှူး ဦးဝင်းဦး၊ ဇေယျာသီရိခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိန်ကြည်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တာဝန်ရှိသူများက MSME ဈေးရောင်းပွဲတော်အထိမ်းအမှတ် မြန်မာ့ရိုးရာခြင်းအလှခတ်ဖျော်ဖြေနေမှုနှင့် MSME ဒေသထွက်ကုန် အရောင်းပြခန်းများအား လှည့်လည်ကြည့်ရှုပြီး အဆိုပါပွဲတော်တွင် ပုဗ္ဗသီရိမြို့နယ်



အတွင်းရှိ ဒေသထွက်ကုန်များ ရောင်းချပေးခြင်းအပြင် ချား၊ ရဟတ်၊ ပျော့ပျော့အိ ကလေးကစားကွင်းများ စသည့်ပျော်ရွှင်ဖွယ် အစီအစဉ်မျိုးစုံဖြင့် ဇွန်လ ၇ ရက်မှ ၁၃ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။ (၄၁၃)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၉-၆-၂၀၂၅ (တနင်္လာနေ့)

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၁။ | ၀၆:၀၃ | တရားတော် | ၄။ | ၀၈:၀၀ | မောင်မယ်လေးများသီစေချင် | ၇။ | ၁၁:၀၀ | တစ်ချိန်ကသူတို့အကြောင်း |
| ၂။ | ၀၇:၁၆ | မေတ္တာပို့ | | | | ၈။ | ၁၃:၀၀ | တစ်ပတ်အတွင်းထိပ်တန်းရောက်ကမ္ဘာ့သတင်းသုံးသပ်ချက် |
| ၃။ | ၀၇:၂၀ | ကိုယ်လက်လှုပ်ရှားအားကစား | ၅။ | ၀၉:၀၀ | Soft Skill | | | |
| | | | ၆။ | ၁၀:၀၀ | မွေးမြူသုတ | | | |

## ဗလငါးတန် ဘဝအားမာန်

❖ ကာယဖွံ့ဖြိုး၊ အားအင်တိုးမှ
မျိုးစုံရောဂါ၊ ကာကွယ်ကာဖြင့်
ကိုယ်မှာစွမ်းအား၊ ဖွံ့သန်ထွား၍
ကြိုးစားအောင်မြင် လုပ်ငန်းတွင်၏။

❖ ဉာဏဖွံ့ဖြိုး၊ သိဉာဏ်တိုးမှ
မျိုးစုံပညာ၊ အဖြာဖြာကို
သင်ကာတတ်မြောက်၊ ခရီးရောက်လျက်
လျှောက်လှမ်းဘဝ တောက်လျှမ်းပ၏။

❖ စာရိတ္တညီ၊ ခိုင်မာတည်မှ
ကြံစည်တွေးဆ၊ စောင့်သီလဖြင့်
ဘဝအောင်မြင်၊ ခရီးစဉ်ဝယ်
အားအင်ပြည့်ဝ လျှောက်နိုင်ကြ၏။

❖ မိတ္တဗလ၊ ပြည့်စုံမှသာ
အရာရာတွင်၊ လုပ်ငန်းတွင်၍
ခင်မင်ပေါင်းသင်း၊ မိတ်ဆွေရင်းဖြင့်
ကောင်းခြင်းရှေးရှု အောင်မြင်မှု။

❖ ဘောဂပြည့်စုံ၊ ကုံလုံကြွယ်ဝ
စွမ်းစအင်အား၊ စီးပွားတိုးကာ
ခိုင်မာဖွံ့ဖြိုး၊ ဥစ္စာမျိုးကို
ပြည့်ရိုးမှန်က အောင်မြင်ရ၏။

❖ ကာယဉာဏ၊ စာရိတ္တနှင့်
မိတ္တဘောဂ၊ ပြည့်ကြွယ်ဝ၍
စွမ်းစစုံညီ၊ မျိုးဂုဏ်ရည်ကို
ထုံကြည်စေမှု၊ စွမ်းဆောင်ပြုကာ
မျက်ရှုရတနာ၊ စွမ်းသန်ရာမှ
ညီညာကြိုးစား၊ စုပေါင်းအားဖြင့်
ငါးတန်ဗလ အားမာန်ပြ။ ။

**မောင်လေပြေ(တောင်တွင်း)**

# ကော့မှူးမြို့နယ်၌ ၂၀၂၄ ခုနှစ် ပါဠိပထမပြန်စာအောင်သံဃာ စုဋ္ဌဘွဲ့နှင်းသဘင်ပူဇော်ပွဲ အခမ်းအနားကျင်းပ



ရန်ကုန် ဇွန် ၈

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ်၌ ၂၀၂၄ ခုနှစ် ပါဠိပထမပြန်စာအောင် သံဃာ စုဋ္ဌဘွဲ့နှင်းသဘင်ပူဇော်ပွဲ အခမ်းအနားကို ကော့မှူးမြို့နယ် ဘုရားလမ်းရပ်ကွက် မဟာဝိဇ္ဇောဒယကျောင်းတိုက်၌ ဇွန်လ ၈ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး တက်ရောက်လာကြသော ဓည့်ပရိသတ်များက မြို့နယ်သံဃနာယက ဥက္ကဋ္ဌ ဘဒ္ဒန္တပညာစက္ကထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍ စာအောင်သံဃာတော်များနှင့် သီလရှင်များအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းနှင့် တာဝန်ရှိသူများက အောင်လက်မှတ်များနှင့် ဝတ္ထုငွေများဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆို၍ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

ကော့မှူးမြို့နယ်၌ ၂၀၂၄ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲတွင် ပထမကြီးတန်းအောင် တစ်ပါး၊ ပထမလတ်တန်းအောင် ၁၃ ပါး၊ ပထမငယ်တန်းအောင် ၁၅ ပါး၊ အခြေပြုမူလတန်းအောင် ၂၁ ပါး စုစုပေါင်း သံဃာတော်နှင့် သာသနာ့နွယ်ဝင်သီလရှင် ၅၀ ပါး အောင်မြင်ခဲ့ကြကြောင်း သိရသည်။

**ကျော်သူရ(ကော့မှူး)**

# ပြည်မြို့နယ် ကုန်းကြီးကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆပ်ပြာနှင့် ခေါင်းလျှော်ရည်ပြုလုပ်နည်းသင်တန်းဆင်း

ပြည် ဇွန် ၈

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သဲကုန်းကျေးရွာအုပ်စု ကုန်းကြီးကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆပ်ပြာနှင့်ခေါင်းလျှော်ရည်ပြုလုပ်နည်း သင်တန်းဆင်းပွဲ အခမ်းအနားကို ဇွန်လ ၇ ရက်က အဆိုပါကျေးရွာရှိဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဟန်မြင့်ထွန်းက သင်တန်းဆင်းအမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဌေးဇော်က ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်၊ ကျေးလက်ဒေသများတွင် ကျွမ်းကျင်လုပ်သားများ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဟန်မြင့်ထွန်းနှင့် တာဝန်ရှိသူများက ထူးချွန်ဆုများနှင့် သင်တန်းဆင်းလက်မှတ်များကိုပေးအပ်ရာ သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက လက်ခံရယူသည်။



အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆပ်ပြာနှင့်ခေါင်းလျှော်ရည်ပြုလုပ်နည်းသင်တန်းသို့ သင်တန်းသူ ၂၀ ဦးတက်ရောက်ကြပြီး သင်တန်းကို ဇွန်လ ၂ ရက်မှ ၆ ရက်အထိ စာတွေ့လက်တွေ့ အခမဲ့သင်ကြားပေးခဲ့ကြောင်း သိရသည်။

**ချိုလေး**

# မြစ်ကြီးနားမြို့နယ် မော်ဖောင်းကျေးရွာ၌ ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

မြစ်ကြီးနား ဇွန် ၈

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် မြစ်ကြီးနားမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ မော်ဖောင်းကျေးရွာအုပ်စု မော်ဖောင်းကျေးရွာ၌ ပြည်နယ်ခွင့်ပြုငွေဖြင့် ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇွန်လ ၈ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကချင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးဝင်းဦး၊ မြစ်ကြီးနားခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးအောင်မြင့်ထွန်းနှင့် တာဝန်ရှိသူများသည် မော်ဖောင်းကျေးရွာ၌ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများက ကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး ကျောက်ချောလမ်းအား အကျိုးရှိစွာအသုံးပြုကြရန်နှင့် လမ်းရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကျောက်ချောလမ်းသည် အရှည် ၁ မိုင် ၁ ဒသမ ၆ ဖာလုံ၊ အကျယ် ၁၈ ပေ၊ ထု ၁ ပေ ၅ လက်မရှိပြီး ပြည်နယ်ခွင့်ပြုငွေဖြင့် မြစ်ကြီးနားမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူ၍ ယခုနှစ် ဇန်နဝါရီလ ပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကာရံ(ကျေးလက်)**

# ဘိုကလေးမြို့နယ်၌ မိုးစပါးစိုက်ပျိုးရန်လုပ်ငန်းများ စတင်ဆောင်ရွက်



ဘိုကလေး ဇွန် ၈

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်ရှိ ဒေသခံတောင်သူများသည် မိုးစပါးစိုက်ပျိုးရန်လုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

ဘိုကလေးမြို့နယ်ရှိ ဒေသခံတောင်သူများသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပြီး မိုးစပါးနှင့် နွေစပါးကို အားထားစိုက်ပျိုးကြသည်။ တချို့တောင်သူများက စပါးမျိုးကို ကိုယ်ပိုင်မျိုးစေ့ဖြင့် စိုက်ပျိုးကြပြီး တချို့တောင်သူများက ကာလပေါက်ဈေးပေးကာ ဝယ်ယူစိုက်ပျိုးကြကြောင်း သိရသည်။

"မိုးစပါးစိုက်ပျိုးဖို့ လယ်မြေတွေကို စတင်ထွန်ယက်နေပါပြီ။ ကိုယ်ပိုင်ထွန်စက်တွေနဲ့ ထွန်ယက်ကြသလို ငှားရမ်းထွန်ယက်သူတွေလည်းရှိပါတယ်" ဟု ဒေသခံတောင်သူတစ်ဦးကပြောသည်။

ဘိုကလေးမြို့နယ်အတွင်းရှိ တောင်သူများမှာ စပါးကို အဓိကထားစိုက်ပျိုးကြသည့်အတွက် နိုင်ငံတော်၏ ပြည်တွင်းဆန်စားသုံးမှုဖူလုံရေးကို များစွာ အထောက်အကူပြုလျက်ရှိသည့်အပြင် ဆန်ဈေးနှုန်းတည်ငြိမ်ရေးကိုလည်း အကျိုးပြုမည်ဖြစ်သည်။

စပါးစိုက်ပျိုးမှုကို ပန်းတိုင်ရည်မှန်းချက်အတိုင်း အထွက်နှုန်းပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံအတွင်း ဆန်စားသုံးမှုဖူလုံစေရုံသာမက ပြည်ပနိုင်ငံများသို့လည်း တင်ပို့နိုင်မည်ဖြစ်၍ နိုင်ငံခြားဝင်ငွေရရှိမည်ဖြစ်ကြောင်း သိရသည်။

**အောင်အောင်(ဇေယျာမြေ)**

# မြန်မာ-တရုတ်သံတမန်ဆက်ဆံရေး(၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ညစာစားပွဲအခမ်းအနားကျင်းပ

## နှစ်နိုင်ငံအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူဝါဒများကိုအခြေခံကာ အိမ်နီးချင်းကောင်းမိတ်ဆွေနိုင်ငံများအဖြစ် ရပ်တည်လျက်ရှိ

**နေပြည်တော်  ဇွန်  ၈**

မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ညစာစားပွဲအခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် နေပြည်တော်ရှိ မင်္ဂလာသီရိ ဟိုတယ်၌ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တရုတ်နှစ်နိုင်ငံအကြား ခိုင်မာမြဲမြံသည့် သံတမန်ဆက်ဆံရေးထူထောင်မှု (၇၅) နှစ်တာ ပြည့်မြောက်ခဲ့ပြီဖြစ်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် နှစ်နိုင်ငံအကြား အပြန်အလှန်လေးစားမှု၊ သာတူညီမျှမှုနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူဝါဒများကို အခြေခံကာ အိမ်နီးချင်းကောင်းမိတ်ဆွေနိုင်ငံများအဖြစ် ရပ်တည်လျက်ရှိမှုကိုအလေးထားပြောကြားခဲ့သည်။







မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စမာကျား၊ ရန်ကုန်မြို့အခြေစိုက် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးအကြီးအကဲများ၊ သံတမန်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသောဧည့်သည်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက နှုတ်ခွန်းဆက်ဂုဏ်ပြုစကားပြောကြားရာတွင် မြန်မာ-တရုတ်နှစ်နိုင်ငံ

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်က နှစ်နိုင်ငံဆက်ဆံရေးတွင် သိသာထင်ရှားသည့်သမိုင်းမှတ်တိုင်များဖြစ်သည့် ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးကို အဆင့်မြှင့်တင်နိုင်ခဲ့ခြင်းနှင့် အိမ်နီးချင်းနိုင်ငံများအကြား အေးအတူပူအမျှ အသိုက်အဝန်းထူထောင်ရေးကို အခိုင်အမာသဘောတူညီခဲ့မှုကို ဝမ်းမြောက်ဂုဏ်ယူကြောင်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တရုတ်နိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်၊ ဝန်ကြီးချုပ် မစ္စတာလီချန်းတို့နှင့် တွေ့ဆုံမှုများ၏ရလဒ်ကောင်းများဖြစ်သည့် သဘောတူညီချက်များကို ကြိုးပမ်းအကောင်အထည်ဖော်ရေး အတည်ပြုပြောကြားသည်။ ထို့ပြင် မန္တလေးငလျင်လှုပ်ခတ်မှုအပြီး တရုတ်နိုင်ငံမှ အချိန်နှင့်တစ်ပြေးညီပေးအပ်ခဲ့သည့် အရေးပေါ်ကယ်ဆယ်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများ၊ ပြန်လည်ထူထောင်ရေးအစီအစဉ်များနှင့် မြန်မာနိုင်ငံငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ပံ့ပိုးကူညီမှုများအတွက် တရုတ်အစိုးရအား ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက မန္တလေးငလျင်လှုပ်ခတ်ခဲ့ပြီး တရုတ်နိုင်ငံက အရေးပေါ်ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်ခဲ့မှုကို ကျေးဇူးတင်ရှိသည့်အနေဖြင့် မြန်မာအစိုးရမှပေးအပ်သည့် အမှတ်တရဂုဏ်ပြုတံဆိပ်များအား တရုတ်သံအမတ်ကြီးထံသို့ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားက နှုတ်ခွန်းဆက်စကားပြန်လည်ပြောကြားရာတွင် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့်ကဏ္ဍစုံမိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်အကောင်အထည်ဖော်မည့် ကတိကဝတ်များကို ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် တရုတ်သံအမတ်ကြီးတို့က မြန်မာ-တရုတ်နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထူထောင်မှု (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ဂုဏ်ပြုကိတ်ကို လှီးဖြတ်ပေးကြပြီး တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် တက်ရောက်လာကြသူများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းတို့မှ ယဉ်ကျေးမှုအကအဖွဲ့များက အကအလှုများဖြင့် ဖျော်ဖြေကြသည်။

ဖျော်ဖြေမှုများအပြီးတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် တရုတ်သံအမတ်ကြီးတို့က နှစ်ဖက်အကအဖွဲ့များကို ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

**မြဝတီ**

# ရွှေပြည်သာမြို့နယ် လက်ရွေးစင် မြန်မာ့သိုင်းအားကစားသမားများ၏လေ့ကျင့်သရုပ်ပြသမှုကို ကြည့်ရှုအားပေး

**ရန်ကုန်  ဇွန်  ၈**

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရွှေပြည်သာမြို့နယ် နဝရတ်အားကစားကွင်းရှိ ဘောလုံးကွင်း၊ အမှတ်(၂)ရပ်ကွက်ရှိ မြို့နယ်အားကစားခန်းမ၌ ရွှေပြည်သာမြို့နယ် လက်ရွေးစင် မြန်မာ့သိုင်း အားကစားသမားများ၏ လေ့ကျင့်သရုပ်ပြသမှုကိုလည်းကောင်း၊ ဘောလုံးကွင်း၊ ဝန်ထမ်းအိမ်ရာများ၊ ရုံးခန်းများကိုလည်းကောင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနရှိ အားကစားရုံ၊ ဘောလုံးကွင်း၊ ရေစင်နှင့်မြေနေရာတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအားလိုအပ်သည်များမှာကြားသည်။

ယမန်နေ့ညနေပိုင်းကလည်းပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ တာဝန်ရှိသူများနှင့်အတူ ရန်ကုန်မြို့ အင်းယားလမ်းရှိ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်၌ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အမှုဆောင်များနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြား၍ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌက (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ရွက်လှေပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌက (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ရွက်လှေ Keelboat SSL 47 Class ပါဝင်ယှဉ်ပြိုင်နိုင်ရေးနှင့်စပ်လျဉ်း၍လည်းကောင်း၊ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌက 6th OCA Athletes Forum သို့တက်ရောက်ရန် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ အမည်စာရင်းရွေးချယ်ထားခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြ



ကြပြီး အထွေထွေကိစ္စရပ်များကိုတင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြား၍ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်ရှိ မြေနေရာနှင့် လှေဆောက်လုပ်သည့်မိုရုံတို့ကိုလှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။ **မြဝတီ**

■ **ကျောဖုံးမှအဆက်**

စပါးအရည်အသွေးလည်းကောင်းပါတယ်။ ဝါးခယ်မမြို့နယ်အပါအဝင် ခရိုင်အတွင်းက မြို့နယ်တွေမှာ နွေစပါးစိုက်ပျိုးဖို့ စပါးစတင်မစိုက်ပျိုးမီအချိန်ကတည်းက သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးတောင်သူနည်းပညာပေးလုပ်ငန်းတွေကို ကြိုတင်ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့အပြင် တောင်သူတွေစိုက်ပျိုးတဲ့ နွေစပါးတွေအထွက်နှုန်းကောင်းမွန်ဖို့ လိုအပ်တဲ့ မြေဩဇာတွေကိုလည်း ပံ့ပိုးပေးခဲ့ပါတယ်။ မြေဩဇာတွေကိုလည်း စိုက်ပျိုးရေးနည်းလမ်းတွေအတိုင်း အသုံးပြုနိုင်ဖို့ နည်းပညာပေး၊ အသိပညာပေးလုပ်ငန်းတွေကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့ကြောင့် ရိတ်သိမ်းခဲ့တဲ့စပါးတွေအထွက်နှုန်းနဲ့ အရည်အသွေးပြည့်မီတာပါ" ဟု ဒေါ်ခင်ဌေးမြင့်ကပြောသည်။

ဝါးခယ်မမြို့နယ်၌ နွေသီးနှံစိုက်ပျိုးရာသီက နှစ်လခွဲ၊ ထိုင်းဘေးကျား၊ ရက် ၉၀၊ သီးထပ်ရင်၊ နံ့ကား၊ GW-11၊ GW- 1 စသည့်စပါးအမျိုးအစားများကို အများဆုံး စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါနွေစပါးကွေအားလုံး စိုက်ပျိုးရိတ်သိမ်းနိုင်ရေး ဒေသခံတောင်သူများ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် စီမံအုပ်ချုပ်ရေးအဖွဲ့ စသည့်ဌာနဆိုင်ရာအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ **သုတကျော်**

# ဖြူစင်သောနှလုံး ကြည်လင်သောအပြုံးများဖြင့် ကမ္ဘာဆုံးတိုင်ခိုင်မြဲနေမည့် နှစ်နိုင်ငံချစ်ကြည်ရေး

မန္တလာကိုကိုဝင်း



နိုင်ငံတစ်နိုင်ငံသည် နိုင်ငံတကာဝန်းကျင်အသိုင်းအဝိုင်းနှင့်မလွဲမသွေဆက်ဆံရမည်သာဖြစ်သည်။ ယင်းသို့ဆက်ဆံမှုပြုရာတွင် မိမိအကျိုး၊ သူတစ်ပါးအကျိုးမျှတမှုရှိသည်နှင့်အမျှ နိုင်ငံအချင်းချင်းဆက်ဆံမှုသည်အလွန်ပင်ကောင်းမွန်နေမည်ဖြစ်သည်၊ ကောင်းမွန်သည်နှင့်အမျှ လူ့အဖွဲ့အစည်းသည်တိုးတက်နေမည်၊ စည်ပင်ဝပြောနေမည်၊ ငြိမ်းချမ်းသာယာနေပေလိမ့်မည်။ နိုင်ငံအချင်းချင်းဆက်ဆံရာတွင် မာန်မာနနှင့်အသာစီးရလိုမှုကိုလျှော့ချ၍ ညီညွတ်မျှတသည့်လူမှုစီးပွားဝန်းကျင်နှင့် ကြီးပွားဖွံ့ဖြိုးတိုးတက်သည့်ချမ်းသာသုခကိုတန်းတူညီမျှ ငြိမ်းအေးစွာအတူမျှဝေခံစားနိုင်မည့် ရာစုသစ် နိုင်ငံတကာဆက်ဆံမှုပုံစံသစ်ကိုပုံဖော်ကြရမည်ဖြစ်သည်။ ရိုးသားမှု၊ ပွင့်လင်းမှု၊ စိတ်ကောင်းစေတနာကောင်းရှိမှုတို့သည်အပြန်အလှန်အကျိုးပြုစောင့်ရှောက်၍ ခိုင်မြဲသောဆက်ဆံရေးဖြစ်လာပေလိမ့်မည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ နှစ်နိုင်ငံဆက်ဆံရေးမှာ ထာဝရခိုင်မြဲသောဆက်ဆံရေးဖြစ်သည်။

မြန်မာနှင့်တရုတ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးသည် ၂၀၂၅ ခုနှစ် ဇွန်လ ၈ ရက်နေ့တွင် (၇၅)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ အိမ်နီးချင်းဆွေမျိုးပေါက်ဖော်ဆက်ဆံရေးခိုင်မြဲလျက်ရှိသည်မှာ စိန်ရတုအချိန်ကာလသို့ ရောက်ရှိပြီဖြစ်သည်၊ မိမိတို့နှစ်နိုင်ငံသည်အိမ်နီးချင်းကောင်းများအဖြစ် နေထိုင်လာခဲ့သည်မှာ နှစ်ပေါင်းထောင်ချီကြာမြင့်ခဲ့ပြီဖြစ်သော သမိုင်းကောင်းများကသက်သေထူလျက်ရှိသည်၊ တရုတ်နိုင်ငံ၏ရှေးဟောင်းရာဇဝင်သမိုင်းစဉ်ကိုလေ့လာကြည့်သည့်အခါ တရုတ်နိုင်ငံ၏ယဉ်ကျေးမှုသည် ကမ္ဘာပေါ်တွင် ရှေးအကျဆုံးဖြစ်သည်။ ရှေးဟောင်းဒဏ္ဍာရီတွင် စစ်သေနာပတိသုံးဦးနှင့် ဧကရာဇ်မင်းငါးပါးတို့သည် တရုတ်ပြည်၏ပထမဆုံးအုပ်ချုပ်သူများဖြစ်ကြသည်။ ၎င်းတို့ကိုတရုတ်ပြည်သူများ၏ ဘိုးဘေးများအဖြစ်သတ်မှတ်ထားခဲ့သည်။

မြန်မာတို့သည် မြန်မာအစတကောင်းကဟု မှတ်တမ်းပြုထားသည်၊ ထိုမှတစ်ဆင့်ပျူခေတ်၊ ပုဂံခေတ်စသည်ဖြင့်ခေတ်ကာလများပြောင်းလဲလာခဲ့သည်။ မြန်မာနိုင်ငံတွင် ပထမမြန်မာနိုင်ငံဟုမော်ကွန်းထိုးနိုင်လောက်အောင် စည်းလုံးညီညွတ်ခဲ့သည့်ကာလသည် ပုဂံခေတ်ကာလဖြစ်သည်။ ပုဂံခေတ်၏ဗိသုကာလက်ရာများ၊ ဘုရား၊ ပုထိုး၊ စေတီကျောင်းကန်များကိုလေ့လာကြည့်လျှင် ထိုခေတ်က မြန်မာတို့၏ယဉ်ကျေးမှုအဆင့်အတန်းသည် နိမ့်ကျခြင်းမရှိကြောင်းသိရှိနိုင်သည်။ အနော်ရထာဘုရင်နှင့် စစ်သူကြီးလေးဦးဖြစ်သည့် ကျန်စစ်သား၊ ငထွေရူး၊ ငလုံးလက်ဖယ်နှင့်ညောင်ဦးဖီးတို့အကြောင်းသည်စံပြုထိုက်သူများဖြစ်ကြသည်။

ပုဂံခေတ်မတိုင်မီ ပျူခေတ်သည်လည်း ဖွံ့ဖြိုးတိုးတက်ပြီး စစ်ရေးစစ်ရာတွင်ရဲရင့်ကျွမ်းကျင်သောသူရဲကောင်းရှိခဲ့မည်သာဖြစ်သည်။ မှတ်တမ်းတင်မှုနည်းပါးသည့်အတွက် ခိုင်ခိုင်မာမာမပြောနိုင်သော်လည်း ပြန်လည်တူးဖော်တွေ့ရှိထားသော အထောက်အထားများက သက်သေပြလျက်ရှိသည်။ ထို့ပြင် ပျူခေတ်တွင် မြန်မာတို့၏ယဉ်ကျေးမှုအနုသုခုမပညာအဆင့်အတန်းသည် မြင့်မားနေပြီဖြစ်ပြီး ပြည်ပနိုင်ငံများသို့ပင်ချစ်ကြည်ရေးခရီးသွားလာနေပြီဖြစ်သည်။ ထိုအချက်အလက်အကြောင်းအရာများကို တရုတ်နိုင်ငံ၏မှတ်တမ်းများတွင်တွေ့မြင်ရသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတကြီး မစ္စတာရှီကျင့်ဖျင်ကိုယ်တိုင်ရေးသားခဲ့သည့် နှစ်ပေါင်းထောင်ချီကြာမြင့်သော ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးကိုဆက်လက်ပုံဖော်မည့် စာမျက်နှာသစ်များဆောင်းပါးတွင် "အေဒီ ၄ ရာစုတုန်းက ကျွန်တော်တို့၏ဘိုးဘွားများသည် စီချွမ်-ယူနန်-မြန်မာ-အိန္ဒိယကိုဖြတ်သန်းသည့် ရွှေလမ်းငွေလမ်းကိုဖောက်လုပ်ခဲ့ပြီး ကုန်သွယ်မှုပြုလုပ်ခဲ့ကြသည်။ တရုတ်ထန်မင်းဆက်ခေတ်က မြန်မာပျူခေတ်မင်းသားဦးဆောင်သည့် အနုပညာရှင်များအဖွဲ့သည် မိုင်ထောင်ချီခရီးနှင်၍ ချန်အန်းမြို့သို့ လာရောက်ခဲ့ရာ တရုတ်နာမည်ကြီးကဗျာဆရာ ပိုင်ကျီးယိကကျော်ကြားလှသည့် ပျူခေတ်တေးသံကဗျာကိုရေးစပ်သီကုံးခဲ့ပါသည်" ဟု ဖော်ပြထားသည်။

ဤဆောင်းပါးမှာ မြန်မာ-တရုတ်သံတမန်ဆက်ဆံရေးနှစ်(၇၀)ပြည့်အထိမ်းအမှတ်အတွက် ရေးသားသည့်ဆောင်းပါးဖြစ်သည်။

မြန်မာနိုင်ငံသည် ၁၉၄၉ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံထူထောင်ခြင်းကို ဆောလျင်စွာ အသိအမှတ်ပြုထားသည့်နိုင်ငံဖြစ်သည်။ ၁၉၅၀ ပြည့်နှစ် ဇွန်လ ၈ ရက်တွင် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးစတင်ထူထောင်နိုင်ခဲ့သည်။ ခေတ်သစ်ကာလတွင် သံတမန်ထူထောင်ခြင်းမှာ စိန်ရတုသို့တိုင်ခဲ့ပြီဖြစ်သော်လည်း ရှေးယခင်နှစ်ပေါင်းများစွာကတည်းက ချစ်ခင်ရင်းနှီးသည့်ဆက်ဆံရေးကောင်းများကိုထူထောင်ထားရှိသည့်နိုင်ငံများဖြစ်သည်။ ဘာသာရေးယုံကြည်ကိုးကွယ်မှုတွင်လည်း မြန်မာနှင့်တရုတ်နှစ်နိုင်ငံသည် ဗုဒ္ဓဘာသာကို အထူးပင်သက်ဝင်ယုံကြည်ကိုးကွယ်ကြသည်၊ တရုတ်နိုင်ငံ၏နေရာအနှံ့အပြားတွင် ဘုရားစေတီများ၊ ကျောင်းကန်များတည်ရှိနေခြင်း၊ မြတ်ဗုဒ္ဓ၏စွယ်တော်အစစ်တည်ရှိနေခြင်းတို့ကိုကြည့်ခြင်းအားဖြင့် ဗုဒ္ဓဘာသာသက်ဝင်ယုံကြည်မှုအရှိန်အဟုန်မြင့်မားကြောင်းသိရှိနိုင်သည်။

မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံတို့မှာ ရေမြေချင်းရှည်လျားစွာဆက်စပ်လျက်ရှိသည်။ ဘာသာရေးအရ၊ လူမျိုးရေးအရ ပဋိပက္ခဖြစ်ပွားခြင်းမျိုးမရှိဘဲ အေးအတူပူအမျှ နေထိုင်လျက်ရှိသည်။ အိမ်နီးချင်းဆိုသည်မှာ မိတ်ဆွေရင်းချာများဖြစ်သည်၊ တစ်နည်းဆိုရလျှင် မိတ်ကောင်းဆွေကောင်းများဖြစ်သည်။ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများမှာ အနာဂတ်အတွက်မိတ်ကောင်းဆွေကောင်းနှင့်ခရီးသွားနေသည့်အသွင်သဏ္ဍာန်ဖြစ်သည်။ မိတ်ကောင်းဆွေကောင်းဆိုသည်မှာ မိမိကိုအင်မတန်ပေးနိုင်ခဲသည့်အရာကိုပေးတတ်သည်။ အင်မတန်ပြုနိုင်ခဲသည့်အမှုမျိုး၊ အကူအညီမျိုးကို လုပ်ဆောင်ပေးတတ်သည်။ ဘေးရန်အန္တရာယ်များနှင့်ကြုံရသည့်အခါ မိမိကိုစွန့်ပစ်ကျောခိုင်းမသွားဘဲ အတူတကွကူညီဖြေရှင်းပေးသည်။

မြန်မာနိုင်ငံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့်ပတ်သက်လာလျှင် တရုတ်တစ်နိုင်ငံတည်း မူဝါဒကိုလက်ကိုင်ထားရှိသည်၊ တရုတ်နိုင်ငံပြိုကွဲရေးလုပ်ဆောင်မည့်ရန်စွယ်အန္တရာယ်မှန်သမျှကိုလည်းအားပေးမည်မဟုတ်ပါ။ ထို့အတူ တရုတ်နိုင်ငံသည်လည်း မြန်မာနိုင်ငံနှင့်ပတ်သက်လာလျှင် နိုင်ငံတကာမျက်နှာစာ၌ တိကျပြတ်သားစွာ မြန်မာနိုင်ငံဘက်ကရပ်တည်ပေးလျက်ရှိသည်၊ အိမ်နီးချင်းဆိုသည်မှာ ရွေးချယ်၍ရသည့်အရာမဟုတ်သည့်အတွက် နှစ်နိုင်ငံအိမ်နီးချင်းကောင်းဖြစ်နေစေရေးအတွက် နှစ်နိုင်ငံခေါင်းဆောင်များ၏အမြော်အမြင်ကြီးမားမှုသည် အဓိကဖြစ်သည်။ မြန်မာ-တရုတ် နှစ်နိုင်ငံခေါင်းဆောင်ကြီးများအဆက်ဆက်သည် နှစ်နိုင်ငံချစ်ကြည်ရေးကိုသာခိုင်မာစွာတည်ဆောက်ပေးခဲ့ကြသည်။ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူသည် လွန်စွာသမာသမတ်ရှိပြီး ကောင်းမွန်သည့်မူဝါဒဖြစ်သည်။ တစ်နိုင်ငံ၏အချုပ်အခြာအာဏာကိုတစ်နိုင်ငံကလေးစားခြင်းမှာမြင့်မားသောဂုဏ်သိက္ခာဖြစ်သည်။

ထိုသို့မှန်ကန်ကောင်းမွန်သည့် မူကြီးငါးရပ်ကိုယနေ့တိုင်ခိုင်မြဲစွာကျင့်သုံးလျက်ရှိသည့်အတွက် မြန်မာ-တရုတ်ဆက်ဆံရေးသည် နှစ်ပေါင်းထောင်သောင်းမကတည်တံ့ခိုင်မြဲနေမည်သာဖြစ်သည်၊ တရုတ်ပညာရှိကြီး ကွန်ဖြူးရှပ်က "နာကြည်းမှုတွေကိုမေ့ပစ်ပါ၊ ကြင်နာမှုတွေကိုမမေ့ပါနှင့်" ဟုဆိုထားသည်၊ တရုတ်စကားပုံတစ်ခုတွင် "ဖြည်းဖြည်းနင်းသောသူသည် ခရီးကို ပိုမို၍သွားနိုင်လေသည်" ဟု ဖော်ပြထားသည်။ ဤအဆိုအမိန့်နှင့် စကားပုံတို့မှာ နှစ်နိုင်ငံချစ်ကြည်မှုခိုင်မြဲစေရေးအတွက် အလေးထားရမည့်အရာများဖြစ်သည်။ ဖြူစင်သောစိတ်ထားကိုအခြေခံ၍ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို တည်ဆောက်ကြရမည်ဖြစ်သည်။

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏အကြီးဆုံးကုန်သွယ်ဖက်နှင့်ရင်းနှီးမြှုပ်နှံမှုနှင့်ဖွံ့ဖြိုးတိုးတက်မှုအကူအညီ၏အဓိကအရင်းအမြစ်ဖြစ်သည်။ မြန်မာနိုင်ငံ၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အရေးကြီးသည့်အခန်းကဏ္ဍမှပံ့ပိုးပေးလျက်ရှိသည်။ တစ်ချိန်တည်းမှာပင်နှစ်နိုင်ငံအကြားရှိထူးကဲသည့်ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုမှာလည်း နှစ်နိုင်ငံပြည်သူများအကြားကဏ္ဍစုံကူးလူးဆက်ဆံမှုများဖြင့် ဆက်လက်တိုးပွားလျက်ရှိသည်။ နှစ်နိုင်ငံပြည်သူများအကြား အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုနှင့်ပူးပေါင်းဆောင်ရွက်မှုပိုမိုနက်ရှိုင်းလျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မြန်မာနိုင်ငံတွင် စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးလျက်ရှိသည်။ နိုင်ငံတော်အစိုးရ၏အန္တိမရည်မှန်းချက်သည် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါကလွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေးဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်၊ ၂၀၂၅ ခုနှစ် နှစ်ကုန်တွင်ကျင်းပမည့်ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲအတွက်လိုအပ်သည့်အရာမှန်သမျှကိုလည်း ပြင်ဆင်ထားပြီးဖြစ်သည်၊ ရွေးကောက်ပွဲကျင်းပမည့်ကိစ္စနှင့်စပ်လျဉ်း၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီးကလည်း အပြည့်အဝထောက်ခံထားပြီး လိုအပ်သည့်အကူအညီပေးမည်ဖြစ်ကြောင်း ပြောကြားထားသည်။ **စာမျက်နှာ ၁၃ သို့** ●

● စာမျက်နှာ ၁၂ မှအဆက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်တို့သည် ၂၀၂၅ ခုနှစ် ဇွန်လ ၈ ရက်တွင်ကျရောက်သည့် မြန်မာ-တရုတ်နှစ်နိုင်ငံသံတမန်ဆက်ဆံရေး(၇၅)နှစ်မြောက်အထိမ်းအမှတ်အခါသမယတွင် သဝဏ်လွှာများအပြန်အလှန်ပေးပို့ခဲ့ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတထံပေးပို့သည့်သဝဏ်လွှာတွင် **“ယခုကဲ့သို့ မင်္ဂလာရှိသည့်အခါသမယတွင် ရေရှည်တည်တံ့သည့်ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုရရှိစေရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မြန်မာနိုင်ငံ၏ကြိုးပမ်းအားထုတ်မှုများကို တရုတ်နိုင်ငံက အခိုင်အမာထောက်ခံပံ့ပိုးပေးသည့်အတွက် လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါသည်။ မိမိတို့နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုနက်ရှိုင်းစေရေးနှင့် နောင်လာမည့်ဆယ်စုနှစ်များစွာအထိ ကြံ့ကြံ့ခိုင်မာပြီး အပြန်အလှန်အကျိုးရှိမည့် မိတ်ဖက်ဆက်ဆံရေးကဏ္ဍသစ်ကိုဖော်ထုတ်နိုင်ရေးအတွက်အဆွေတော်နှင့်အတူ ဆက်လက်၍ အနီးကပ်ပူးပေါင်းဆောင်ရွက်သွားရန်မျှော်လင့်ပါသည်”**ဟူ၍ ဖော်ပြထားသည်။

မြန်မာ-တရုတ်နှစ်နိုင်ငံအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများမှာ ပိုမိုတိုးတက်များပြားလျက်ရှိသည်။ အထူးသဖြင့် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းအောက်ရှိတရုတ်-မြန်မာစီးပွားရေးစင်္ကြံမဟာဗျူဟာမြောက်စီမံကိန်းများကို နှစ်နိုင်ငံနှင့်ပြည်သူအကျိုးအတွက် အကောင်အထည်ဖော်လျက်ရှိသည်။ မြန်မာနိုင်ငံတော်အကြီးအကဲအနေဖြင့် ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် ကူမင်းမြို့၌ကျင်းပခဲ့သည့် မဟာမဲခေါင်ဒေသတွင်းထိပ်သီးအစည်းအဝေးသို့တက်ရောက်ခဲ့ပြီး စွမ်းအင်၊ စိုက်ပျိုးရေး၊ သယ်ယူပို့ဆောင်ရေးနှင့်ပြည်သူ့ကျန်းမာရေးအစရှိသည့်အဓိကကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်နိုင်မည့်အခွင့်အလမ်းကောင်းများရရှိခဲ့သည်။ ထိပ်သီးအစည်းအဝေးကာလအတွင်း ဒေသနှင့်ကမ္ဘာတစ်ဝန်း တည်ငြိမ်ရေးနှင့်လုံခြုံရေးကိုခြိမ်းခြောက်လျက်ရှိသည့်အွန်လိုင်းလိမ်လည်မှုများအား အတူတကွပူးပေါင်းတိုက်ဖျက်မှုများကိုအရှိန်အဟုန်မြှင့်တင်ရေးအတွက် ကတိကဝတ်ပြုခဲ့ကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်ထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံပေးပို့သည့်သဝဏ်လွှာတွင် “ပြီးခဲ့သည့်မေလက အဆွေတော်နှင့်ရုရှားနိုင်ငံ၌တွေ့ဆုံစဉ်မြန်မာ-တရုတ်နှစ်နိုင်ငံအကြား အေးအတူပူအမျှအသိုက်အဝန်းမြှင့်တင်ထူထောင်ခြင်းနှင့်ပတ်သက်၍ အရေးကြီးသည့်သဘောတူညီချက်များရရှိခဲ့ပါသည်။ တရုတ်-မြန်မာနှစ်နိုင်ငံဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုက တရုတ်နိုင်ငံအတွက်အရေးကြီးသည့်ကဏ္ဍတွင်ပါဝင်လျက်ရှိပါသည်၊ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထူထောင်မှု(၇၅)နှစ်မြောက်အခါသမယတွင် တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့်အတူ ရပ်ဝန်းနှင့်ပိုးလမ်းမပူးပေါင်းဆောင်ရွက်မှုစီမံကိန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားရန်၊ ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုစီမံချက်၊ ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးစီမံချက်၊ ကမ္ဘာလုံးဆိုင်ရာ လူသားယဉ်ကျေးမှုစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန်၊ တရုတ်-မြန်မာအေးအတူပူအမျှအသိုက်အဝန်းတည်ထောင်ဆောင်ရွက်ရန်၊ နှစ်နိုင်ငံပြည်သူများအတွက် ပိုမိုကောင်းမွန်သည့်အကျိုးစီးပွားများကို အတူတကွဆောင်ကြဉ်းရန် အသင့်ရှိပါကြောင်းကို ပြောကြားလိုပါသည်”ဟူ၍ ထည့်သွင်းဖော်ပြထားသည်။

နိုင်ငံတော်အကြီးအကဲအနေဖြင့်၂၀၂၅ ခုနှစ် မေလအတွင်း ရုရှားနိုင်ငံ မော်စကိုမြို့တွင်ကျင်းပခဲ့သည့် မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့်အထိမ်းအမှတ်အခမ်းအနားကိုတက်ရောက်ခဲ့စဉ် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ စစ်မှန်သည့်မိတ်ဖက်ဆက်ဆံရေး၊ အပြန်အလှန်ယုံကြည်မှုနှင့် ရှိရင်းစွဲဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုကိုအခြေခံပြီး နှစ်နိုင်ငံဆက်ဆံမှု တိုးမြှင့်ဆောင်ရွက်ရေး၊ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုပိုမိုတိုးမြှင့်ရေး၊ အေးအတူပူအမျှအသိုက်အဝန်းတည်ဆောက်မှုအရှိန်အဟုန်မြှင့်တင်ရေးနှင့် ဒေသတွင်းတည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များတွင်ပူးပေါင်းဆောင်ရွက်ရေးများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးနိုင်ခဲ့သည်။

ယခုတွင်လည်း မြန်မာ-တရုတ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထူထောင်မှု (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အခမ်းအနားကို ဇွန်လ ၈ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိမင်္ဂလာသီရိဟိုတယ်၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ အမှာစကားပြောကြားခဲ့ပါသည်။ မြန်မာ-တရုတ်နှစ်နိုင်ငံ၏ သံတမန်ဆက်ဆံရေးသမိုင်းတွင် အဓိပ္ပာယ်ပြည့်ဝပြီး ဂုဏ်ယူစရာကောင်းသည့် အခါသမယဖြစ်သကဲ့သို့ သမိုင်းတစ်လျှောက် ကာလကြာမြင့်စွာတည်တံ့ခိုင်မြဲခဲ့သည့် ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်လေးစားယုံကြည်မှု၊ တက်ကြွစွာပူးပေါင်းဆောင်ရွက်မှုများနှင့် အနာဂတ်အတွက် တူညီသည့် သန္နိဋ္ဌာန်ရှိနေကြသည်ကိုလည်း ဖော်ညွှန်းပြသသည့်အခမ်းအနားဖြစ်သည်။

ထို့နောက် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်ညစာစားပွဲအခမ်းအနားကို ဇွန်လ ၈ ရက် ည ၆ နာရီတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ကျင်းပသည်။ မြန်မာနိုင်ငံဘက်မှတာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်မှ မြန်မာနိုင်ငံဆိုင်ရာတရုတ်သံအမတ်ကြီးမစ္စမာကျားနှင့် ရန်ကုန်မြို့အခြေစိုက်နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးအကြီးအကဲများ၊ သံတမန်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသောဧည့်သည်များ တက်ရောက်ကြသည်။

မြန်မာနိုင်ငံနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် ၁၉၅၀ ပြည့်နှစ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးစတင်ထူထောင်ခဲ့ချိန်မှစ၍ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ချက်နှင့်အညီ ချစ်ကြည်ရင်းနှီးသည့် အိမ်နီးချင်းနိုင်ငံများအဖြစ်အတူယှဉ်တွဲနေထိုင်လျက်ရှိသည်မှာယနေ့တိုင်ဖြစ်သည်။ လွန်ခဲ့သည့်ဆယ်စုနှစ်များအတွင်း နှစ်နိုင်ငံဆက်ဆံရေးမှာ တဖြည်းဖြည်းပိုမိုနက်ရှိုင်းလာခဲ့ပြီး ရှိရင်းစွဲဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုမှသည် ဘက်စုံမဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှုမိတ်ဖက်ဆက်ဆံရေးအဆင့်ကိုမြှင့်တင်ခဲ့ကြသည်။ နှစ်နိုင်ငံအတွက် အဓိကအရေးပါသည့်အကျိုးစီးပွားနှင့် ဘုံအရေးပါသည့်ကိစ္စရပ်များတွင် နှစ်ဖက်အကြား အပြန်အလှန်ခိုင်မာစွာထောက်ခံရပ်တည်ပေးလျက်ရှိခြင်းတို့သည် ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေး၏ကောင်းမွန်သည့်သာဓကအဖြစ်တည်ရှိနေမည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် မြန်မာ-တရုတ်နှစ်နိုင်ငံသံတမန်ဆက်ဆံရေး(၇၅)နှစ်မြောက်အချိန်အခါသည်ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့်အခါသမယဖြစ်ပြီး နှစ်နိုင်ငံခေါင်းဆောင်များ၊ ပြည်သူများ၏ဖြူစင်သောနှလုံးသား ကြည်လင်သောအပြုံးများဖြင့် ကမ္ဘာဆုံးတိုင်ခိုင်မြဲနေမည်ဟု အလေးအနက်ယုံကြည်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

## လယ်ယာသုံးစက်ကြီးများအား ငှားရမ်းအသုံးပြုသူ ပိုမိုများပြားလာ

မြိတ် ဇွန် ၈

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်တွင် တောင်သူများသည် မိုးစပါးထွန်ယက်စိုက်ပျိုးရာ၌ ယခင်ကထက် လယ်ယာသုံးစက်ကြီးများကို ငှားရမ်းအသုံးပြုသူ ပိုမိုများပြားလာကြောင်း သိရသည်။

မြိတ်မြို့နယ်၌ တောင်သူများသည် ယခင်က လယ်ယာလုပ်ငန်းထွန်ယက်စိုက်ပျိုးရာတွင် ကျွဲ၊ နွားများဖြင့်သာ အဓိကလုပ်ကိုင်ကြသော်လည်း ယခုနောက်ပိုင်းတွင် ကျွဲ၊ နွားများရှားပါးလာခြင်းနှင့် လုပ်ငန်းခွင်အချိန်မီပြီးစီးနိုင်ရန်အတွက် လယ်ယာလုပ်ငန်းသုံးထွန်စက်ကြီးများကို ငှားရမ်းအသုံးပြုလာကြခြင်းဖြစ်သည်။

လယ်ယာလုပ်ငန်းသုံးထွန်စက်ကြီးများကို ငှားရမ်းအသုံးပြုရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့မှ ဌာနပိုင်စက်များကိုလည်းကောင်း၊ တောင်သူအစုအဖွဲ့ပိုင်စက်များကိုလည်းကောင်း ငှားရမ်းအသုံးပြုကြသည်။

လယ်ယာသုံး ထွန်စက်ကြီးများဖြင့် ထွန်ယက်လုပ်ကိုင်ပါက လုပ်ငန်းခွင်ကို အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်း၊ အချိန်ကိုက်စိုက်ပျိုးနိုင်ခြင်းနှင့် ကျွဲ၊ နွားရှားပါးခြင်းတို့မှ ဖြေလျှော့နိုင်ခြင်းတို့ကြောင့် လယ်ယာသုံးစက်ကြီးများကို ပိုမိုငှားရမ်းအသုံးပြုလာသူများပြားလာကြကြောင်း သိရသည်။ (၄၁၂)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# သတိပြုဖွယ် နိုင်ငံသားစိစစ်ရေးကတ်အတုနှင့် အွန်လိုင်းလိမ်လည်မှုအန္တရာယ်

ရွှေခြံသား(FIU)

ယနေ့မျက်မှောက်ကမ္ဘာတွင် နည်းပညာဖွံ့ဖြိုးတိုးတက်လာမှုသည် အများပြည်သူ၏ နေ့စဉ်လူမှုဘဝများအတွက် များစွာအကျိုးရှိသော်လည်း အခြားတစ်ဖက်တွင် ဥပဒေနှင့်မညီသောလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် အခွင့်အလမ်းများစွာဖြစ်စေသည်။ ၎င်းတို့အနက် အင်တာနက်ကွန်ရက်ဆက်သွယ်မှုကို အသုံးချ၍ ကျူးလွန်သည့် လိမ်လည်မှုများသည် လတ်တလောသတိပြုရမည့် ပြည်သူများအတွက် ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်လို့လာသည်။

ဒုစရိုက်သမားများအနေဖြင့် အွန်လိုင်းလိမ်လည်မှုကို ကျူးလွန်ရာတွင် နိုင်ငံသားစိစစ်ရေးကတ်အတု၊ တစ်ပါးသူများ၏ နိုင်ငံသားစိစစ်ရေးကတ်များဖြင့် ဖွင့်လှစ်ထားသည့် ငွေစာရင်း(Account)များကို အသုံးပြု၍ လိမ်လည်ရရှိရာမှ ငွေကြေးများကို လွှဲပြောင်းရယူကြသည်။ အင်တာနက်ဆက်သွယ်ရေးနည်းပညာအပေါ်အခြေခံထားသည့် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ထိုသို့သောဝန်ဆောင်မှုလုပ်နေ်းများကို ရယူအသုံးပြုနိုင်ရန်အတွက် နိုင်ငံသားစိစစ်ရေးကတ်များနှင့် ယာဉ်မောင်းလိုင်စင်များမှာ အခြေခံလိုအပ်သည့် အထောက်အထားများဖြစ်လာခဲ့ပြီဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံသားစိစစ်ရေးကတ်များ၏ စစ်မှန်နိုင်မှု၊ အချက်အလက်များခိုင်မာမှု၊ အတုအပပြုလုပ်ရန် ခက်ခဲစေနိုင်မှုစသည့် အရည်အသွေးများသည်လည်း အရေးကြီးလာသည်။

> **"နိုင်ငံသားစိစစ်ရေးကတ်အတုများကို သုံးစွဲသူများသည် ရာဇဝတ်မှုတွင် ပါဝင်နေပါသည်"**

### နိုင်ငံသားစိစစ်ရေးကတ်အတုဆိုတာဘာလဲ

နိုင်ငံသားစိစစ်ရေးကတ်အတုဆိုသည်မှာ တရားမဝင်သော လုပ်ဆောင်ချက်တစ်ခုကိုဆောင်ရွက်ရန် ရည်ရွယ်ချက်ဖြင့် တုပထားသည့်စာရွက်စာတမ်းတစ်ခုဖြစ်သည်။ စာရွက်စာတမ်း အတုပြုလုပ်ခြင်းသည် ရာဇဝတ်မှုမြောက်ပြီး ဥပဒေအရ တရားစွဲဆိုခံရမည်ဖြစ်သည်။ ယင်းအပြင် **နိုင်ငံသားစိစစ်ရေးကတ်အတုများကို သုံးစွဲသူများသည် ရာဇဝတ်မှုတွင် ပါဝင်နေသည်**ကို သိရှိနားလည်ထားရမည်ဖြစ်သည်။

### ဒုစရိုက်သမားများက နိုင်ငံသားစိစစ်ရေးကတ်အတုအား မည်သည့်ရည်ရွယ်ချက်အတွက် ပြုလုပ်သလဲ

နိုင်ငံသားစိစစ်ရေးကတ်၏ နယ်ပယ်မျိုးစုံတွင် အသုံးဝင်မှုသည် ဒုစရိုက်သမားများအတွက် အမျိုးမျိုးသောလုပ်ငန်းများတွင် အသုံးချနိုင်ရန်အခွင့်အလမ်းများဖြစ်စေသည်။ ဒုစရိုက်သမားများအနေဖြင့် ရည်ရွယ်ချက်အမျိုးမျိုးအတွက် နိုင်ငံသားစိစစ်ရေးကတ်အတုများ ပြုလုပ်အသုံးပြုကြသည်။ အထူးသဖြင့် အွန်လိုင်းလိမ်လည်မှုကျူးလွန်ရာတွင် နောက်ကြောင်းလိုက်လံစုံစမ်းခံရခြင်းမှ ရှောင်ရှားနိုင်ရန်အတွက် နိုင်ငံသားစိစစ်ရေးကတ်အတုများကိုအသုံးချကြသည်။ ယင်းအပြင် ပြစ်မှုကျူးလွန်ထားသူများကလည်း မိမိတို့ကျူးလွန်ထားသည့်ပြစ်မှုမှ တိမ်းရှောင်ပြီး လွတ်လပ်စွာလှုပ်ရှားသွားလာနိုင်ရန်အတွက် နိုင်ငံသားစိစစ်ရေးကတ်အတုများ ကိုင်ဆောင်အသုံးပြုလိုကြသည်။ ယခုအခါ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသည့်သူများမှလည်း နိုင်ငံသားစိစစ်ရေးကတ်အတုများအသုံးပြု၍ နိုင်ငံကူးလက်မှတ်လျှောက်ထားရာတွင် အသုံးပြုလာသည်ကိုတွေ့ရှိရသည်။ ထိုသို့သော ရာဇဝတ်မကင်းသည့်ရည်ရွယ်ချက်အမျိုးမျိုးအတွက် နိုင်ငံသားစိစစ်ရေးကတ်အတုများ ပြုလုပ်ရောင်းချသည့် ဒုစရိုက်လုပ်ငန်းလည်း ပေါ်ပေါက်လာခဲ့သည်။

### နိုင်ငံသားစိစစ်ရေးကတ်အတုအား ဒုစရိုက်သမားများက မည်သို့အသုံးချသလဲ

နိုင်ငံသားစိစစ်ရေးကတ်အတုပြုလုပ်ခြင်းသည် တရားမဝင်ရောင်းဝယ်မှု၊ ငွေကြေးလိမ်လည်မှု၊ ခရီးသွားထောက်ခံချက်အတု၊ မမှန်ကန်သောသက်သေအထောက်အထားတင်သွင်းခြင်း စသည့် အမျိုးမျိုးသောရာဇဝတ်မှုများအတွက် အထောက်အကူဖြစ်စေနိုင်သည်။ အထူးသဖြင့် အွန်လိုင်းပေါ်တွင် ကိုယ်ရေးကိုယ်တာအချက်အလက်များပေါက်ကြားခံရခြင်း၊ ရိုးသားသည့်ပြည်သူများအတွက် ငွေကြေးများဆုံးရှုံးခြင်း၊ စီးပွားရေး၊ လူမှုရေးထိခိုက်မှုများဖြစ်ပေါ်စေခြင်း စသည့်အခြေအနေများသည်လက်တွေ့ဖြစ်ပေါ်နေသည့်အနေအထားဖြစ်ပြီး ထိရောက်စွာဖြေရှင်းဆောင်ရွက်နိုင်ရန် လိုအပ်သည့်ပြဿနာဖြစ်လာပြီဖြစ်သည်။

ဒုစရိုက်သမားများသည် အွန်လိုင်းလိမ်လည်မှုကျူးလွန်ရာ၌ နိုင်ငံသားစိစစ်ရေးကတ်အတုဖြင့် ငွေစာရင်း(Account)များ၊ E-wallet များဖြစ်သည့် Mobile Pay Account များဖွင့်လှစ်၍ ပြစ်မှုကျူးလွန်ရာမှရရှိသည့် ငွေကြေးများလွှဲပြောင်းဆောင်ရွက်သည်။ နိုင်ငံသားစိစစ်ရေးကတ်အတုများဖြင့် ဖွင့်လှစ်ထားသည့် ငွေစာရင်း(Account)များကို အသုံးပြု၍ လျှို့ဝှက်ငွေကြေး(Crypto Currency)များ ဝယ်ယူပြီး ငွေကြေးများဖုံးကွယ်နိုင်သည်။ တယ်လီဖုန်း SIM Card မှတ်ပုံတင်ရာ၌လည်း မိမိ၏ကိုယ်ရေးအချက်အလက်များကို ဖုံးကွယ်နိုင်ရန်အတွက် နိုင်ငံသားစိစစ်ရေးကတ်အတုကို အသုံးပြုကြသည်။

> **"မိမိ၏နိုင်ငံသားစိစစ်ရေးကတ်ကို မျှဝေခြင်းသည် မိမိကိုယ်ကို အန္တရာယ်ပေးခြင်းနှင့်တူသည်"**

### နိုင်ငံသားစိစစ်ရေးကတ်နှင့် ကိုယ်ရေးအချက်အလက်များ ပေါက်ကြားခံရနိုင်သည့်အန္တရာယ်များ

ဒုစရိုက်သမားများအတွက် နိုင်ငံသားစိစစ်ရေးကတ်အတုများပြုလုပ်နိုင်ရန်မှာ အခြားသူတစ်ဦး၏ ကိုယ်ရေးအချက်အလက်များရရှိရန်လိုအပ်သည်။ သို့ဖြစ်ရာ အခြားသူတစ်ဦး၏ စစ်မှန်သည့်ကိုယ်ရေးအချက်အလက်များရရှိရန် ဒုစရိုက်သမားများက နည်းလမ်းအမျိုးမျိုးဖြင့် ကြိုးပမ်းလာကြသည်။ ပြည်သူများအနေဖြင့်လည်း မိမိတို့၏နိုင်ငံသားစိစစ်ရေးကတ်များ သို့မဟုတ် အချက်အလက်များ ခိုးယူခံရနိုင်သည့် အန္တရာယ်များကို သတိပြုရန်လိုအပ်သည်။ အများအားဖြင့် ကိုယ်ရေးအချက်အလက်များ အများဆုံးပေါက်ကြားမှု ဖြစ်ပွားသည့်နေရာမှာ အင်တာနက်အွန်လိုင်းပေါ်မှပင်ဖြစ်သည်။ ပြည်သူများအနေဖြင့် ဆိုရှယ်မီဒီယာပေါ်တွင် နိုင်ငံသားစိစစ်ရေးကတ်ဓာတ်ပုံများမျှဝေမိခြင်း၊ အတုအယောင်အက်ပလီကေးရှင်းများ/ဝက်ဆိုက်များတွင် နိုင်ငံသားစိစစ်ရေးကတ်နှင့်ကိုယ်ရေးအချက်အလက်များထည့်သွင်းမိခြင်း၊ အများသုံးဝိုင်ဖိုင်များ(Public Wifi)ကို အသုံးပြုစဉ် Phishing Website များမှတစ်ဆင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် ကိုယ်ရေးအချက်အလက်များ ထည့်သွင်းမိခြင်းဖြင့် ကိုယ်ရေးအချက်အလက်များပေါက်ကြားခံရနိုင်သည်။

ယင်းအပြင် အတုအယောင်ဘဏ် သို့မဟုတ် ဟန်ဆောင်ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ၏ နိုင်ငံသားစိစစ်ရေးကတ်နှင့် ကိုယ်ရေးအချက်အလက်များ လိမ်လည်တောင်းခံမှုကြောင့် ပေးအပ်မိခြင်း၊ အတုအယောင်အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများတွင် မိမိ၏နိုင်ငံသားစိစစ်ရေးကတ်မိတ္တူကိုပေးအပ်၍ အလုပ်လျှောက်ထားမိခြင်းဖြင့်လည်း နိုင်ငံသားစိစစ်ရေးကတ်နှင့် ကိုယ်ရေးအချက်အလက်များကူးယူပေါက်ကြားခံရနိုင်သည်။ **မိမိ၏နိုင်ငံသားစိစစ်ရေးကတ်ကိုမျှဝေခြင်းသည်မိမိကိုယ်ကိုအန္တရာယ်ပေးခြင်းနှင့်တူသည်ဖြစ်ရာ အထူးသတိထားသင့်လှပေသည်။**

> **"မိမိ၏ကိုယ်ရေးကိုယ်တာအချက်အလက်များကို ကာကွယ်ခြင်းသည် မိမိ၏တာဝန်ဖြစ်သည်"**

### နိုင်ငံသားစိစစ်ရေးကတ်ကို ခိုးယူခံရခြင်းမှ မည်သို့ကာကွယ်သင့်သလဲ

ပြည်သူများအနေဖြင့် မိမိအားထုတ်ပေးထားသောတန်ဖိုးရှိလှသည့် နိုင်ငံသားစိစစ်ရေးကတ် မပျောက်ပျက်ရေးအတွက် ဂရုတစိုက်ထိန်းသိမ်းကိုင်တွယ်ရန် အရေးကြီးလှသည်။ ပြည်သူများအနေဖြင့် မိမိတို့၏နိုင်ငံသားစိစစ်ရေးကတ်နှင့် ကိုယ်ရေးအချက်အလက်များပေါက်ကြားခံရပြီး တလွဲအသုံးပြုခံရခြင်းမရှိစေရန်အတွက် သတိကြီးစွာထား၍အသုံးပြုရမည်ဖြစ်သည်။ မိမိ၏နိုင်ငံသားစိစစ်ရေးကတ်အားတရားဝင်လုပ်ငန်းကိစ္စရပ်များမှတစ်ပါး အခြားသူတစ်ဦးတစ်ယောက်ထံ ပေးအပ်ခြင်းမပြုရန်၊ မိမိ၏နိုင်ငံသားစိစစ်ရေးကတ်အား မလိုအပ်ဘဲ မိတ္တူမကူးရန်၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် ကိုယ်ရေးအချက်အလက်များကို အွန်လိုင်းပေါ်တွင် မျှဝေခြင်းမပြုရန်လိုအပ်သည်။ **မိမိ၏ကိုယ်ရေးကိုယ်တာအချက်အလက်များကို ကာကွယ်ခြင်းသည် မိမိ၏တာဝန်ဖြစ်သည်။**

### ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်အတုနှင့်စပ်လျဉ်း၍ CDDကို မည်သို့ဆောင်ရွက်သင့်သလဲ

နိုင်ငံသားစိစစ်ရေးကတ်အတုများသည် ဒုစရိုက်သမားများအတွက် ဘဏ်ငွေစာရင်းများ၊ Kpay, WavePay ကဲ့သို့သော မိုဘိုင်းငွေကြေးဝန်ဆောင်မှုအကောင့်များဖွင့်လှစ်အသုံးချနိုင်စေရန် အခွင့်အလမ်းများဖြစ်စေသည်။ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်အတုကိုအသုံးပြု၍ မိမိတို့၏ထုတ်ကုန်နှင့် ဝန်ဆောင်မှုများအပေါ် တလွဲအသုံးချခြင်းမခံရစေရေးအတွက် ဖောက်သည်အပေါ်အလေးထားစိစစ်ခြင်း (Customer Due Diligence-CDD)လုပ်ငန်းစဉ်ကို အောက်ပါအတိုင်းဆောင်ရွက်သင့်သည်-

- (၁) နိုင်ငံသားစိစစ်ရေးကတ်တွင်ပြင်ရာဖျက်ရာများ ရှိ၊ မရှိ၊
- (၂) ထုတ်ပေးသည့်ကာလအပေါ်မူတည်၍ နိုင်ငံသားစိစစ်ရေးကတ်အရောင်တောက်ပနေခြင်း သို့မဟုတ် အရောင်မှေးမှိန်နေခြင်း ရှိ၊ မရှိ၊
- (၃) ဆက်သွယ်ဆောင်ရွက်သူနှင့်နိုင်ငံသားစိစစ်ရေးကတ်ပါ ဓာတ်ပုံတူညီမှု ရှိ၊ မရှိ၊
- (၄) တိုင်းဒေသကြီး/ပြည်နယ်အမှတ်စဉ်ကိန်းဂဏန်းများ၊ မြို့နယ်ကိုယ်စားပြုအတိုကောက်အမည်များမှန်ကန်မှု ရှိ၊ မရှိ(ဥပမာ- ၁/ မကန(နိုင်) သို့မဟုတ် ၁၂/ မကန(နိုင်))၊
- (၅) ဆက်သွယ်ဆောင်ရွက်သူ၏ လက်ရှိနေရပ်လိပ်စာမှာ အမှန်တကယ်နေထိုင်ခြင်း ရှိ၊ မရှိနှင့် နိုင်ငံသားစိစစ်ရေးကတ်တွင် ဖော်ပြထားသောလိပ်စာများမှန်ကန်မှု ရှိ၊ မရှိ (ဥပမာ-မြို့တစ်ခုတွင် ရပ်ကွက် ၁၂ ရပ်ကွက်သာရှိသော်လည်း ၁၃ ရပ်ကွက်ဟုဖော်ပြထားခြင်း)၊
- (၆) အသက်အရွယ်နှင့်စပ်လျဉ်း၍ နိုင်ငံသားစိစစ်ရေးကတ်ပါ မွေးသက္ကရာဇ်များအရ အသက်အရွယ်နှင့် ဆက်သွယ်ဆောင်ရွက်သူ၏ အသက်အရွယ်ဖြစ်နိုင်ခြင်း ရှိ၊ မရှိ၊
- (၇) နိုင်ငံသားစိစစ်ရေးကတ်ပါ ကိုယ်တွင်ထင်ရှားသောအမှတ်အသားများ အမှန်တကယ် ရှိ၊ မရှိ၊
- (၈) နိုင်ငံသားစိစစ်ရေးကတ်အတုဟု သံသယရှိပါက သက်ဆိုင်ရာမြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးများ၏ ထောက်ခံစာရယူစေခြင်း သို့မဟုတ် ထုတ်ပေးထားခြင်း ရှိ၊ မရှိ အတည်ပြုချက်ရယူခြင်း။

> **"နိုင်ငံသားစိစစ်ရေးကတ်အတုများသည် သင့်အား အမှုအခင်းပြဿနာများထဲသို့ ဆွဲခေါ်နိုင်သည်၊ သတိထားပါ"**

### နိုင်ငံသားစိစစ်ရေးကတ်အတုနှင့်စပ်လျဉ်း၍ မည်သည့်ဥပဒေများဖြင့် အရေးယူခံရနိုင်သလဲ

နိုင်ငံသားစိစစ်ရေးကတ်အတုပြုလုပ်လျှင်ဖြစ်စေ၊ ပြုလုပ်ရန်အားပေးကူညီလျှင်ဖြစ်စေ ၁၉၈၂ မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၂၁ အရ ထောင်ဒဏ်တစ်ဆယ့်ငါးနှစ်နှင့် ငွေဒဏ်ကျခံနိုင်သည်။ ယင်းအပြင် ရာဇသတ်ကြီးပုဒ်မ ၄၂၀၊ ၄၆၈၊ ပုဒ်မ ၄၇၁ တို့အရ တရားစွဲဆိုခံရနိုင်ပြီး ခုနစ်နှစ်ထိ ထောင်ဒဏ်ကျခံရနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။ မိမိ၏နိုင်ငံသားစိစစ်ရေးကတ်ကို ဒုစရိုက်သမား သို့မဟုတ် အကြမ်းဖက်သမားတစ်ဦးဦးအား ငှားရမ်းမိပါက ငှားလိုက်သူကာယကံရှင်အနေဖြင့် ပြစ်မှုကျူးလွန်သူကို အားပေးကူညီရာရောက်မည်ဖြစ်သည်။ မိမိ၏နိုင်ငံသားစိစစ်ရေးကတ်နှင့် ကိုယ်ရေးအချက်အလက်များ ကူးယူအတုပြုလုပ်ခံရပြီး ဒုစရိုက်လုပ်ငန်းများတွင် အသုံးချခံရပါက မလိုလားအပ်သည့် စုံစမ်းစစ်ဆေးမှုများခံရနိုင်သည်။ သို့ဖြစ်ရာ နိုင်ငံသားစိစစ်ရေးကတ်အတုများသည် မိမိအား အမှုအခင်းပြဿနာများထဲသို့ ဆွဲခေါ်နိုင်သည်ကို သတိပြုရမည်ဖြစ်သည်။

ပြည်သူများအနေဖြင့် အခြားသူတစ်ဦးတစ်ယောက်၏ နိုင်ငံသားစိစစ်ရေးကတ်ပြားအား ကောက်ရ/တွေ့ရှိပါက သက်ဆိုင်ရာမြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးသို့ သွားရောက်အပ်နှံရမည်ဖြစ်သည်။ နိုင်ငံသားစိစစ်ရေးကတ်ပြားပျောက်ဆုံးပါက နီးစပ်ရာရဲတပ်ဖွဲ့စခန်းသို့တိုင်ကြားပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးသို့ မိတ္တူထုတ်ပေးခွင့်ကို ကိုယ်တိုင်လျှောက်ထားရမည်။

> **"နိုင်ငံသားစိစစ်ရေးကတ်အတုများကို သုံးစွဲခြင်းသည် နိုင်ငံတော်လုံခြုံရေးကို ထိခိုက်စေသည်"**

အချုပ်အားဖြင့်ဆိုသော် နိုင်ငံသားစိစစ်ရေးကတ်အတုများပြုလုပ်ခြင်းနှင့် အသုံးပြုခြင်းသည် ဥပဒေချိုးဖောက်မှုများ တိုးပွားလာစေနိုင်ပြီး အွန်လိုင်းလိမ်လည်မှုများအား အားဖြည့်ပေးနိုင်သည့်အပြင် နိုင်ငံတော်၏လုံခြုံရေးနှင့် ပြည်သူ့ယုံကြည်မှုကိုပါ ထိခိုက်စေနိုင်သည်။ ထို့ကြောင့် ပိုမိုကောင်းမွန်သောလူမှုအသိုက်အဝန်းတစ်ခုတည်ဆောက်ရန်အတွက် နိုင်ငံသားတိုင်းသည် မိမိအားထုတ်ပေးထားရှိသည့် နိုင်ငံသားစိစစ်ရေးကတ်များ၏ အရေးပါမှုကိုနားလည်သိရှိပြီး တာဝန်ရှိရှိထိန်းသိမ်းအသုံးပြုသင့်ပါကြောင်း တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်နိုင်ငံ ယဉ်ကျေးမှုအကအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်စဉ်။

☆ **စာမျက်နှာ ၁၇ မှအဆက်**

**အသိုက်အဝန်းအတူတကွထူထောင်ရေးအတွက် တရုတ်နိုင်ငံနှင့်အတူ လက်တွဲဆောင်ရွက်သွားမည်ဖြစ်ပြီး နှစ်နိုင်ငံပြည်သူများ၏ ဘုံအကျိုးစီးပွားအတွက် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းစေရေး တရုတ်နိုင်ငံနှင့်အတူ အနီးကပ်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်**ကြောင်းကို ထပ်လောင်းအတည်ပြုလိုကြောင်း။

ယခုကဲ့သို့ မင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် မြန်မာ-တရုတ်သံတမန်ဆက်ဆံရေးထူထောင်မှု (၇၅)နှစ်မြောက်စိန်ရတုအထိမ်းအမှတ်အခမ်းအနားတွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှု ပိုမိုနက်ရှိုင်းစေရန်နှင့် မဟာဗျူဟာကျသည့်ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် အေးအတူပူအမျှ အသိုက်အဝန်းထူထောင်မှု အရှိန်အဟုန်ကို တိုးမြှင့်သွားမည်ဟူသည့် မြန်မာနိုင်ငံ၏ခိုင်မာသည့်သန္နိဋ္ဌာန်ကို ထပ်လောင်းအတည်ပြုပြောကြားလိုကြောင်း။

အနာဂတ်နှစ်နိုင်ငံအကြား တိုးတက်ကောင်းမွန်သည့် ဆက်ဆံရေးကို ရှေးရှုပြီး မြန်မာ-တရုတ်ချစ်ကြည်ရေး ထာဝရအခွန့်ရှည်တည်တံ့ပါစေကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စဉ်ဆက်မပြတ်ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်ပါကြောင်းကို ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် မြန်မာ-တရုတ် နှစ်နိုင်ငံယဉ်ကျေးမှု အကအလှမျိုး၊ တေးသီချင်းများဖြင့် ကပြသရုပ်ဖော်တင်ဆက်ပြသမှုများနှင့် မြန်မာ-တရုတ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာဖြစ်ပေါ်တိုးတက်မှုသမိုင်းကြောင်းမှတ်တမ်းဗီဒီယိုဖိုင်အား ကြည့်ရှုကြသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အခမ်းအနားတက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မှတ်တမ်းဓာတ်ပုံပြခန်းများအား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်းသတင်းရရှိသည်။ (၁၀၀)

# ဇနီဖြူမြို့နယ်၌ စိုက်ပျိုးရေး မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ကွင်းဆင်းလေ့လာ

**ဇနီဖြူ ဇွန် ၈**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်ဒေသအခြေခံအိမ်ထောင်စုများကို အလုပ်အကိုင်ဖန်တီးပေးခြင်းနှင့် ဆင်းရဲမှုလျော့ကျစေရန်၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုရှိစေရန်ရည်ရွယ်၍ ဧရာဝတီတိုင်းဒေသကြီး ဇနီဖြူမြို့နယ် ရိုးကြီးကျေးရွာ၌ ကျေးလက်ဒေသအခြေခံအိမ်ထောင်စုများ၏ အသက်မွေးဝမ်းကျောင်းမြှင့်တင်ရေးစီမံကိန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများတိုးချဲ့ဆောင်ရွက်ထားရှိမှုကို ယနေ့တွင် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းလေ့လာသည်။

ထိုသို့ကွင်းဆင်းလေ့လာရာတွင် မအူပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်ဦး ဦးဆောင်၍ ညောင်တုန်းမြို့နယ် အုန်းပင်စုကျေးရွာမှ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်မည့် အသင်းသား ၁၀ ဦးနှင့် ဝန်ထမ်းငါးဦးတို့သည် ဇနီဖြူမြို့နယ် ရိုးကြီးကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ခရိုင်ဦးစီးမှူးက စီမံကိန်းဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်နှင့် အားနည်းချက်၊ အားသာချက်များ ဖော်ထုတ်ပြီး ပိုမိုအောင်မြင်စွာဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ယခုကဲ့သို့ ကွင်းဆင်းလေ့လာရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဇနီဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခိုင်ချိုလွင်နှင့် တာဝန်ရှိသူများက စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ၊ လုပ်ငန်းစဉ်များဆိုင်ရာအချက်အလက်များ၊ စီမံခန့်ခွဲမှုနှင့် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြီး ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မိသားစုဝင်ငွေတိုး စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုလေ့လာကြသည်။

ညောင်တုန်းမြို့နယ် အုန်းပင်စုကျေးရွာတွင်လည်း အဆိုပါစီမံကိန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပထမစက်ဝန်း၌ အိမ်ထောင်စု ၄၅ စု၊ ဒုတိယစက်ဝန်း၌ အိမ်ထောင်စု ၂၂ စု၊ တတိယစက်ဝန်း၌ အိမ်ထောင်စု ၁၁ စုဖြင့် စဉ်ဆက်မပြတ် လည်ပတ်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **မောင်ခိုင်**

# UFC-316 ပြိုင်ပွဲတွင် ဂျိုရှူအာဗန်က ဘရာဇီးဖိုက်တာကို ဒိုင်ပွဲရပ်ဖြင့်အနိုင်ရ

**ရန်ကုန် ဇွန် ၈**

မြန်မာစံတော်ချိန် ဇွန်လ ၈ ရက် နံနက်ပိုင်းတွင် အမေရိကန်နိုင်ငံ၌ကျင်းပသည့် UFC-316 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ ဂျိုရှူအာဗန်ပါဝင်ထိုးသတ်ခဲ့ပြီး ဒိုင်ပွဲရပ်ဖြင့် အနိုင်ရခဲ့သည်။

ဂျိုရှူအာဗန်သည် ဘရာဇီးဖိုက်တာ ဘရူနိုဆေးလ်ဗားနှင့်တွေ့ဆုံခဲ့ပြီး တတိယအချီ ၄ မိနစ် ၁ စက္ကန့်တွင် ဒိုင်ပွဲရပ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဂျိုရှူအာဗန်သည် နောက်ဆုံးလေးပွဲဆက်တိုက်အနိုင်ရခဲ့ပြီး UFC နှင့်လက်တွဲပြီးနောက် ခုနစ်ပွဲမြောက်နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ဂျိုရှူအာဗန်သည် ယခင်ပွဲများထက် နည်းစနစ်ပိုင်းပိုကောင်းလာသလို လက်သီးထိုးချက်များ သိသိသာသာကောင်းမွန်လာသဖြင့် အနိုင်ယူနိုင်ခဲ့ခြင်းဖြစ်သည်။

ဘရူနိုသည် ပထမအချီအစတွင် ခြေကန်ချက်များဖြင့် တုံ့ပြန်သော်လည်း ဂျိုရှူအာဗန်က အကောင်းဆုံးတုံ့ပြန်နိုင်ခဲ့ပြီး ဘယ်ညာတွဲလုံး လက်သီးများက ဘရူနိုမျက်နှာကို ဆက်တိုက်ကျရောက်ခဲ့သည်။ တတိယအချီတွင် အသက်အရွယ်ရလာသည့် ဘရူနိုသက်လုံကျလာ၍ ဂျိုရှူအာဗန်ပိုသာလာပြီး လက်သီးချက်များ ဆက်တိုက်ပစ်သွင်းကာ အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဂျိုရှူအာဗန်သည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝ ၁၆ ပွဲမြောက်ထိုးသတ်ရာတွင် ၁၄ ပွဲမြောက် နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။ **ညီမြတ်သော်တာ**

# ၈-၆-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၈၂၀,၀၀၀)**ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် ဇွန် ၈**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများက မြန်မာ-တရုတ် နှစ်နိုင်ငံယဉ်ကျေးမှုအကအလှများ၊ တေးသီချင်းများဖြင့် ကပြသရုပ်ဖော် တင်ဆက်ပြသမှုများအား ကြည့်ရှုစဉ်။

❖ ခေတ်သစ် နှစ်နိုင်ငံဆက်ဆံရေးသမိုင်းတွင် မြန်မာနိုင်ငံသည် ၁၉၄၉ ခုနှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံစတင်ထူထောင်ချိန်၌ ပထမဆုံးအသိအမှတ်ပြုခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့၊ ၎င်းနောက် ၁၉၅၀ ပြည့်နှစ် ဇွန်လ(၈)ရက်နေ့တွင် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးထူထောင်ခဲ့ခြင်းကြောင့် ယနေ့ဆိုပါက စိန်ရတုကာလကို ရောက်ရှိခဲ့ပြီဖြစ် . . .

❖ မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၏ ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းနှင့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်းများ အကောင်အထည်ဖော်သည့်နေရာတွင် အရေးပါသည့် ပထဝီဝင် အနေအထားတွင်ရှိနေ၊ အဆိုပါစီမံကိန်းများကို ဆောလျင်စွာ အကောင်အထည်ဖော်ခြင်းအားဖြင့် နှစ်နိုင်ငံပြည်သူများ အတူတကွစဉ်ဆက်မပြတ်သာယာဝပြောဖွံ့ဖြိုးတိုးတက်နိုင်စေမည့် အခွင့်အလမ်းပေါင်းများစွာ ရရှိစေနိုင်လိမ့်မည်ဟု ယုံကြည် . . .

❖ တရုတ်နိုင်ငံ၏ မိမိတို့နိုင်ငံအပေါ်တွင် စဉ်ဆက်မပြတ် အပြုသဘောဆောင်သည့် ထိတွေ့ဆောင်ရွက်မှု၊ စိတ်ကောင်းစေတနာဖြင့်အားပေးထောက်ခံမှုများအတွက်လည်း များစွာတန်ဖိုးထားကျေးဇူးတင်၊ မြန်မာနိုင်ငံအရေးကိစ္စနှင့်ပတ်သက်၍ တရုတ်နိုင်ငံ အနေဖြင့် နိုင်ငံတကာမျက်နှာစာတွင် ရပ်တည်ထောက်ခံပေးလျက်ရှိသည့်အတွက်လည်း ကျေးဇူးတင်ရှိ . . .

☆ **ရှေ့ဖုံးမှအဆက်**

ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းတို့မှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့မှ သံတမန်များ၊ အထူးဖိတ်ကြားထားသည့်ဧည့်သည်တော်




မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

များတက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့သည် မြန်မာ-တရုတ် နှစ်နိုင်ငံ၏ သံတမန်ဆက်ဆံရေးသမိုင်းတွင် အဓိပ္ပာယ်ပြည့်ဝပြီး ဂုဏ်ယူစရာကောင်းသည့် အခါသမယဖြစ်သကဲ့သို့ သမိုင်းတစ်လျှောက် ကာလကြာမြင့်စွာ တည်တံ့ခိုင်မြဲခဲ့သည့် ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်လေးစားယုံကြည်မှု၊ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှုများနှင့် အနာဂတ်အတွက် တူညီသည့်သန္နိဋ္ဌာန်ရှိနေကြသည်ကိုလည်း ဖော်ညွှန်းပြသသည့် အခမ်းအနားဖြစ်ကြောင်း။

မိမိတို့နှစ်နိုင်ငံ၏ ဆက်ဆံရေးသမိုင်းကြောင်းကို ပြန်ကြည့်ပါကလွန်ခဲ့သည့် နှစ်ပေါင်း(၁၄၀၀)ကျော် အေဒီ (၇) ရာစုနှစ် မြန်မာနိုင်ငံက ပျူမင်းဆက်များနဲ့ တရုတ်နိုင်ငံ တန်မင်းဆက်မှစ၍ ခေတ်အဆက်ဆက် ကုန်သွယ်ရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ သံတမန်ရေးဆက်ဆံမှု သမိုင်းအထောက်အထားများစွာ တွေ့ရမည်ဖြစ်ကြောင်း၊ သံတမန်ရေးဆက်ဆံမှုအနေဖြင့် အေဒီ (၁၁)ရာစု ပုဂံခေတ်မှာ မြန်မာသံတမန် ရှင်ဒိသာပါမောက်တရုတ်နိုင်ငံကို သံခင်းတမန်ခင်းသွားရောက်ခဲ့သည့်သမိုင်းမှတ်တမ်းသည် မျက်မှောက်ခေတ် နှစ်နိုင်ငံစွဲစွဲမြဲမြဲကျင့်သုံးနေသည့်ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူဝါဒ၏အခြေခံအုတ်မြစ်ဟုဆိုနိုင်ကြောင်း။

ခေတ်သစ်နှစ်နိုင်ငံ ဆက်ဆံရေးသမိုင်းတွင် မြန်မာနိုင်ငံသည် ၁၉၄၉ ခုနှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံစတင်ထူထောင်ချိန်၌ ပထမဆုံးအသိအမှတ်ပြုခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့ကြောင်း၊ ၎င်းနောက် ၁၉၅၀ ပြည့်နှစ် ဇွန်လ (၈)ရက်နေ့တွင် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထူထောင်ခဲ့ခြင်းကြောင့် ယနေ့ဆိုပါက စိန်ရတုကာလကို ရောက်ရှိခဲ့ပြီဖြစ်ကြောင်း။

မြန်မာ-တရုတ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထူထောင်ခဲ့သည့် ၁၉၅၀ ပြည့်နှစ်မှစတင်ပြီး ခေတ်အဆက်ဆက် နှစ်နိုင်ငံခေါင်းဆောင်များ၏ အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်များသည် နှစ်နိုင်ငံဆက်ဆံရေးကို တစ်စထက်တစ်စပိုမိုတိုးတက်ခိုင်မာစေခဲ့ကြောင်း။

မြန်မာ-တရုတ် နှစ်နိုင်ငံအကြား သမိုင်းကြောင်းကိုအခြေခံပြီး ၁၉၅၄ ခုနှစ်က ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ချက်ကို စာချုပ်ချုပ်ဆိုနိုင်ခဲ့ခြင်းသည် မျက်မှောက်ခေတ် နိုင်ငံတကာဆက်ဆံရေးသမိုင်းတွင် စံနမူနာတစ်ခုဖြစ်စေခဲ့ကြောင်း၊ ၁၉၅၅ ခုနှစ် ဘန်ဒေါင်းညီလာခံမှစတင်၍ မျက်မှောက်ခေတ်ကာလအထိ ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံအများအပြားက ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ချက်ကို လက်ခံကျင့်သုံးနေကြသည်ကို ဝမ်းမြောက်ဂုဏ်ယူဖွယ်တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် တရုတ်တစ်နိုင်ငံတည်းမူဝါဒကိုအခြေခံကျသည့် မူဝါဒအဖြစ် ခိုင်ခိုင်မာမာ ကျင့်သုံးလျက်ရှိကြောင်း၊ ထို့အပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ၁၉၇၁ ခုနှစ်က ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်ရေးအတွက်လည်း အပြည့်အဝထောက်ခံပေးခဲ့ကြောင်း၊ ရှေ့ဆက်၍လည်း နှစ်နိုင်ငံမိတ်ဖက်ဆက်ဆံရေးကို ပိုမိုခိုင်မာစေရန်နှင့် ဒေသတည်ငြိမ်အေးချမ်းရေးကို အထောက်အကူဖြစ်စေရန်အတွက် တရုတ်တစ်နိုင်ငံတည်းမူဝါဒကို ဆက်လက်ကျင့်သုံးသွားမည်ဖြစ်သည်ကို ထပ်လောင်းအတည်ပြုပြောကြားလိုကြောင်း။

မျက်မှောက်ကာလတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတကြီး ရှီကျင့်ဖျင်၏ ကမ္ဘာလုံးဆိုင်ရာ သဘောတရားများဖြစ်သည့် ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးသဘောထား၊ ကမ္ဘာလုံးဆိုင်ရာ လူသားယဉ်ကျေးမှုသဘောထား၊ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးသဘောထား၊ ကမ္ဘာလုံးဆိုင်ရာ ဉာဏ်ရည်တုသဘောထားများသည် အနာဂတ်ကမ္ဘာ၏ငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးစသည်များကို ပိုမိုမြှင့်တင်နိုင်မည်ဟု ရှုမြင်ရသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် ကြိုဆိုထောက်ခံသည်ကို ပြောကြားလိုပါကြောင်း။

မိမိတို့နှစ်နိုင်ငံ၏ ဆက်ဆံရေးကို ပြည်သူများအကြား အပြန်အလှန်ဖလှယ်မှုများနှင့် ကဏ္ဍစုံတွင်အနီးကပ်ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ၂၀၁၁ ခုနှစ်တွင် **"ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး"** အဖြစ် အဆင့်မြှင့်တင်နိုင်ခဲ့ကြောင်း။

နှစ်နိုင်ငံဆက်ဆံရေး သမိုင်းတစ်လျှောက် သိသာထင်ရှားသည့် ဖြစ်ပေါ်တိုးတက်မှုများထဲမှတစ်ခုမှာ ၂၀၂၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံကိုလာရောက်ခဲ့သည့်သမ္မတကြီး မစ္စတာရှီကျင့်ဖျင်၏ သမိုင်းဝင်ခရီးစဉ်ဖြစ်ကြောင်း၊ အဆိုပါခရီးစဉ်အတွင်း မြန်မာ-တရုတ် အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်ရန်သဘောတူညီခဲ့ကြကြောင်း၊ လက်ရှိအချိန်တွင်အဆိုပါသဘောတူညီချက်မှ နှစ်နိုင်ငံနှင့် ပြည်သူတွေအကျိုးအတွက် ခိုင်မာသည့် တိုးတက်ဖြစ်ထွန်းမှုများကို ဆောင်ကြဉ်းပေးလျက်ရှိနေပြီကို အားလုံး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မှတ်တမ်းဓာတ်ပုံပြခန်းများအား လှည့်လည်ကြည့်ရှုစဉ်။

နိုင်စေမည့် အခွင့်အလမ်းပေါင်းများစွာ ရရှိစေနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း၊ တရုတ်-မြန်မာစီးပွားရေးစင်္ကြံလမ်းကြောင်း တစ်လျှောက်တွင်ရှိသည့် မဟာဗျူဟာကျသော စီမံကိန်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများအဆင်ပြေချောမွေ့စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားကြရန်လည်း တိုက်တွန်းမှာကြားလိုကြောင်း၊ တရုတ်နိုင်ငံ၏ မိမိတို့နိုင်ငံအပေါ်တွင် စဉ်ဆက်မပြတ် အပြုသဘောဆောင်သည့် ထိတွေ့ဆောင်ရွက်မှု၊ စိတ်ကောင်းစေတနာဖြင့် အားပေးထောက်ခံမှုများအတွက်လည်း များစွာတန်ဖိုးထားကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံအရေးကိစ္စနှင့်ပတ်သက်၍ တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတကာမျက်နှာစာတွင်ရပ်တည်ထောက်ခံပေးလျက်ရှိသည့်အတွက်လည်း ကျေးဇူးတင်ရှိကြောင်း။

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကိုယ်စား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်းကို ဂုဏ်ပြုပြောကြားလိုကြောင်း၊ ၂၀၂၀-၂၀၂၁-၂၀၂၂ ခုနှစ်ကာလများအတွင်း၌လည်း ကမ္ဘာတစ်ဝန်းလုံး၌ဖြစ်ပွားခဲ့သည့် ပြင်းထန်သော ကိုဗစ် -၁၉ ရောဂါကိုလည်း မြန်မာနိုင်ငံအနေဖြင့်ဆိုးရွားစွာခံစားခဲ့ရကြောင်း၊ အဆိုပါအချိန်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် ကိုဗစ် - ၁၉ ရောဂါကာကွယ်ရေးဆေးများ၊ ပစ္စည်းများ၊ အထူးသဖြင့် အောက်ဆီဂျင်နှင့် ထုတ်လုပ်ရေးဆိုင်ရာများတွင် အမြောက်အမြားကူညီပေးခဲ့ခြင်းကြောင့်မြန်မာပြည်သူများ ကိုဗစ်ရောဂါကင်းစင်ရေးအတွက် များစွာအထောက်အကူပေးခဲ့သည်ကိုလည်း ကျေးဇူးတင်ရှိခဲ့သည်ကို ထည့်သွင်းပြောကြားလိုပါကြောင်း။

ထို့အပြင် **မန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးခဲ့မှုများတွင် ပြန်လည်ထူထောင်ရေးအတွက် အထောက်အကူပြုနိုင်ရန် တရုတ် ယွမ် (၁ ဒသမ ၁)ဘီလီယံ တန်ဖိုးရှိ အရေးပေါ်လူသားချင်းစာနာထောက်ထားမှုအကူအညီများကို ပေးအပ်ခဲ့**ကြောင်း၊ အခက်အခဲဆုံးအချိန်တွင်ရရှိခဲ့သည့်အသိပင်ဖြစ်ကြောင်း။

အခွင့်ကြုံခိုက် ယခုကဲ့သို့သမိုင်းဝင်အခါသမယတွင် မိမိတို့နှစ်နိုင်ငံ၏ ဘုံရည်မှန်းချက်များ ပိုမိုတိုးတက်ဖြစ်ထွန်းလာစေရန်အတွက် တရုတ်နိုင်ငံနှင့်အတူ လက်တွဲ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ထပ်လောင်းအတည်ပြုပြောကြားလိုကြောင်း၊ ထို့အပြင် နှစ်နိုင်ငံပြည်သူများအတွက် ရေရှည်တည်တံ့သည့် ဘုံအကျိုးစီးပွားနှင့် ဒေသတွင်းတည်ငြိမ်စွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ-တရုတ် အနာဂတ်အေးအတူပူအမျှ အသိုက်အဝန်း တည်ဆောက်မှုနှင့် သာယာဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို မြှင့်တင်နိုင်ရေးတို့ကို ဆက်လက်ကြိုးပမ်းအားထုတ်သွားမည် ဖြစ်သည်ကိုပြောကြားလိုကြောင်း။

မိမိအနေဖြင့်ပြီးခဲ့သည့် ၂၀၂၅ ခုနှစ်၊ မေလအတွင်း ရုရှားနိုင်ငံ၊ မော်စကိုမြို့တွင် ကျင်းပခဲ့သည့် မဟာမျိုးချစ်စစ်ပွဲကြီး အောင်ပွဲနှစ်(၈၀)ပြည့် အထိမ်းအမှတ်အခမ်းအနားကို တက်ရောက်ခဲ့စဉ်ကာလအတွင်း တရုတ်နိုင်ငံသမ္မတမစ္စတာရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ အဆိုပါတွေ့ဆုံမှုတွင် စစ်မှန်သည့် မိတ်ဖက်ဆက်ဆံရေး၊ အပြန်အလှန်ယုံကြည်မှုနှင့် ရှိရင်းစွဲဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုကိုအခြေခံပြီး နှစ်နိုင်ငံဆက်ဆံမှု တိုးမြှင့်ဆောင်ရွက်ရေး၊ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေး၊ အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်မှုအရှိန်အဟုန်ကိုမြှင့်တင်ရေးနှင့် ဒေသတွင်း တည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်နှင့်ပတ်သက်ပြီး ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးနိုင်ခဲ့ကြောင်း။

ထို့ပြင် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလအတွင်းက တရုတ်နိုင်ငံ၊ ကူမင်းမြို့တွင် ကျင်းပခဲ့သည့်(၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေးတက်ရောက်ခဲ့စဉ်ကလည်း မိမိအနေဖြင့်တရုတ်နိုင်ငံဝန်ကြီးချုပ် မစ္စတာလီချန်းနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေးခဲ့ပြီး ရလဒ်ကောင်းများရရှိခဲ့ကြောင်း။

မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၏ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းနှင့် တရုတ်-မြန်မာစီးပွားရေးစင်္ကြံစီမံကိန်းများ အကောင်အထည်ဖော်သည့်နေရာတွင် အရေးပါသည့် ပထဝီဝင်အနေအထားတွင် ရှိနေကြောင်း၊ ထို့ကြောင့် အဆိုပါစီမံကိန်းများကို ဆောလျင်စွာ အကောင်အထည်ဖော်ခြင်း



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မှတ်တမ်းဓာတ်ပုံပြခန်းများအား လှည့်လည်ကြည့်ရှုစဉ်။

အားဖြင့် နှစ်နိုင်ငံပြည်သူများ အတူတကွ စဉ်ဆက်မပြတ်သာယာဝပြောဖွံ့ဖြိုးတိုးတက်များတွင် မြန်မာနိုင်ငံအစိုးရ၏ ကြိုးပမ်းအားထုတ်မှုများကို အားပေးထောက်ခံပြီး ပံ့ပိုးကူညီပေးလျက်ရှိသည်ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ ထိုသို့ တရုတ်နိုင်ငံ၏ ခိုင်မာသည့်ရပ်တည်ချက်သည် မိမိတို့နှစ်နိုင်ငံအကြားတွင်ရှိသည့် နက်ရှိုင်းသော ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်မှုတို့ကို ထင်ဟပ်လျက်ရှိပါကြောင်း။

မိမိတို့ နှစ်နိုင်ငံပြည်သူများအကြား အေးအတူပူအမျှ အသိုက်အဝန်းမှ အတူမျှဝေခံစားသည့်စိတ်ဓာတ်၊ ခိုင်မာမြဲမြံသည့်ချစ်ကြည်ရင်းနှီးမှုကို ထင်ဟပ်စေသည်မှာ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်က မန္တလေးမြေငလျင် လှုပ်ခတ်မှုအပြီးချက်ချင်း ၂၄ နာရီအတွင်း၌ တရုတ်နိုင်ငံက ရှာဖွေကယ်ဆယ်ရေးအဖွဲ့များကို စေလွှတ်ပေးခဲ့ခြင်းပင်ဖြစ်ကြောင်း၊ အရေးကြီးဆုံးအချိန် (Golden Hour)၌ ရှာဖွေကယ်ဆယ်ပေးခဲ့ကြသည့် တရုတ်နိုင်ငံအစိုးရနှင့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များကို မြန်မာပြည်သူပထမဦးဆုံး ပြည်ပအကူအညီဖြစ်သည့် တရုတ်နိုင်ငံ၏ အချိန်မီပံ့ပိုးကူညီမှုများသည် မိမိတို့အစိုးရနှင့် ပြည်သူများအတွက် များစွာထိရောက်မှုရှိပြီး ခွန်အားဖြစ်စေခဲ့ကြောင်း။

ထိုကဲ့သို့ အချိန်တိုကာလအတွင်း ဆွေမျိုးပေါက်ဖော်ပီသသည့် ရိုင်းပင်းကူညီပေးမှုများအတွက် မြန်မာနိုင်ငံသားများကိုယ်စားအိမ်နီးချင်းကောင်း မိတ်ဆွေကောင်းဖြစ်သည့် တရုတ်နိုင်ငံအစိုးရနှင့်ပြည်သူများကို များစွာကျေးဇူးတင်ရှိပါကြောင်း၊ ထိုသို့ မွန်မြတ်သည့် ပံ့ပိုးကူညီမှု၊ နှစ်နိုင်ငံပြည်သူများအကြား စစ်မှန်သည့် ချစ်ကြည်ရင်းနှီးမှုနှင့်မြန်မာပြည်သူများနှင့်အတူ ရပ်တည်ပေးမှု၊ နွေးထွေးသည့် အကူအညီပေးမှုများသည် နှစ်နိုင်ငံချစ်ကြည်ရေးသမိုင်းတွင် မော်ကွန်းတင်ကျန်ရစ်နေမည်ဖြစ်ကြောင်း။

**မြန်မာနိုင်ငံအနေဖြင့် အပြန်အလှန်လေးစားမှုနှင့် နှစ်နိုင်ငံအကျိုးစီးပွားဖြစ်ထွန်းစေရေးမူဝါဒများထည့်သွင်းဖော်ပြထားသည့် အေးအတူပူအမျှ စာမျက်နှာ ၁၅ သို့** ☆

❖ **မိမိတို့ နှစ်နိုင်ငံပြည်သူများအကြား အေးအတူပူအမျှ အသိုက်အဝန်းမှ အတူမျှဝေခံစားသည့်စိတ်ဓာတ်၊ ခိုင်မာမြဲမြံသည့်ချစ်ကြည်ရင်းနှီးမှုကို ထင်ဟပ်စေသည်မှာ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်က မန္တလေးမြေငလျင်လှုပ်ခတ်မှုအပြီးချက်ချင်း ၂၄ နာရီအတွင်း၌ တရုတ်နိုင်ငံက ရှာဖွေကယ်ဆယ်ရေးအဖွဲ့များကို စေလွှတ်ပေးခဲ့ခြင်းပင်ဖြစ်၊ အရေးကြီးဆုံးအချိန်(Golden Hour)၌ ရှာဖွေကယ်ဆယ်ပေးခဲ့ကြသည့် တရုတ်နိုင်ငံအစိုးရနှင့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များကို မြန်မာပြည်သူများကိုယ်စား လှိုက်လှဲစွာ ကျေးဇူးတင်ရှိ . . .**

❖ **မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှု ပိုမိုနက်ရှိုင်းစေရန်နှင့် မဟာဗျူဟာကျသည့် ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် အေးအတူပူအမျှ အသိုက်အဝန်းထူထောင်မှုအရှိန်အဟုန်ကို တိုးမြှင့်သွားမည်ဟူသည့် မြန်မာနိုင်ငံ၏ ခိုင်မာသည့်သန္နိဋ္ဌာန်ကို ထပ်လောင်းအတည်ပြုပြောကြားလို . . .**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing delivers address at Diamond Jubilee of Myanmar-China diplomatic relations




Chairman of State Administration Council Prime Minister Senior General Min Aung Hlaing delivers address at Diamond Jubilee of Myanmar-China diplomatic relations.

NAY PYI TAW June 8

The Diamond Jubilee of Myanmar-China diplomatic relations was observed at Mingalar Thiri Hotel here this morning, with an address delivered by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present were SAC Joint Secretary General Ye Win Oo, SAC members, union level dignitaries, union ministers, senior military officers from the Office of the Commander-in-Chief, heads of diplomatic missions in Myanmar, the Nay Pyi Taw Council chair, chairs and members of Myanmar Institute of Strategic and International Studies, Union of Myanmar Federation of Chambers of Commerce and Industry, and Myanmar-China Friendship Association, diplomats of the Embassy of People's Republic of China in Myanmar and Military Attache Office and specially invited guests.



Senior General Min Aung Hlaing views documentary photos of Myanmar-China diplomatic relations.

In his keynote address, the Senior General said today is a proud and meaningful moment in the history of Myanmar-China diplomatic relations, while the ceremony demonstrates the long-lasting friendship, mutual respect and trust, active cooperation and shared future visions.

Historical records show that the relations between the two countries began 1400 years ago in AD 7th century when the Pyu dynasty of Myanmar and Tang dynasty of China established bilateral trade, economic, cultural and diplomatic relations, and they are going on well throughout the successive period still now. As regards the diplomatic relations, a Myanmar diplomat, Shin Ditha Pamauk, paid a diplomatic visit to China in AD 11th century during the Bagan period, and the visit can be said the cornerstone of today's policy of peaceful coexistence, both countries are adhering to.

Modern day history shows that Myanmar is the first country to recognize the People's Republic of China that was established in 1949; and that the bilateral diplomatic relations between the two, set up on 8 June 1950, have reached the diamond jubilee now.

Mutual goodwill visits between the leaders of the two countries that began in 1950 when the two established bilateral diplomatic relations have gradually strengthened bilateral relations.

The signing of the five principles of peaceful coexistence, based on Myanmar-China history, in 1954 has marked as an example in modern day international relations. It is a pleasure to witness that from the Bandung Conference in 1955 till today, a large number of developing countries are exercising the five principles of peaceful coexistence.

In the sphere of international relations, Myanmar adheres to the "One China Policy." Hence, the country fully supported

See Page - 19

●● From Page - 18

China's entry into the UN as its member in 1971. Myanmar reiterates its stance on "One China Policy", with a view to further cementing relations between the two countries and assisting regional peace and stability.

Myanmar welcomes and supports the global initiatives of PRC President Xi Jinping -- global development initiative, global civilization initiative, global security initiative, global AI initiative –as the country sees them as the promoters for peace, stability and sustainable development of the future world.

The two countries upgraded their relations to **multiple strategic partnerships** in 2011 through people-to-people exchange programs and closer cooperation.

President Xi's historic visit to Myanmar in 2020 is one of the significant developments in the history of bilateral relations. During the visit, an agreement was reached to set up a Myanmar-China community that shares successes and hardships. It is common knowledge that the said agreement is now firmly delivering advantages to the peoples of both countries.

At this historic moment, Myanmar reconfirms its commitment to join hands with China for greater progress of common goals of the two countries. Moreover, sustainability of P2P common interest and stability and progress in the region will be realized through continued efforts to facilitate the action of establishing a shared Myanmar-China community and prosperity.

During the visit to Moscow, Russia, to attend the 80th Victory Day of the Great Patriotic War in May, 2025, I held talks with Chinese President Mr. Xi Jinping. During the meeting we frankly exchange views on promoting bilateral relations, enhancing cooperation in multiple sectors, accelerating the establishment of a community that unites through thick and thin and matters related to regional stability based on genuine friendly relations, mutual trust, and existing sibling relations.

Moreover, during the 8th Summit of the Greater Mekong Sub-region in Kunming, China in November, 2024, I held talks with Chinese Premier Mr. Li Qiang frankly and achieved favourable outcomes.

Myanmar is located at the strategic geographical position in implementation of the Belt and Road Initiative and the China-Myanmar Economic Corridor projects. Therefore, it is believed that various opportunities for sustainable prosperity of the people from the two countries will be realized by implementing the project at an early date. I would like to urge all to continue to cooperate to implement the strategic projects and cooperation projects along the CMEC smoothly. I would like to express my appreciation and thanks for goodwill support and consistent positive engagement of China towards Myanmar. I would also like to thank China for its support for Myanmar affairs in the international frontier.

I would also like to express gratitude to China for supporting Myanmar's efforts for the peace process and national reconciliation and peace and development. Such a standpoint reflects the deep and strong friendship and mutual understanding between the two countries.

Another incident that reflects the spirit of sharing in a community that unites through thick and thin of the people of the two countries is the fact that China sent rescue teams within 24 hours after Myanmar was hit by the Mandalay Earthquake on 28 March, 2025. On behalf of the people of Myanmar, I would like to thank the government of China and its rescue teams who ran rescue operations at the golden hour. In 2020, 2021 and 2022, Myanmar was hit hard by worldwide COVID-19 pandemic. I would like to thank China for offering enormous assistance to Myanmar including COVID-19 vaccines and equipment especially for oxygen and oxygen production at that time and contributing a lot to the elimination of COVID-19 among the people of Myanmar.

Moreover, China provided Myanmar with emergency humanitarian aid worth 1.1 billion Yuan for the rehabilitation from the damage caused by the Mandalay Earthquake. As the aid sent by China was the first foreign assistance at the most difficult time, the timely aid was effective and reinforced the strength of the government and the people.

On behalf of the people of Myanmar, I would like to thank the government and people of good neighbourly and friendly China for the timely aid that was offered out of the spirit of siblings. The noble and genuine friendship between the people of the two countries and offering assistance by standing together with the people of Myanmar warmly will go down in the history of the friendship between the two countries.

I would like to reaffirm that Myanmar will work hand in hand with China closely to establish a community that unites through thick and thin based on policies of mutual respect and interests and to deepen the multi-sectoral cooperation for the common interest of the people of the countries.

On the auspicious occasion of the diamond jubilee ceremony of the 75th Anniversary of the establishment of Myanmar-China diplomatic relations, Myanmar reaffirms its strong commitment to deepen sibling friendship between China and Myanmar and to accelerate the establishment of a community that unites through thick and thin through strategic cooperation.

In conclusion, the Senior General prayed for everlasting Myanmar-China friendship by paving ways for better relations in the future and sustainable prosperity and development of the People's Republic of China.

Then, the Chinese ambassador to Myanmar extended greetings and the Senior General and participants enjoyed Myanmar-China cultural dances and songs as well as a documentary video depicting the development of Myanmar-China relations and cooperation.

Afterward, the Senior General and participants posed for documentary photographs and viewed the documentary photo exhibition of cooperation between the two countries.

**100**

# State Administration Council
# Press Release
# Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

**3. The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**

**State Administration Council**

# Putin-Trump phone talk providing 'major de-escalation opportunity' - RDIF head



MOSCOW June 8

The recent telephone conversation between Russian President Vladimir Putin and US leader Donald Trump has led to a shift in Russian public opinion, which is a "major de-escalation opportunity."

"Putin–Trump dialogue led to historic shift in Russian public opinion. Russians naming the U.S. as 'hostile' dropped from 75 percent to 40 percent. Support for normalizing ties with the West jumped from 52 percent to 80 percent. Dialogue works. People listen. Major deescalation opportunity," the head of the Russian Direct Investment Fund (RDIF) and Russian special presidential envoy for economic cooperation with foreign countries, Kirill Dmitriev, said on Sunday.

On Wednesday, Trump said that he had held a phone call with Putin, which lasted over an hour.

**Sputnik**

# Russia delivers 1st batch of 1,212 Ukrainian soldiers' bodies to exchange point

MOSCOW June 8

Russia has delivered the first batch of 1,212 bodies of Ukrainian soldiers to the border exchange point pursuant to the Istanbul accords, said Lieutenant General Alexander Zorin on Sunday.

Zorin, also a representative of the Russian negotiating group, said that Ukraine has not made contact, therefore the transfer of the bodies and the exchange of prisoners did not take place yet.

Some foreign media representatives waiting at the agreed upon place of exchange have checked some of the refrigerated trucks transporting the bodies.

Zorin said that trains with more bodies of Ukrainian servicemen will start moving towards the border, adding that Russia is awaiting Kiev's official confirmation for transferring Ukrainian soldiers' bodies next week.

This occurred amid an ongoing spat over a prisoner swap between the two sides. Russia on Saturday accused Ukraine of postponing a scheduled prisoner exchange over the weekend, while Ukraine denied the accusation and urged Russia to stop playing "dirty games."

Ukraine's Coordination Headquarters for the Treatment of Prisoners of War claimed Saturday that although both Ukraine and Russia have reached a consensus on the exchange of the remains of fallen soldiers, they have not agreed on the date of the exchange.

During the talks between the two sides in Istanbul on Monday, Moscow agreed to return Ukraine 6,000 bodies of fallen soldiers.

The trade of allegations comes amid escalating military actions on both sides, raising concerns over the prospects for renewed peace talks, analysts have noted.

**Xinhua**

# Trump orders National Guard to quell California riots



LOS ANGELES June 8

US President Donald Trump has ordered the deployment of 2,000 National Guardsmen to Los Angeles County following several days of violent protests and attacks against Immigration and Customs Enforcement (ICE) officers, the White House announced on Saturday.

The latest unrest erupted in the city of Paramount, where demonstrators confronted Immigration and Customs Enforcement (ICE) personnel amid reports of ongoing deportation operations. Though no raid took place at the location in question, tensions escalated near a Home Depot store, where tear gas and less-lethal rounds were fired to disperse the crowd.

"RIOTS & LOOTERS," Trump wrote on Truth Social, "If Governor Gavin Newscum, of California, and Mayor Karen Bass, of Los Angeles, can't do their jobs, which everyone knows they can't, then the Federal Government will step in and solve the problem… the way it should be solved!!!"

White House Press Secretary Karoline Leavitt said the president had signed a Presidential Memorandum authorizing the National Guard deployment, citing attacks against ICE officers and "lawlessness that has been allowed to fester." She reiterated the administration's zero-tolerance stance toward violence directed at law enforcement.Trump's border czar, Tom Homan, who is currently overseeing the operations on the ground, told Fox News: "We're going to bring the National Guard in tonight. We're going to continue doing our job. We're going to push back on these people."

"American people, this is about enforcing the law.. And again, we're not going to apologize for doing it," Homan emphasized. "You've got your First Amendment rights, but if you cross that line of impediment, or you put hands on officers or destroy property, you will be prosecuted."

Los Angeles County Sheriff Robert Luna said his deputies initially responded to a "street takeover" but were later called in by federal agents who said they were under attack. "Eventually, that crowd grew to between 350 and 400 people, and some began throwing objects at the agents," Luna told reporters. He emphasized that his department was not involved in immigration enforcement but supported fellow officers under duress.

**RT**

# Huge fire engulfs clothing market in Kabul

KABUL June 8

A massive fire broke out at a second-hand clothing market in Afghanistan's capital Kabul on Sunday morning, local media outlet Ariana News reported.

The blaze erupted around 9:00 a.m. local time in the Police District 5 area in western Kabul, engulfing approximately 200 shops, a shopkeeper was cited as saying in the report.

Against strong winds, firefighting teams managed to bring the fire under control, a police official said.

Thick black smoke was visible several kilometers away, raising concerns among Kabul residents. The cause of the fire has not been ascertained.

This was the second massive fire incident in Afghanistan in the last three weeks. Several shops were damaged when a market caught fire in northern Kunduz province on May 16.

**Xinhua**

# Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Shock Covid warning: Ultra-catchy 'Nimbus' variant could trigger summer wave amid 97 percent infection surge

A new highly contagious Covid variant could spark a wave of infections this summer, scientists have warned.

Dubbed 'Nimbus', the strain is descended from the already super virulent Omicron and has already triggered a surge in cases in China, Singapore and Hong Kong.

Data from the UK Health Security Agency (UKHSA) also shows 13 cases of Nimbus, known scientifically as N.B.1.8.1, have already been detected in England.


And 25 British samples of the strain have been submitted to an international Covid database since the end of March.

However, both figures are likely an underestimation of how far the variant has spread given how testing has been massively reduced from the height of the pandemic.

Other UKHSA data show the percentage of people testing positive for Covid has risen to its highest point this year, and is already 97 percent higher than the level recorded in March.

Now, British scientists have warned Nimbus could lead to a surge in Covid cases in a matter of weeks, and have urged the vulnerable to get vaccinated.

They warn that many people's immunity to the virus, built up from previous infections and older jabs, has likely faded meaning they could be at higher risk of falling ill.




Professor Lawrence Young, a virologist at Warwick University, said Nimbus had the potential to drive a surge in cases as the weather warms up and people become more sociable.

'We are very likely to see a spike of infections over the next couple of months, possibly by later this month or in July. But it’s difficult to predict the level of this infection wave,' he told The i Paper.

'Population immunity, either from vaccination or previous infection, is waning and, unlike other respiratory viruses such as flu, the Covid virus continues to spread in hot and humid weather,' he said.

He added lab studies suggest Nimbus can infect human cells more efficiently than previous strains, and that it may have increased ability to dodge the immune system, making it more likely to infect people.

There is currently no evidence that the strain is more likely to cause severe illness or death in those it infects, compared to previous strains.

However, infection with the virus can still be deadly for more vulnerable groups.

Covid was a factor in the deaths of just over 300 people in England in May, according to the latest official figures.

Nimbus now accounts for 10.7 percent of Covid infections worldwide, according to the World Health Organisation (WHO), compared to just 2.5 percent a month prior.

Last month the UN-body declared the strain a 'variant under monitoring'.

This means that the WHO is tracking the virus, watching for signs it could pose a significant threat to the public which would promote it to a 'variant of concern'.

Experts have also said that current Covid vaccines, which have been reformulated to combat Omicron descendants, are expected to remain effective against Nimbus.

Symptoms of Nimbus do not appear to differ from other Covid variants and include fatigue, fever, muscle ache and a sore throat.

UKHSA data on Covid tests, which goes up to June 1, show 6.1 percent of the people who were tested that week were positive for the virus, the highest figure for 2025 so far.

This is a seven percent rise from last week's figure and a 97 per cent increase from that recorded at the beginning of March.

Dr Gayatri Amirthalingam, UKHSA's deputy director, said the organisation was keeping a close eye on Nimbus.

'UKHSA is monitoring all available data relating to SARS-CoV-2 variants in the UK and abroad, and we continue to publish our findings in our regular Flu and COVID-19 surveillance reports,' she said.

'NB.1.8.1 has been detected in small numbers in the UK to date, but international data suggests that it is growing as a proportion of all COVID-19 cases.'

Currently adults over the age of 75, care home residents staff as well as people with a weakened immune system are eligible for a free Covid vaccine in Britain.

UKHSA data suggests people who had a Covid jab as part of last spring's booster campaign were 45 percent less likely to need hospital care for the virus in the weeks that followed compared to the unvaccinated.

The agency has urged all people eligible for a vaccine to get jabbed to protect themselves from both NB.1.8.1 and Covid in general.

**Mail Online**

# Iran, Russia team up for satellite power

MOSCOW June 8

Iranian Ambassador to Moscow Kazem Jalali and Russian state space corporation Roscosmos CEO Dmitry Bakanov discussed joint production of satellites at a meeting on Friday, the Islamic Republic's embassy said.

"At the meeting, the sides exchanged views and discussed the following aspects of space cooperation between Russia and Iran: development of advanced technologies, joint design and creation of satellites, joint construction of infrastructure, and knowledge sharing, supporting joint initiatives in the field of maintaining international peace and stability," the embassy said.

In early November, the Soyuz-2.1b rocket launched the Fregat upper stage with 53 small spacecraft into orbit from the Vostochny Cosmodrome, including the Iranian Kowsar remote sensing satellites and the Hodhod telecommunications satellite by private Iranian company Space Omid.

**Sputnik**

# Climate Change and Defence Cooperation

မောင်ယုယ

## ရာသီဥတုပြောင်းလဲမှုကြောင့် ဗြိတိန်နိုင်ငံတွင် ယခုလအတွင်း အပူလှိုင်းဖြတ်သန်းနိုင်ပြီး အချို့ဒေသများတွင် အပူချိန် ၃၂ ဒီဂရီအထိမြင့်တက်လာနိုင်



ရာသီဥတုပြောင်းလဲမှုကြောင့် ဗြိတိန်နိုင်ငံတွင် ယခုလအတွင်း အပူလှိုင်းဖြတ်သန်းနိုင်ပြီး နိုင်ငံအတွင်းရှိ အချို့ဒေသများတွင် အပူချိန်မှာ ၃၂ ဒီဂရီအထိမြင့်တက်လာနိုင်ကြောင်း အာဏာပိုင်အဖွဲ့က ထုတ်ပြန်ထားသည်။

အပူချိန်မြင့်တက်မှုကို နိုင်ငံအတွင်းရှိ ဒေသအများအပြားက ခံစားရနိုင်ပြီး စကော့တလန်နှင့် ဝေးလ်ဒေသများတွင် အပူချိန်သည် ၂၈ ဒီဂရီသို့ ရောက်ရှိလာနိုင်ပြီး အင်္ဂလန်နိုင်ငံတောင်ပိုင်းတွင်မူ ဇွန်လ ၂၁ ရက်၌ အပူချိန်သည် ၃၂ ဒီဂရီသို့ ရောက်ရှိလာနိုင်သည်။ အင်္ဂလန်နိုင်ငံ ဗဟိုတောင်ပိုင်းရှိ ဒေသများတွင်မူ များသောအားဖြင့် အပူချိန် ၃၀ ဒီဂရီ သို့မဟုတ် ၃၁ ဒီဂရီအထိ ရောက်ရှိလာနိုင်ကြောင်း မိုးလေဝသအဖွဲ့က ထုတ်ပြန်ထားသည်။

ဗြိတိန်နိုင်ငံအတွင်း၌ ယခုလကုန်ပိုင်းအထိ အပူချိန်မှာ သာမန်ထက် ပိုမိုမြင့်တက်လာမည်ဟု အင်္ဂလန်မိုးလေဝသဌာနက ထုတ်ပြန်ထားပြီး နိုင်ငံတောင်ပိုင်းတွင် မိုးခြိမ်းမှုများဖြစ်ပွားလာနိုင်ကြောင်း ထုတ်ပြန်ထားသည်။

ဗြိတိန်နိုင်ငံသည် ရာသီဥတုအေးမြသည့်နိုင်ငံဖြစ်သော်လည်း ရာသီဥတုပြောင်းလဲမှုကြောင့် အပူလှိုင်းဖြတ်သန်းမှုကို ခံရဖွယ်ရှိသည်။

Ref: TM

## အိန္ဒိယနိုင်ငံတွင်လာမည့်ရက်သတ္တပတ်အတွင်း အပူချိန် ၄၄ ဒီဂရီအထိမြင့်တက်ဖွယ်ရှိ

အိန္ဒိယနိုင်ငံတွင် လာမည့်ရက်သတ္တပတ်အတွင်း အပူချိန်သည် ၄၄ ဒီဂရီအထိမြင့်တက်လာနိုင်ကြောင်း မိုးလေဝသဌာနက ခန့်မှန်းထားသည်။

အပူချိန်မြင့်တက်မှုသည် အဓိကအားဖြင့် ဒေလီမြို့နှင့်နိုင်ငံအနောက်မြောက်ပိုင်းရှိ ဒေသများတွင် ဖြစ်ပွားလာနိုင်ကြောင်း၊ ယင်းကာလအတွင်း အဆိုပါဒေသများ၌ မိုးရွာသွန်းနိုင်မည်မဟုတ်ကြောင်း မိုးလေဝသဌာနက ထုတ်ပြန်သည်။

အိန္ဒိယနိုင်ငံအတွင်း၌ အပူချိန်မြင့်တက်မှုသည် ဇွန်လ ၈ ရက်တွင် ၄၂ ဒီဂရီအထိမြင့်တက်လာခဲ့ပြီး လာမည့်အပတ်တွင် ၄၄ ဒီဂရီအထိ မြင့်တက်လာနိုင်သည်ဟု ထုတ်ပြန်ထားသည်။ ဒေလီမြို့တွင် ဇွန်လ ၇ ရက်က အပူချိန်သည် ၃၉ ဒသမ ၈ ဒီဂရီအထိ မြင့်တက်လာခဲ့ပြီး ယင်းမြို့အတွင်းရှိ လေထုအရည်အသွေးမှာလည်း ကျဆင်းလာခဲ့ကြောင်း ထုတ်ပြန်ထားသည်။

ဒေလီမြို့တွင် အာဏာပိုင်များက အပူလှိုင်းဖြတ်သန်းမှုနှင့်စပ်လျဉ်း၍ သတိပေးချက်များ ထုတ်ပြန်ထားခြင်းမရှိသော်လည်း ပန်ဂျပ်ပြည်နယ်၊ ဟာယာနာပြည်နယ်၊ ချန်ဒီဂါပြည်နယ်၊ အွတ်တာပရာဒေ့ရှ်ပြည်နယ်နှင့် မက်ဒရာပရာဒေ့ရှ်ပြည်နယ်များအပါအဝင် နိုင်ငံအနောက်ပိုင်းတွင်လည်း အပူလှိုင်းဖြတ်သန်းနိုင်သည်ဟု မိုးလေဝသဌာနက ထုတ်ပြန်ထားသည်။

အိန္ဒိယနိုင်ငံတွင် ဇွန်လမှစ၍ မိုးရွာသွန်းလေ့ရှိသော်လည်း ယခုအခါ အပူချိန်ဆက်လက်မြင့်တက်လျက်ရှိသည်။

Ref: newsba



## ပါကစ္စတန်သို့ တရုတ်က ပဉ္စမမြောက်မျိုးဆက်သစ် J-35A အမျိုးအစား တိုက်လေယာဉ်များပေးပို့

အိန္ဒိယနှင့်ပါကစ္စတန်နယ်စပ်အငြင်းပွားမှုလက်ရှိဆက်လက်ဖြစ်ပွားနေစဉ်အတွင်း တရုတ်နိုင်ငံက ၎င်းတို့၏ပဉ္စမမြောက်မျိုးဆက်သစ် J-35A အမျိုးအစားကိုယ်ပျောက်တိုက်လေယာဉ်များကို ပါကစ္စတန်နိုင်ငံသို့ လွှဲပြောင်းပေးခဲ့သည်။

အဆိုပါ ကိုယ်ပျောက်တိုက်လေယာဉ်များကို ပါကစ္စတန်နိုင်ငံသို့ပေးပို့လိုက်ခြင်းသည် အိန္ဒိယလေတပ်မတော်အတွက် ခြိမ်းခြောက်မှုတစ်ရပ်အဖြစ် ထွက်ပေါ်လာခဲ့ကြောင်း Army Recognition Group. က ဇွန်လ ၈ ရက်တွင် ထုတ်ပြန်ထားသည်။

ပါကစ္စတန်လေတပ်မတော်အနေဖြင့် အဆိုပါကိုယ်ပျောက်တိုက်လေယာဉ်များအား အကန့်အသတ်ဖြင့်သာ လက်ခံရရှိခဲ့သော်လည်း ယင်းနိုင်ငံ၏လေကြောင်းစစ်ပွဲဆင်နွှဲမှုတွင် အိန္ဒိယနိုင်ငံအား သာလွန်သွားဖွယ်ရှိကြောင်း Army Recognition Group. ကဖော်ပြထားသည်။

ပါကစ္စတန်လေတပ်မတော်သည်အဆိုပါ J-35A တိုက်လေယာဉ်များကို အသုံးပြု၍ နက်ရှိုင်းသည့် လေကြောင်းတိုက်ခိုက်မှုများကို လုပ်ဆောင်နိုင်သည့်အပြင် ၎င်းတိုက်လေယာဉ်သည် တရုတ်နိုင်ငံလုပ် နောက်ဆုံးမျိုးဆက်ဖြစ်သည့် ဝေဟင်မှဝေဟင်ပစ်ဒုံးကျည်များကိုပါ ပေါင်းစပ်အသုံးပြုနိုင်သည်။

အိန္ဒိယနိုင်ငံသည် လက်ရှိတွင် အဓိကအားဖြင့် Su-30MKနှင့် MiG-29UPG လေယာဉ်များကိုသာ အသုံးပြုလျက်ရှိပြီး ပါကစ္စတန်လေတပ်မတော်၏လေကြောင်းစွမ်းရည်ကို အမီလိုက်ရန်အတွက် ပြင်သစ်နိုင်ငံလုပ် အဆင့်မြင့်နည်းပညာသုံး နောက်ဆုံးမျိုးဆက် Rafale F3R ဘက်စုံသုံးတိုက်လေယာဉ်လိုအပ်လျက်ရှိသည်။

Ref: Ivz



## စစ်ရေးအကူအညီ စံချိန်တင်လက်ခံရရှိဟု ယူကရိန်းကာကွယ်ရေးဝန်ကြီးထုတ်ဖော်ပြောကြား



ယခု ၂၀၂၅ ခုနှစ်သည် ယူကရိန်းနိုင်ငံသို့ အခြားနိုင်ငံများက ပေးအပ်သည့် စစ်ရေးအကူအညီ စံချိန်တင်မြင့်တက်လာသည့်နှစ်ဖြစ်ကြောင်း ယူကရိန်းကာကွယ်ရေးဝန်ကြီးရက်တမ်အူမာရော့ဗ်ကပြောသည်။

ယူကရိန်းနိုင်ငံအတွက် လုံခြုံရေးအရ အကူအညီပေးအပ်မှုသည် ယခင်နှစ်များက ပေးအပ်သည့် အကူအညီပမာဏထက် ပိုမိုမြင့်တက်လာကြောင်း အူမာရော့ဗ်က ဇွန်လ ၈ရက်တွင် ပြောကြားခြင်းဖြစ်သည်။ ယူကရိန်းနိုင်ငံသို့ ပေးအပ်မည့် စစ်ရေးအကူအညီများတွင် ဂျာမနီနိုင်ငံက ယူရို ၅ ဘီလီယံ၊ ဘယ်ဂျီယံက ယူရို ၁ ဘီလီယံ၊ နော်ဝေနိုင်ငံက ယူရိုသန်း ၇၀၀၊ ဆွီဒင်နိုင်ငံက ယူရို သန်း ၄၄၀၊ နယ်သာလန်နိုင်ငံက ယူရို သန်း ၄၀၀ နှင့် ကနေဒါနိုင်ငံက ဒေါ်လာ ၄၅ သန်း ပေးအပ်ရန်လျာထားသည်။

လက်ရှိတွင် အမေရိကန်အစိုးရသည် ယူကရိန်းနိုင်ငံသို့ ပေးအပ်နေသည့် စစ်ရေးအကူအညီများအား လျှော့ချ သို့မဟုတ် ရပ်ဆိုင်းသွားနိုင်ပြီး သမ္မတဒေါ်နယ်ထရမ့်အနေဖြင့် အမေရိကန်၏ အကျိုးစီးပွားကာကွယ်ရေးကိုသာ လုပ်ဆောင်နိုင်ဖွယ်ရှိသောကြောင့် ယူကရိန်းနိုင်ငံ၏ ဥရောပမဟာမိတ်နိုင်ငံများက ဆက်လက်ထောက်ပံ့ရနိုင်ဖွယ်ရှိကြောင်း ရုရှားစစ်ရေးကျွမ်းကျင်သူ အငြိမ်းစား ဗိုလ်မှူးကြီး အန်တိုလီ မက်ဗီချက်က ဇွန်လ ၆ ရက်တွင် ပြောကြားထားသည်။

Ref: Ivz

# ပြည်သူများ၏ လူမှုဖူလုံရေးအသုံးစရိတ်များကို စစ်ရေးအတွက် အသုံးချနေဟု အစိုးရအား ဗြိတိန်ပြည်သူထောင်ပေါင်းများစွာက ဆန္ဒပြ




လန်ဒန်၊ ပြည်တွင်းရေး

ဗြိတိန်နိုင်ငံရှိ လေဘာအစိုးရသည် ပြည်သူများ၏ လူမှုဖူလုံရေးအသုံးစရိတ်များကို စစ်ရေးအတွက်အသုံးချနေသည်ဟု ယင်းနိုင်ငံပြည်သူထောင်ပေါင်းများစွာက လန်ဒန်မြို့လယ်သို့ ချီတက်ဆန္ဒပြခဲ့ကြောင်းသိရသည်။

ဗြိတိန်ပြည်သူများသည် အဆိုပါချီတက်ဆန္ဒပြမှုကို ဇွန်လ ၇ ရက်တွင် လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး ဆန္ဒပြသူများတွင် ကုန်သွယ်ရေးသမဂ္ဂအဖွဲ့များ၊ စည်းရုံးလှုံ့ဆော်သူများ၊ နိုင်ငံတစ်ဝန်းမှ တက်ကြွလှုပ်ရှားသူများပါဝင်သည်။

အစိုးရအနေဖြင့် ကာကွယ်ရေးအသုံးစရိတ် တိုးမြှင့်နေစဉ်ကာလအတွင်း လူမှုဖူလုံရေး ဝန်ဆောင်မှုများအတွက် အသုံးစရိတ်ဖြတ်တောက်မှုများအား ဖွန်ရှုတ်ရန် ဆန္ဒပြသူများက အစိုးရအား တောင်းဆိုခဲ့သည်။

ထို့ပြင် ဆန္ဒပြသူများက ဝန်ကြီးချုပ်ကီယာစတားမား၏ မူဝါဒများကို ပြစ်တင်ရှုတ်ချခဲ့ပြီး ၎င်း၏စစ်လိုလားသည့်ပြောဆိုမှုများနှင့် ခြိမ်းခြောက်မှုဟူသောပြောဆိုမှုများသည် နိုင်ငံအတွင်းရှိပြည်သူများ၏ လူမှုဖူလုံရေးအသုံးစရိတ်လျှော့ချမှုအတွက် အကြောင်းပြချက်များသာဖြစ်ကြောင်း စွပ်စွဲခဲ့ကြောင်းသိရသည်။ Ref: RT

# အမေရိကန်တွင် လူအစုလိုက်ဆန္ဒပြမှုများဖြစ်ပွားပြီးနောက် ဒေါ်နယ်ထရမ့်က အမျိုးသားအစောင့်တပ်ဖွဲ့ကိုစေလွှတ်ခဲ့ရ



ဝါရှင်တန်၊ နိုင်ငံရေး

အမေရိကန်ပြည်ထောင်စု၊ လော့စ်အိန်ဂျလိစ်မြို့တွင် လူအစုလိုက်ဆန္ဒပြမှုများဖြစ်ပွားပြီးနောက် သမ္မတဒေါ်နယ်ထရမ့်က အမျိုးသားအစောင့်တပ်ဖွဲ့ကို စေလွှတ်ခဲ့ရကြောင်း အိမ်ဖြူတော်က ဇွန်လ ၈ ရက်တွင် ထုတ်ပြန်ထားသည်။

အစုလိုက်ဆန္ဒပြမှုများသည် ရဲတပ်ဖွဲ့က ကယ်လီဖိုးနီးယားပြည်နယ်အတွင်းရှိ တရားမဝင်နေထိုင်သူများ၏ နေအိမ်များအတွင်းသို့ စီးနင်းရှာဖွေခဲ့ပြီးနောက်ဖြစ်ပွားခြင်းဖြစ်သည်။ ရဲတပ်ဖွဲ့၏ စီးနင်းမှုအတွင်း လူ ၄၄ ဦး ဖမ်းဆီးခံခဲ့ရကြောင်း သိရသည်။

စီးနင်းမှုများဖြစ်ပွားပြီးနောက်ပိုင်းတွင် အဓိကရုဏ်းများ ဖြစ်ပွားခဲ့ခြင်းကြောင့် ထရမ့်က ထောင်ပေါင်းများစွာသော အမျိုးသားအစောင့်တပ်ဖွဲ့ဝင်များအား လော့စ်အိန်ဂျလိစ်မြို့သို့ စေလွှတ်ခဲ့ခြင်းဖြစ်ကြောင်း Fox သတင်းဌာနက ဖော်ပြသည်။ အဆိုပါဖြစ်စဉ်နှင့်စပ်လျဉ်း၍ ဒေသတွင်း အစိုးရအဖွဲ့မှ တာဝန်ရှိသူများအား ထရမ့်က ပြစ်တင်ဝေဖန်ခဲ့ကြောင်း သိရသည်။

ကယ်လီဖိုးနီးယားပြည်နယ် အုပ်ချုပ်ရေးမှူးနှင့် လော့စ်အိန်ဂျလိစ်မြို့တော်ဝန်တို့မှာ ၎င်းတို့၏ လုပ်ငန်းတာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ခြင်းမရှိသောကြောင့် အစိုးရအဖွဲ့က ဝင်ရောက်ဖြေရှင်းရခြင်းဖြစ်ကြောင်း ထရမ့်က ၎င်း၏ ဆိုရှယ်မီဒီယာပေါ်တွင် ရေးသားဖော်ပြသည်။

လက်ရှိတွင် အခြေအနေများပိုမိုဆိုးရွားလာပါက ကမ်းတပ်ဖွဲ့အား စေလွှတ်ရန် ကာကွယ်ရေးဝန်ကြီးက အသင့်ပြင်ဆင်ထားကြောင်းသိရသည်။

Ref: Ivz

## သတင်းတိုကဏ္ဍ

# ၂၄ နာရီအတွင်း ယူကရိန်း ဒရုန်းအစင်းပေါင်း ၁၃၁ စင်းကို ရုရှားပစ်ချ

ရုရှားနိုင်ငံသည် ၂၄ နာရီအတွင်း ယူကရိန်း ဒရုန်းအစင်းပေါင်း ၁၃၁ စင်းကို ပစ်ချနိုင်ခဲ့ကြောင်း သိရသည်။

ပစ်ချခံလိုက်ရသည့် ယူကရိန်းဒရုန်းများအနက် ၇၃ စင်းမှာ နိုင်ငံ၏လေကြောင်းကာကွယ်ရေးဖုန်ပြင်ပတွင် ပစ်ချခံရခြင်းဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ဇွန်လ ၈ ရက်တွင် ထုတ်ပြန်သည်။

ရုရှားတပ်ဖွဲ့ဝင်များသည် ယူကရိန်းနိုင်ငံမှ ပျံသန်းလာသည့် ဒရုန်းများကို တူလာ၊ ဘရိုင်ယန့်စ်၊ ကာလူဂါ၊ အော်ယို၊ ဘယ်ဂိုရော့၊ ကာ့စ်နှင့် မော်စကိုဒေသများတွင် ပစ်ချနိုင်ခြင်းဖြစ်ကြောင်း သိရသည်။ Ref: Xinhua

# နယ်စပ်တင်းမာမှုလျှော့ချရေးနှင့် စပ်လျဉ်း၍ ထိုင်းနှင့် ကမ္ဘောဒီးယားတို့ကြား သဘောတူညီမှုရရှိ

ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ကြား ဖြစ်ပွားနေသည့် နယ်စပ်တင်းမာမှု လျှော့ချရေးနှင့် စပ်လျဉ်း၍ နှစ်နိုင်ငံကြား သဘောတူညီမှုရရှိသွားပြီဖြစ်ကြောင်းသိရသည်။

ကမ္ဘောဒီးယားအစိုးရနှင့် ကျင်းပခဲ့သည့် ဆွေးနွေးမှုအတွင်း အပြုသဘောဆောင်သည့် ရလဒ်များထွက်ပေါ်လာခဲ့ပြီး သဘောတူညီချက်တစ်ရပ်ကို ချမှတ်နိုင်ခဲ့ကြောင်း၊ ယင်းသဘောတူညီချက်အရ နှစ်နိုင်ငံစလုံးအနေဖြင့် နယ်စပ်တွင် ဖြန့်ကြက်ထားသည့် တပ်ဖွဲ့များကို ပြန်လည်ရွှေ့ပြောင်းမည်ဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ် ပေထုံတန်က ဇွန်လ ၈ ရက်တွင်ပြောသည်။

ထို့ပြင် ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတို့အနေဖြင့် နှစ်နိုင်ငံဆက်ဆံရေးပုံမှန်ပြန်လည်ဖြစ်စေရန်အတွက် စေ့စပ်ဆွေးနွေးမှုများကို ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

လက်ရှိတွင် ထိုင်းနှင့် ကမ္ဘောဒီးယားတပ်မတော်များအနေဖြင့် ၎င်းတို့ကြား ၂၀၂၄ ခုနှစ်က သဘောတူညီထားသည့် ဒေသများသို့ ပြန်လည်ရွှေ့ပြောင်းသွားပြီဖြစ်ကြောင်း သီးခြားထုတ်ပြန်ချက်တစ်စောင်တွင် ဖော်ပြထားသည်။

Ref: Xinhua

# ဆိုမာလီယာနိုင်ငံတွင် အယ်လ်ရှာဘတ် စစ်သွေးကြွတပ်မှူး သုံးဦးကို ချေမှုန်းနိုင်ခဲ့

ဆိုမာလီယာနိုင်ငံတွင် လုပ်ဆောင်သည့် ပူးတွဲစစ်ဆင်ရေးတစ်ခုတွင် အယ်လ်ရှာဘတ် စစ်သွေးကြွတပ်မှူး သုံးဦးကို ချေမှုန်းနိုင်ခဲ့ကြောင်း အစိုးရအတည်ပြုထုတ်ပြန်သည်။


ချေမှုန်းခံလိုက်ရသည့် စစ်သွေးကြွခေါင်းဆောင်များသည် နိုင်ငံအတွင်း လူသေဆုံးမှုအများအပြားကို ဖြစ်ပေါ်စေသည့် တိုက်ခိုက်မှုများအား ကြိုးကိုင်စီမံခဲ့သူများဖြစ်ကြောင်း သိရသည်။

ယခုအခါ ဆိုမာလီယာတပ်မတော်သည် အယ်လ်ရှာဘတ်စစ်သွေးကြွအဖွဲ့မှ ခေါင်းဆောင် ငါးဦးကို ချေမှုန်းနိုင်ခဲ့ပြီဖြစ်သည်။

အယ်လ်ရှာဘတ်စစ်သွေးကြွအဖွဲ့သည် ဆိုမာလီယာနိုင်ငံအတွင်း၌ အကြမ်းဖက်တိုက်ခိုက်မှုများကို လုပ်ဆောင်နေသည့် အကြမ်းဖက်အဖွဲ့တစ်ဖွဲ့ဖြစ်ကြောင်းသိရသည်။

Ref: Xinhua

# အမေရိကန်တွင် အစာအဆိပ်သင့်စေနိုင်သည့် ပိုးပါဝင်မှုကြောင့် ကြက်ဥကတ်ရေ ၁ ဒသမ ၇ သန်းကို ပြန်လည်သိမ်းယူ



ဝါရှင်တန်၊ ကျန်းမာရေး

အမေရိကန်ပြည်ထောင်စုတွင် အစာအဆိပ်သင့်စေနိုင်သည့် ပိုးပါဝင်မှုကြောင့် ကြက်ဥကတ်ရေ ၁ ဒသမ ၇ သန်းကို ကယ်လီဖိုးနီးယားပြည်နယ်ရှိ ကုမ္ပဏီကြီးတစ်ခုက ပြန်လည်သိမ်းယူခဲ့ရကြောင်း သိရသည်။

ပြန်လည်သိမ်းယူမည့် ကြက်ဥများသည် အညိုရောင်ရှိ အော်ဂန်းနစ်ကြက်ဥအမျိုးအစားဖြစ်ပြီး ၎င်းတို့တွင် အစာအဆိပ်သင့်စေနိုင်သည့် ပိုးပါဝင်နိုင်မှုကြောင့်ပြန်လည်သိမ်းယူရခြင်းဖြစ်ကြောင်း August Egg ကုမ္ပဏီက ယခုရက်သတ္တပတ်အကုန်ပိုင်းတွင် ထုတ်ပြန်သည်။

အဆိုပါကြက်ဥများကို ကုမ္ပဏီက ကယ်လီဖိုးနီးယား၊ ဝါရှင်တန်၊ နီဗားဒါး၊ အရီဇိုးနား၊ ဝေအိုမင်၊ နယူးမက္ကဆီကို၊ နီဘရက်စကာ၊ အင်ဒီယာနာ၊ အီလီနွိုက်စသည့် ပြည်နယ်များရှိ အွန်လိုင်းစတိုးများသို့ ဖြန့်ဝေပေးထားပြီးဖြစ်ကြောင်း သိရသည်။

ကြက်ဥများတွင် အစာအဆိပ်သင့်စေနိုင်သည့် ရောဂါပိုးများ ပါဝင်နိုင်မှုကြောင့် ကြက်ဥများကို ပြန်လည်သိမ်းယူရန် အမေရိကန်အစားအစာနှင့် ဆေးဝါးစီမံရေးအဖွဲ့က ယခုနှစ် မေလ ၂၀ ရက်ကတည်းက ထုတ်ပြန်ထားကြောင်းသိရသည်။ Ref: Ivz

# ယာယီဘာရှာလိုင်းခန်းများတွင် ဝန်ထမ်းများပြောင်းရွှေ့နေထိုင်နေမှု အခြေအနေကို ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇွန် ၈

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဝန်ကြီးဌာနပိုင်မြေနေရာ၌ ပြည်ထောင်စုဝန်ကြီးရုံး၊ သမဝါယမဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့မှ ငလျင်ဒဏ်သင့်အရာထမ်း၊ အမှုထမ်းဝန်ထမ်းများ နေထိုင်နိုင်ရေး တည်ဆောက်ပြီးစီးခဲ့သည့် ယာယီဘာရှာလိုင်းခန်းများတွင် ပြောင်းရွှေ့နေထိုင်နေမှု အခြေအနေများ ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် Prefabricated Modular House များတပ်ဆင်ဆောင်ရွက်နေမှု၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ယာယီလိုင်းခန်းများအတွင်း ကျောက်ချောလမ်းခင်းခြင်း ဆောင်ရွက်နေမှုနှင့် ရေ၊မီး၊မိလ္လာစနစ်များ တပ်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး Prefabricated Modular House တပ်ဆင်မှုများ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သွားရန်နှင့် ဆောင်ရွက်ပြီးစီးပါက ဝန်ထမ်းများကို စနစ်တကျအမြန်ဆုံးနေရာချထားဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ်ရှိ ပြည်ထောင်စုနယ်မြေ နေပြည်တော် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတိုင်းရုံးမြေနေရာ၌ တည်ဆောက်ပြီးစီးခဲ့သည့် ယာယီဘာရှာလိုင်းခန်းများနှင့် Prefabricated Modular House များတွင်ဝန်ထမ်းများ ပြောင်းရွှေ့နေထိုင်နေမှု၊ ရေ၊ မီး၊ မိလ္လာစနစ်များဆောင်ရွက်ပေးထားမှု၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပျဉ်းမနားမြို့ မြောက်လွှတ်ကုန်းရှိ သင်တန်းသားအိပ်ဆောင်ဝင်းနှင့် စက်ယန္တရားသိုလှောင်ရုံဝင်းတို့အတွင်း တည်ဆောက်ထားသည့် ယာယီဘာရှာလိုင်းခန်းများတွင် ဝန်ထမ်းများပြောင်းရွှေ့နေထိုင်နေမှု အခြေအနေများကိုလည်းကောင်း၊ လယ်ဝေးမြို့နယ်ရှိ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနရုံးမြေနေရာတွင် တည်ဆောက်ထားသည့် နှစ်ခန်းတွဲ ယာယီဘာရှာလိုင်းခန်းများတွင် ဝန်ထမ်းများ ပြောင်းရွှေ့နေထိုင်နေမှုကိုလည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံးဝင်းအတွင်းရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ယာယီဘာရှာလိုင်းခန်းများတွင် ဝန်ထမ်းများ ပြောင်းရွှေ့နေထိုင်နေမှုအခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများ စနစ်တကျနေထိုင်နိုင်ရေးအတွက် လိုအပ်သည့် ရေ၊ မီး၊ မိလ္လာစနစ်များလုံလောက်မှုရှိအောင်ဆောင်ရွက်ပေးရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ မြဝတီ

# ပါဠိပထမပြန်စာမေးပွဲ ပဉ္စမနေ့ကျင်းပ


နေပြည်တော် ဇွန် ၈

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၅ ခုနှစ်၊ ပါဠိပထမပြန်စာမေးပွဲ(ပဉ္စမနေ့)တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၂၀၆ ဌာနတို့၌ စာရင်းသွင်း ၃၄၈၀၇ ပါး၊ ဦးအနက် ၂၆၆၅၅ ပါး၊ ဦး ဖြေဆိုကြသဖြင့် ၇၆ ဒသမ ၅၈ ရာခိုင်နှုန်းဖြေဆိုကြကြောင်းသာသနာရေးဦးစီးဌာနမှသိရသည်။ မြဝတီ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**
**သာသနာရေးဦးစီးဌာန**
၁၃၈၇ ခုနှစ် (၂၀၂၅ ခုနှစ်)၊ ပါဠိပထမပြန်စာမေးပွဲ နေ့ရက်အလိုက်
ဖြေဆိုမှုအခြေအနေ

ရက်စွဲ၊ ၈-၆-၂၀၂၅

| စဉ် | အကြောင်းအရာ | စာရင်းသွင်း | ဖြေဆို | ပျက်ကွက် | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁။ | ပထမကြီး | ၇၄၂၅ | ၆၀၁၇ | ၁၄၀၈ | ၈၁.၀၃ |
| ၂။ | ပထမလတ် | ၉၅၂၄ | ၇၅၀၀ | ၂၀၂၃ | ၇၈.၇၅ |
| ၃။ | ပထမငယ် | ၁၇၈၅၈ | ၁၃၁၃၇ | ၄၇၂၁ | ၇၃.၅၆ |
| | **စုစုပေါင်း** | **၃၄၈၀၇** | **၂၆၆၅၅** | **၈၁၅၂** | **၇၆.၅၈** |




◆ **ကျောဖုံးမှအဆက်**

ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့်မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

# ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၌ ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များအား သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေး

နေပြည်တော် ဇွန် ၈

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့၏ပူးပေါင်းစီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါး၊ ငါးပိ၊ အမဲသား၊ ဆိတ်သား၊ ကြက်သား၊ ဝက်သား၊ ကြက်ဥ၊ ဘဲဥ စသည့်ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များအား ပြည်ထောင်စုနယ်မြေ (နေပြည်တော်) အတွင်း ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ မတ်လ ၃၀ ရက်မှစ၍ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ၆၉ ရက်မြောက်အဖြစ် ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။



ယနေ့တွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)အတွင်း ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ ဆန် ၆ ပြည်ပါ(မနောသုခ- Export Quality) ၁၀ အိတ်၊ ဆန် ၅ ပြည်ပါ (ဖျာပုံပေါ်ဆန်း) ငါးအိတ်၊ ဆား ၂ ပိဿာ ၇၅ ကျပ်သား၊ ကုလားပဲ ၂၀ ကျပ်သားပါ အိတ် ၁၅ ထုပ်၊ ငါးပိ ၁ ပိဿာ၊ ငါးတံခွန် ၁၀ ကျပ်သားပါ ငါးထုပ်၊ ငါးပုတ်သင် ၁၀ ကျပ်သားပါ လေးထုပ်၊ ငါးနီတူခြောက် ၁၀ ကျပ်သားပါ ခုနစ်ထုပ်၊ အာပဲ့ခြောက် ၁၀ ကျပ်သားပါ ငါးထုပ်၊ ငါးရောင်ခြောက် ၁၀ ကျပ်သားပါ လေးထုပ်၊ ကြက်ဥ ၅၀ လုံး၊ ဘဲဥ ၁၀ လုံး၊ ခေါက်ဆွဲခြောက် နှစ်ထုပ်တို့ကို ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြဝတီ

# ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့်ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇွန် ၈

မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတို့တွင် ဇွန်လ ၈ ရက်အထိ သေဆုံးသူ ၃၇၄၀ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၆၆ ဦးရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများ ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦး ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၁၈ ဦး ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းပြည်ပမှ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။ မြဝတီ

# ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာသင်ယူတတ်မြောက်မှသာ အဆိုးအကောင်းကို ဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ပညာရှိမည်





နေပြည်တော် ဇွန် ၈

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ဝန်ထမ်းသက်သာချောင်ချိရေးကော်မတီမှ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးဦးစီးဌာနများနှင့် ပြည်ထောင်စုနယ်မြေအတွင်းရှိ စာရင်းစစ်ရုံးများရှိ ဝန်ထမ်းသားသမီးများ ပညာသင်ချီးမြှင့်ငွေပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း၊ ချယ်ရီခန်းမ၌ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုစာရင်းစစ်ချုပ်က မိဘများအနေဖြင့် သားသမီးများပညာတတ်မြောက်စေရေး၊ ဗလငါးတန်နှင့်ပြည့်ဝသော လူငယ်များဖြစ်စေရေး ရည်မှန်းချက်ထားရှိရမည်ဖြစ်ပြီး ကောင်းမွန်မှန်ကန်သောစိတ်ဓာတ်၊ မှန်ကန်သောလမ်းကြောင်းပေါ် လျှောက်လှမ်းနိုင်သူများဖြစ်အောင် ပြုစုပျိုးထောင်ပေးကြရန်လိုအပ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာသင်ယူတတ်မြောက်မှသာ အသိပညာဗဟုသုတပြည့်စုံ၍ အဆိုးအကောင်းကိုဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ပညာရှိမည်ဖြစ်သဖြင့် ပညာကြိုးစားသင်ယူစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက ကျောင်းသား၊ ကျောင်းသူ၊ သားငယ်၊ သမီးငယ်များကို ပညာသင်ချီးမြှင့်ငွေများပေးအပ်ရာ ကျောင်းသား၊ ကျောင်းသူများကိုယ်စား Grade-11 တွင် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ပညာသင်ကြားလျက်ရှိသော ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့်ပြည်ထောင်စုနယ်မြေအတွင်းရှိ စာရင်းစစ်ရုံးများမှ ဝန်ထမ်းသားသမီးများဖြစ်သည့် တက္ကသိုလ်တက်ရောက်သူ ၁၃ ဦး၊ အထက်တန်းတက်ရောက်သူ ၃၀ ဦး၊ အလယ်တန်းတက်ရောက်သူ ၄၁ ဦး၊ မူလတန်းတက်ရောက်သူ ၁၁၄ ဦး စုစုပေါင်း ၁၉၈ ဦးအတွက် ပညာသင်ချီးမြှင့်ငွေကျပ် ၇၃၄၀၀၀၀ ကိုပေးအပ်ခြင်းဖြစ်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်စာရင်းစစ်ချုပ်ရုံးများတွင်လည်း ဝန်ထမ်းသားသမီးများအတွက် ပညာသင်ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာဒေါ်ခင်နိုင်ဦး၊ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

# နိုင်ငံတော်တွင် အခြားသောနိုင်ငံများနည်းတူ EV ကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ညွှန်ကြားချက်များအတိုင်း ဌာနများပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်နေ



နေပြည်တော် ဇွန် ၈

လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများသုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ယမန်နေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ Naypyitaw State Polytechnic University ၌ Hybrid စနစ်ဖြင့် ကျင်းပသည့် လုပ်ငန်းကော်မတီ (၂/၂၀၂၅) အစည်းအဝေးသို့ တက်ရောက်သည်။

ဦးစွာ ဒုတိယဝန်ကြီးက နိုင်ငံတော်တွင် အခြားသောနိုင်ငံများနည်းတူ EV ကဏ္ဍဖွံ့ဖြိုးရေးအတွက် ညွှန်ကြားချက်များအတိုင်းဌာနများပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ နိုင်ငံ့ရေရှည်အကျိုးစီးပွားနှင့် ပြည်သူလူထုအတွက် Sustainable Future ကို ဖော်ဆောင်ပေးနိုင်ရေးတို့အတွက် မိမိတို့၏လုပ်ငန်းတာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ရန် လိုအပ်ကြောင်း၊ ပြိုင်ဆိုင်မှုပြင်းထန်ကာ မြန်ဆန်စွာဖွံ့ဖြိုးနေသော EV နည်းပညာ အရွေ့တွေအတိုင်း အမီလိုက်ပါနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ အိမ်စီး EV အပြင် စိုက်ပျိုးရေးသုံး EV ၊ ဆိုလာသုံး EV အားသွင်းစနစ်များ၊ EV သုံး AI ၊ EV Metrology နှင့် EV ဘက်ထရီသုတေသနများကို ပိုမိုထိရောက်ပီပြင်စွာ ဆောင်ရွက်သွားရန်၊ EV နည်းပညာများ၊ အသိပညာများကို ပြည်သူများအပါအဝင် EV Stakeholders များ လက်ဝယ်အရောက် ထိရောက်စွာ ဖြန့်ဝေပေးနိုင်ရေး အလေးထားဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်ကြသည့် ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများက ပြည်ပ EV သင်တန်းတက်ရောက်မှုများ၊ သင်တန်းဖွင့်လှစ်မှုအခြေအနေများ၊ EV ဘက်ထရီသုတေသနဆောင်ရွက်မှုအခြေအနေများ၊ အသိပညာပေးပွဲဆောင်ရွက်မှု အခြေအနေများ၊ ကော်မတီဆိုင်ရာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက သုတေသနရလဒ်များမှ ဉာဏပစ္စည်းမူပိုင်ခွင့်များရရှိသည်အထိ ကြိုးပမ်းဆောင်ရွက်သွားရန်နှင့် အကျိုးရှိအောင် အသုံးချနိုင်ရေး ဆက်စပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ EV သင်တန်းများ၌ နည်းပညာလိုအပ်ချက်များနှင့် ကိုက်ညီအောင်နှင့် စံနှုန်းများအတိုင်း ကျွမ်းကျင်တတ်မြောက်အောင် လေ့ကျင့်ပေးရန်နှင့် လိုအပ်သည်များကိုဖြည့်စွက်ဆွေးနွေးကာ ဌာနများအကြား ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အခြေခံမူများနှင့် ကိုက်ညီမှုကို အားပေးစေသည့် တွေ့ဆုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇွန် ၈

မြန်မာနိုင်ငံ၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုတို့သည် လူတိုင်းအတွက် သေချာစေရေးနှင့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အခြေခံမူများနှင့် ကိုက်ညီမှုကို အားပေးစေသည့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်၈နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်ရှိ ESPACE AVENIR Executive Serviced Apartment တွင် ကျင်းပခဲ့ကြသည်။

ရှေးဦးစွာ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာမင်းသိဏ်းက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်ဥက္ကဋ္ဌ ဦးသိန်းဟန်သူက နှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။

ဆက်လက်ပြီး အာဆီယံမသန်စွမ်းသူများဖိုရမ်ဆိုင်ရာ မြန်မာနိုင်ငံကိုယ်စားလှယ်ဖြစ်သူ ဒေါ်နန္ဒာနွယ်ဦးက ကုလသမဂ္ဂမသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာကွန်ဗင်းရှင်း၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာအယူအဆ၊ ပါရီသဘောတူညီချက်ပါ ပြဋ္ဌာန်းချက်များအရ လေ့လာတွေ့ရှိချက်နှင့် အကြံပြုချက်များကို တင်ပြဆွေးနွေးပြီး တက်ရောက်လာကြသူများအဖွဲ့လိုက်ခွဲ၍ အုပ်စုလိုက်ဆွေးခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အခြေခံမူများနှင့် ကိုက်ညီမှုကို အားပေးစေသည့် တွေ့ဆုံဆွေးနွေးပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်မှာ မသန်စွမ်းများပါဝင်သော သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးမူဝါဒများ၏ အရေးပါမှုနှင့်ပတ်သက်၍ တာဝန်ရှိသူများအကြား အသိပညာများ တိုးမြင့်လာရန်၊ အမျိုးသားအဆင့်တိုးတက်မှုများ ထပ်ဆောင်းရရှိနိုင်ရေးအတွက် မူဝါဒကွာဟချက်များနှင့် အကြံပြုချက်များကိုဖော်ထုတ်ရန်၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေး မဟာဗျူဟာများကို အကောင်အထည်ဖော်ရာတွင် အထူးသဖြင့် မသန်စွမ်းများပါအကျုံးဝင်သည့် အနာဂတ်အစီအစဉ်များအတွက် တာဝန်ရှိအဖွဲ့အစည်းများ၏ကတိကဝတ်များကို ပိုမိုခိုင်မာစေရန်၊မူဝါဒချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းဆိုင်ရာ တိုးတက်မှုကို စောင့်ကြည့်နိုင်ရန် ယန္တရားတစ်ရပ်အတွက် အထောက်အပံ့ဖြစ်ရန်အတွက်ကျင်းပခြင်းဖြစ်ကြောင်းနှင့် ဆွေးနွေးပွဲသို့တိုင်းဒေသကြီးများရှိ မသန်စွမ်းအသင်းများမှ တာဝန်ရှိသူများ၊ မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ သဘာဝဘေးနှင့် အခြားအရေးပေါ်အခြေအနေဆိုင်ရာဆပ်ကော်မတီမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

**လင်းခန့်**

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# လက်ရှိနွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် မန်ယူအသင်းမှထွက်ခွာရန် ဂါနာချိုဆုံးဖြတ်ချက်ချထား




မန်ချက်စတာ ဇွန် ၈

မန်ယူအသင်း လူငယ်တောင်ပံကစားသမား ဂါနာချိုက လက်ရှိနွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် မန်ယူအသင်းမှထွက်ခွာရန် ဆုံးဖြတ်ချက်ချထားကြောင်း သိရသည်။

အသက် ၂၀ အရွယ် ဂါနာချိုသည် ၂၀၁၁ ခုနှစ်က အက်သလက်တီကိုလူငယ်အသင်းမှ မန်ယူလူငယ်အသင်းသို့ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး ၂၀၂၂ ခုနှစ်က အသင်းကြီး၌ စတင်ပါဝင်ကစားခဲ့ကာ အစောပိုင်းနှစ်များတွင် အကောင်းဆုံးပုံစံပြနိုင်ခဲ့သော်လည်း နောက်ပိုင်းဘောလုံးရာသီများတွင် ခြေစွမ်းပြနိုင်ရန် ရုန်းကန်ခဲ့ရသည်။

ဂါနာချိုသည် ယခုဘောလုံးရာသီတွင် မန်ယူအသင်းနှင့်အတူ ရုန်းကန်ခဲ့ရကာ ပြီးခဲ့သည့်ဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ကာလကတည်းက အသင်းမှထွက်ခွာရန် ကြိုးပမ်းပြီးနောက် ချယ်လ်ဆီးအသင်းနှင့် နာပိုလီအသင်းတို့က အပြိုင်ကမ်းလှမ်းခဲ့ကြပြီး နာပိုလီအသင်းကခေါ်ယူနိုင်ရန် နီးစပ်ခဲ့သော်လည်း ပြောင်းရွှေ့ကြေးညှိနှိုင်းမှု အဆင်မပြေဖြစ်ခဲ့သည့်အတွက် မန်ယူအသင်း၌သာ ဆက်လက်ကစားခဲ့ခြင်းဖြစ်သည်။

သို့သော် ဂါနာချိုက လက်ရှိနွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ခဲ့ပြီး မန်ယူအသင်းကလည်း ၎င်းကို အသင်းမှထွက်ခွာရန်ခွင့်ပြုပေးပြီးနောက် လက်ရှိတွင် ပရီးမီးယားလိဂ်ကလပ်အသင်းများအပြင် အသင်းဟောင်း အက်သလက်တီကိုအသင်း၊ နာပိုလီအသင်းနှင့် လေဗာကူဆင်အသင်းတို့ကလည်း ၎င်းကိုခေါ်ယူရန် စောင့်ကြည့်နေကြောင်း သိရသည်။

*Ref;Fabrzio Romano*

# လစ်လပ်နေသည့်စပါးအသင်းနည်းပြရာထူးအတွက် ရေပန်းစားသူများတွင် နည်းပြဟောင်းတစ်ဦးဖြစ်သော ပိုချက်တီနိုလည်း ပါဝင်လျက်ရှိ

လန်ဒန် ဇွန် ၈

စပါးအသင်းက နည်းပြပိုစတီနိုကိုဂလူနှင့် လမ်းခွဲပြီးနောက် လစ်လပ်နေသည့်အသင်းနည်းပြရာထူးအတွက် ရေပန်းစားသူများတွင် နည်းပြဟောင်းတစ်ဦးဖြစ်သည့် ပိုချက်တီနိုလည်း ပါဝင်လျက်ရှိကြောင်း သိရသည်။

နည်းပြပိုစတီနိုကိုဂလူသည် အသင်းနှင့် ဒုတိယမြောက်ဘောလုံးရာသီဖြစ်သည့် ယခုဘောလုံးရာသီတွင် အသင်းသမိုင်းတစ်လျှောက် နှစ်ပေါင်းအတန်ကြာကွာဝေးနေသော ယူရိုပါလိဂ်ဖလားကို ဆွတ်ခူးပေးနိုင်ခဲ့သော်လည်း ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် စံချိန်တင်ရလဒ်ဆိုးများနှင့်တွေ့ကြုံခဲ့ပြီး အဆင့် ၁၇ နေရာ၌သာ ရပ်တည်နိုင်ခဲ့သောကြောင့် စပါးအသင်းက နည်းပြပိုစတီနိုကိုဂလူကို ရာထူးမှထုတ်ပယ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

စပါးအသင်းသည် နည်းပြပိုစတီနိုကိုဂလူကို ရာထူးမှ ထုတ်ပယ်ပြီးနောက် ရာသီကြိုခြေစမ်းပွဲစဉ်များ မတိုင်မီ နည်းပြသစ်ခန့်အပ်နိုင်ရန် ကြိုးပမ်းနေပြီး အစောပိုင်းက ဘရန့်ဖို့ဒ်အသင်းနည်းပြ သောမက်ဖရန့်၊ ဖူလ်ဟမ်အသင်းနည်းပြ မာကိုဆေးလ်ဗားတို့နှင့်သတင်းများထွက်ပေါ်ခဲ့သော်လည်း ယခုအခါ ရေပန်းစားမှုတွင် အသင်းနည်းပြဟောင်း ပိုချက်တီနိုလည်း ပါဝင်လာခဲ့ခြင်းဖြစ်သည်။

နည်းပြပိုချက်တီနိုသည် စပါးအသင်းကို ၂၀၁၄ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ငါးနှစ်ကြာကိုင်တွယ်ခဲ့ပြီး စပါးအသင်းကို ၂၀၁၉ ခုနှစ်က ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဗိုလ်လုပွဲအဆင့်အထိ တက်ရောက်အောင်စွမ်းဆောင်ပေးနိုင်ခဲ့ရာ ဒုတိယဆုရရှိခဲ့သကဲ့သို့ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင်လည်း အဆင့် (၂)နေရာ၌ ရပ်တည်နိုင်အောင်စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။

နည်းပြပိုချက်တီနိုက လက်ရှိတွင် အမေရိကန်အသင်းနည်းပြအဖြစ် တာဝန်ယူဆောင်ရွက်နေသော်လည်း စပါးအသင်းကကမ်းလှမ်းလာပါက အသင်းထံ ပြန်လည်ပြောင်းရွှေ့ဖွယ်ရှိကြောင်း သိရသည်။

*Ref;Goal.com*

# အယ်နာဆာအသင်း တိုက်စစ်ကစားသမားစီရော်နယ်ဒို ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပါဝင်ကစားမည်မဟုတ်ကြောင်း အတည်ပြု




ရီယက် ဇွန် ၈

အယ်နာဆာအသင်း တိုက်စစ်ကစားသမား စီရော်နယ်ဒိုက ယခုလအတွင်း အမေရိကန်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပါဝင်ကစားမည်မဟုတ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် စီရော်နယ်ဒို၏ပြိုင်ဘက် မက်ဆီသည် အင်တာမိုင်ယာမီအသင်းနှင့်အတူ ပါဝင်ကစားမည်ဖြစ်သောကြောင့် မက်ဆီနှင့်စီရော်နယ်ဒိုတို့ တစ်ကျော့ပြန်လည်ထိပ်တိုက်တွေ့ဆုံရန် ပရိသတ်အများစုက မျှော်လင့်နေကြပြီး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ အင်ဖန်တီနိုကိုယ်တိုင်က စီရော်နယ်ဒိုအနေဖြင့် လာမည့်ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပါဝင်ကစားဖွယ်ရှိသည်ဟု ပြောကြားခဲ့သော်လည်း ယခုအခါ စီရော်နယ်ဒိုကိုယ်တိုင်က ပါဝင်ကစားမည်မဟုတ်ကြောင်း အတည်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။

အစောပိုင်းက ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲဝင်အသင်းများအနေဖြင့် စီရော်နယ်ဒိုကို ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲကာလအတွင်း ကာလတိုအငှားစာချုပ်ဖြင့် ခေါ်ယူဖွယ်ရှိနေသည်ဟု သတင်းများထွက်ပေါ်ခဲ့ပြီး စီရော်နယ်ဒိုကိုယ်တိုင်ကလည်း ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ကစားလိုသည့်အတွက် အသင်းပြောင်းရွှေ့ဖွယ်ရှိသည်ဟု သတင်းများထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

သို့သော် စီရော်နယ်ဒိုက " ကျွန်တော် ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ကစားမှာမဟုတ်ပါဘူး။ လက်ရှိဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲဝင်အသင်းတွေထဲက ကလပ်အသင်းတချို့ ကျွန်တော့်ကို ကမ်းလှမ်းမှုတွေလုပ်ဆောင်ခဲ့ပါတယ်။ ကမ်းလှမ်းမှုတွေထဲမှာ ကောင်းတာတွေရော ဆိုးတာတွေပါရှိပါတယ်။ ဒါပေမဲ့ ကျွန်တော် ကမ်းလှမ်းမှုတွေကို ပယ်ချခဲ့ပါတယ်" ဟု ပြောကြားခဲ့သည်။

လက်ရှိတွင် အယ်နာဆာအသင်းနှင့်စီရော်နယ်ဒို၏ စာချုပ်သက်တမ်းမှာ ယခုလကုန်တွင် ကုန်ဆုံးမည်ဖြစ်သော်လည်း အယ်နာဆာအသင်းအနေဖြင့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ခြင်းမရှိသေးဘဲ စီရော်နယ်ဒိုက လက်ရှိကစားနေသည့် ဥရောပနေရှင်းလိဂ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ပြီးမှသာ အယ်နာဆာအသင်းနှင့်ပတ်သက်၍ အနာဂတ်ကိုဆုံးဖြတ်မည်ဖြစ်ကြောင်း သိရသည်။ *Ref;Fabrizio Romano*

# အာဆင်နယ်အသင်းက ချယ်လ်ဆီးအသင်းမှ ဂိုးသမားကီပါကို ခေါ်ယူနိုင်ရန်နီးစပ်နေ

လန်ဒန် ဇွန် ၈


အာဆင်နယ်အသင်းက လန်ဒန်မြို့ခံပြိုင်ဘက် ချယ်လ်ဆီးအသင်းမှ ဂိုးသမား ကီပါကိုခေါ်ယူနိုင်ရန် နီးစပ်နေကြောင်း သိရသည်။

အာဆင်နယ်အသင်းက အသင်းမှ ဂိုးသမား ရိုင်ယာကို ဖိအားပေးနိုင်ရန် ဒုတိယဂိုးသမားတစ်ဦး ရှာဖွေလျက်ရှိပြီး ကီပါအနေဖြင့် လက်ရှိ နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ချယ်လ်ဆီးအသင်းမှထွက်ခွာမည်ဖြစ်သည့်အတွက် ပြီးခဲ့သည့်ရက်ပိုင်းက စတင်ဆွေးနွေးမှုများလုပ်ဆောင်နေခြင်းဖြစ်သည်။


အာဆင်နယ်အသင်းသည် အစောပိုင်းက အက်စ်ပန်ညိုအသင်းမှ ဂိုးသမားဂါစီယာကို ခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း ဂါစီယာက အာဆင်နယ်အသင်းထက် အပြိုင်ကမ်းလှမ်းမှုလုပ်ဆောင်နေသည့် ဘာစီလိုနာအသင်းတွင်သာ ကစားလိုသည့်အတွက် ခေါ်ယူရန်ခက်ခဲနေသောကြောင့် ကီပါကိုခေါ်ယူရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ချယ်လ်ဆီးအသင်းနှင့် ကီပါတို့၏ စာချုပ်ဖျက်သိမ်းကြေးမှာ စတာလင်ပေါင် ငါးသန်းသာရှိသည့်အတွက် အာဆင်နယ်အသင်းက စာချုပ်ဖျက်သိမ်းကြေးပေးပြီး ခေါ်ယူနိုင်ရန်နီးစပ်နေကြောင်း သိရသည်။ *Ref;The Athletic*

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။

နေပြည်တော် ဇွန် ၈

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

**ဇွန်လ ၆ ရက်**တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှမန္တလေးမြို့သို့မောင်းနှင်လာသည့်မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁၄)မျိုး၊ စားသောက်ကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၂၄၅၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Ankai Bus(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ဟန်မြင့်မိုရ်-ရွှာငံလမ်း၊ ဆင်ခေါင်းတောင်အနီး၌ မူဆယ်မြို့မှ မန္တလေးမြို့သို့မောင်းနှင်လာသည့် မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၆၂၇၄၀၀)၊ အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Foton Tractor Head(၂)စီးနှင့် နောက်တွဲယာဉ်(၂)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၂၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၉၈၇၂၄၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ထို့ပြင် **ဇွန်လ ၇ ရက်**တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့နယ်၊ ရွှေသံလွင်တိုးဂိတ်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၂၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၂၀၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်လုပ်ငန်းသုံးပစ္စည်း(၄)မျိုး၊ လူသုံးကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၁၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး၊ Nissan Diesel Tractor Head(၁)စီးနှင့် နောက်တွဲယာဉ်(၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၈၁၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဇွန်လ ၇ ရက်နှင့် ၈ ရက်**တို့တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ(၃၆)ပီပါ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၇၂၀၀၀၀)**ကိုဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဇွန်လ ၇ ရက်**တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် (၂၃)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၁၄၃)စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန်လ ၆ ရက်၊ ၇ ရက်နှင့် ၈ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၉)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၇၈၉၂၄၀၀)**ကိုဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

မြဝတီ

# စဉ့်ကိုင်မြို့နယ်နှင့်ကျောက်ဆည်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၈**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဇွန်လ ၆ ရက် မွန်းလွဲပိုင်းက သတင်းအရ စဉ့်ကိုင်မြို့နယ်၊ မီးသွေးဘုတ်ကျေးရွာအုပ်စု၊ ရွာသာရွာကျေးရွာလမ်းပေါ်တွင် သီတာ၊ အေးမြတ်မွန်၊ ခင်စုကြည်(ခ)မိုးမိုးနှင့် ရွှေဇင်မာတို့ ၄ ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၅၅၀၀ ပြား(တစ်ပြားလျှင် ၁၅၀၀ ကျပ်နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၈၃၂ ဒသမ ၅ သိန်း) ဖမ်းဆီးရမိခဲ့ကြောင်းသိရသည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ ကျောက်ဆည်မြို့နယ်၊ ဘင်စုရပ်ကွက်၊ စက်မှုဇုန်သွားလမ်းပေါ်တွင် ဒေါ်မြိုင်အား စိတ်ကြွရူးသွပ်ဆေးပြား ၅၆၃၅ ပြား (တစ်ပြားလျှင် ၁၅၀၀ ကျပ်နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၈၄ ဒသမ ၅၂၅ သိန်း)ဖမ်းဆီးရမိပြီး ကွင်းဆက်အရ ဆေးပြားများရောင်းချပေးသူ မမဲလုံးကို ကျောက်ဆည်မြို့နယ်၊ ဖျောက်ဆိပ်ပင်ကျေးရွာအဝင် လမ်းမပေါ်တွင် ဆက်လက်ဖမ်းဆီးရမိသဖြင့် ယင်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

ထို့အတူ ယမန်နေ့မွန်းလွဲပိုင်းက တာချီလိတ်မြို့၊ မကာအိုခမ်းရပ်ကွက်၊ ရွှေတိဂုံဘုရားအဆင်းလမ်းတွင် သတင်းအရစောင့်ဆိုင်းနေစဉ် ရွှေတိဂုံဘုရားဘက်မှ နတ်စင်လမ်းဘက်သို့ လမ်းလျှောက်လာသူ စိုင်းအောင်ခမ်းထံမှစိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ (တစ်ပြားလျှင် ၇၀၀ ကျပ်နှုန်းဖြင့် ဒေသတန်ဖိုးငွေကျပ်သိန်း ၇၀) ဖမ်းဆီးရမိပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ တာချီလိတ်မြို့၊ ဆန်ဆိုင်း(ခ)ရပ်ကွက်၊ ကျောင်းလမ်းရှိ ၎င်းနေထိုင်သည့်နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ (တစ်ပြားလျှင် ၇၀၀ ကျပ်နှုန်းဖြင့် ဒေသတန်ဖိုးငွေကျပ် ၂၈ သိန်း) ထပ်မံသိမ်းဆည်းရမိသဖြင့် စိုင်းအောင်ခမ်း(၂၆)နှစ်အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။


စဉ့်ကိုင်မြို့နယ်နှင့်ကျောက်ဆည်မြို့နယ်တို့တွင် ဖမ်းဆီးရမိသူများအား သိမ်းဆည်းရမိသည့်စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူတွေ့ရစဉ်။

အလားတူ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည်သတင်းအရတန့်ယန်းမြို့၊ ရပ်ကွက်(၉)နေ မနန်းခမ်း၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၉၀၀(တစ်ပြားလျှင် ၁၀၀၀ ကျပ်နှုန်းဖြင့် ဒေသတန်ဖိုးငွေကျပ် ၄၉ သိန်း) ဖမ်းဆီးရမိသဖြင့် မနန်းခမ်း(၄၃)နှစ်အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

မြဝတီ

# မိုးရာသီကာလတွင် အဖြစ်များနိုင်သည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှော‌ရောဂါအကြောင်းသိကောင်းစရာ

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန



မိုးရာသီကာလတွင် အဖြစ်များနိုင်သည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ အကြောင်းသိကောင်းစရာ

## ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါသည်

ဝမ်းရောဂါဖြစ်ပွားစေသော ပိုးများပါရှိသည့်



မသန့်ရှင်းသောရေနှင့် အစားအစာများ စားသောက်မိရာမှ တစ်ဆင့် ကူးစက်ဖြစ်ပွားစေပါသည်။

**ရာသီမရွေးဖြစ်ပွားလေ့ရှိပြီး** အထူးသဖြင့် မိုးဦးကျကာလနှင့် မိုးအကုန်ဆောင်းအကူးတွင် အဖြစ်များသည်။

## ရောဂါပိုးကူးစက်ပုံ

**ရောဂါပိုးပါဝင်သည့်** ဝမ်းအညစ်အကြေးများတွင် ရှိနေသော ရောဂါပိုးများသည်

⇒ ယင်ကောင်မှတစ်ဆင့်လည်းကောင်း
⇒ မသန့်ရှင်းသောလက် စသည်တို့မှလည်းကောင်း
⇒ အစားအစာ၊ သောက်သုံးရေများအတွင်းသို့ ရောက်ရှိခြင်း (သို့မဟုတ်) တိုက်ရိုက်ဝင်ရောက်ခြင်း (ဥပမာ - မိလ္လာပိုက်ပေါက်ခြင်း ၊ အညစ်အကြေး မြေဩဇာအသုံးပြုခြင်း)

တို့မှတစ်ဆင့် စားသောက်မိသူများအား ကူးစက်စေပြီး တစ်ဦးမှတစ်ဦးသို့ ရောဂါ ဆက်လက်ကူးစက်စေပါသည်။

## ရောဂါလက္ခဏာများမှာ

- အရည်ဝမ်းများစွာ သွားခြင်း
- ငါးညှီနံ့နံသော ဆန်ဆေးရည်ကဲ့သို့ ဝမ်းသွားခြင်း
- အော့အန်ခြင်း
- နှလုံးခုန်နှုန်းမြန်ခြင်း
- အရေပြား၏ ကျုံ့ဆန့်နိုင်အား လျော့နည်းလာခြင်း
- မျက်တွင်းချိုင့်ဝင်ခြင်း
- ခံတွင်း/လျှာနှင့် နှုတ်ခမ်းများ ခြောက်သွေ့ခြင်း
- ကြွက်တက်ခြင်း
- သတိလစ်ခြင်း

ဝမ်းလျှောရောဂါ ပြင်းထန်သောအခါ ခန္ဓာကိုယ်အတွင်းမှ ရေနှင့် ဓာတ်ဆားများ လျင်မြန်စွာ ကုန်ခန်းသွားသောကြောင့် အရည်ခန်းခြောက်ခြင်းကို ဖြစ်စေသည်။

ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားသည်ဟု သံသယ ရှိလျှင် အချိန်မီကုသမှု မခံယူပါက အသက်ဆုံးရှုံးနိုင်သောကြောင့် နီးစပ်ရာ ကျန်းမာရေးဌာန/ဆေးရုံဆေးခန်းများသို့ သတင်းပေးပို့ပြီး ထိရောက်သောကုသမှု ခံယူပါ။

## ကြိုတင်ကာကွယ်နိုင်သော နည်းလမ်းများမှာ

- အောက်ပါအခြေအနေများတွင် လက်ကိုစနစ်တကျ စင်ကြယ်စွာဆေးကြောပါ -
  * အစာမစားမီနှင့် အစားအစာ မပြင်ဆင်မီအချိန်တိုင်း
  * အညစ်အကြေးနှင့် အမှိုက်များကိုင်တွယ်ပြီးချိန်တိုင်း
  * အိမ်သာမှ ဆင်းချိန်တိုင်း





- ယင်လုံအိမ်သာ ရာနှုန်းပြည့်သုံးစွဲပါ။
- တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ။
- အစားအစာများကို ကျက်အောင် ချက်ပြီးမှ စားသုံးပါ။



- အစားအစာများကို ယင်မနားအောင် လုံခြုံစွာ ဖုံးအုပ်ထားပါ။



- ခြင်၊ ယင်တို့ မပေါက်ပွားစေရန် ပတ်ဝန်းကျင် သန့်ရှင်းရေးကို အထူးဂရုပြု ဆောင်ရွက်ပါ။



## ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်လျှင် ဘယ်လိုလုပ်ရမလဲ?

ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ခံစားနေရပါက (သို့) အော့အန်နေပါက လျင်မြန်စွာ ရေဓာတ်ပြန်ဖြည့်ရန် ဓာတ်ဆားရည်သောက်ပါ။

**ဆေးရုံ ဆေးခန်းသို့** သွားရောက်ရန် ဆောင်ရွက်စဉ် ဓာတ်ဆားရည်ကိုသောက်ပါ။

### ဓာတ်ဆားရည်ဖျော်နည်း

→ ဓာတ်ဆားရည်မဖျော်မီ ရေနှင့် ဆပ်ပြာသုံးပြီး စနစ်တကျ ဆေးကြောပါ။
→ ဓာတ်ဆားထုပ် တွင်ပါဝင်သော အသုံးပြုသက်တမ်း ကုန်ဆုံးရက်ကို စစ်ဆေးပါ။ သက်တမ်းကုန်ဆုံးပါက အသုံးမပြုပါနှင့်။
→ ဓာတ်ဆားထုပ် (ORS) ၁ ထုပ်နှင့် ကျိုချက်ထားသောရေ (သို့) ရေသန့် ၁ လီတာကို သန့်ရှင်းသော ဘူး/ခွက်ထဲသို့ ထည့်၍ဖျော်ပါ။
→ ဖျော်ထားသော ဓာတ်ဆားရည်ကို (၂၄)နာရီအတွင်း ကုန်အောင်သောက်ပါ။ (၂၄)နာရီကျော်ပါက မသောက်သုံးသင့်ပါ။
→ ဓာတ်ဆားဖျော်ရာတွင် သကြား၊ ဆားနှင့် အခြားသော အရည်များ ထပ်မထည့်ရပါ။

## ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်လျှင် ဘယ်လိုလုပ်ရမလဲ?

အကယ်၍ ဓာတ်ဆားထုပ် (ORS) မရှိခဲ့ပါက အောက်ပါ နည်းအတိုင်း မိမိအိမ်မှာပင် ဆားနှင့် သကြား အသုံးပြုပြီး ဖျော်နိုင်ပါသည်။

### အိမ်တွင်း ဓာတ်ဆားရည်ဖျော်နည်း

→ ဓာတ်ဆားရည်မဖျော်မီ ရေနှင့် ဆပ်ပြာသုံးပြီး စနစ်တကျ ဆေးကြောပါ။
→ ကျိုချက်ထားသောရေ (သို့) ရေသန့် ၁ လီတာနှင့် လက်ဖက်စားဇွန်းဖြင့်
  ⇒ သကြား (၈)ဇွန်း
  ⇒ ဆား (၁) ဇွန်း ထည့်ပြီး ဖျော်ပါ။

ရောဂါ ပြင်းထန်ပြီး အသက်ဆုံးရှုံးမှုအား ကာကွယ်နိုင်ရန် ကျန်းမာရေးဌာန / ဆေးရုံဆေးခန်းများတွင် အချိန်မီ ဆေးကုသမှု ခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ပြုစုထုတ်ဝေသည်။
(၂၀၂၅ ခုနှစ်၊ မေလ)

အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .




# ‘ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ’

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၇၇၊ ၀၁ ၆၅၂၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၉၀၇၇

## Myanmar Mobile Money (MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။

- ဝန်ထမ်းလစာ / ပင်စင်လစာထုတ်ပေးခြင်း
- ငွေသွင်းငွေထုတ်ခြင်း / ငွေလွှဲခြင်း
- Skynet Bill Payment ပေးသွင်းခြင်း
- Gift Card ပေးခြင်း
- Internet Bill ပေးဆောင်ခြင်း
- E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း
- လျှပ်စစ်မီတာ Bill များပေးဆောင်ခြင်း
- ပြည်ပ ငွေလွှဲ (ထိုင်း)
- ဈေးဝယ်ခြင်း




အငြိမ်းစား လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

## Smart ®
GENTLEMEN FASHION



Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin




FDA- ၈၅/ ၂၁၃၄၉/ ထလ
canesugarokt7 @gmail.com

ကြံတောင်သူစီးပွား ၊ ပြည်တွင်းသကြား ၊
ဝယ်ယူအားပေးကြပါစို့။



အုတ်တွင်းသကြားစက်

❖ **စိုက်ပျိုးရေးလုပ်ငန်းများနှင့် သီးထပ်စွမ်းအားမြှင့်တင်ရေး၌ စိုက်ပျိုးရေရရှိရေးသည် အရေးကြီးသဖြင့် ရေရရှိရေးနည်းလမ်း ၄ ခုဖြစ်သည့် မိုးကောင်းသောက်ရေ၊ ဆည်ရေ၊ မြစ်ချောင်းရေ၊ မြေအောက်ရေစသည်တို့ကို ဒေသအလိုက် ပေါင်းစပ်အသုံးပြုရမည်ဖြစ်…**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့တွင်ပြုလုပ်သော ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်အစည်းအဝေးသို့တက်ရောက်အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက်ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

## မှတ်သားဖွယ်ရာမိုးရေချိန်များ

၈-၆-၂၀၂၅


| | | | | |
|---|---|---|---|---|
| ကော့သောင်း | ၅ | ဒသမ | ၆၇ | လက်မ |
| ချောင်းဆုံ | ၄ | ဒသမ | ၃၃ | လက်မ |
| လှည်းကူး | ၃ | ဒသမ | ၆၂ | လက်မ |
| မအူပင် | ၃ | ဒသမ | ၂၃ | လက်မ |
| မော်လမြိုင်ကျွန်း | ၁ | ဒသမ | ၅၇ | လက်မ |
| အင်္ဂပူ | ၁ | ဒသမ | ၅၄ | လက်မ |

**တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များဖမ်းဆီးရမိ**

စာ - ၂၉ သို့

## အထူးမိုးလေဝသသတင်း

# အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်




နေပြည်တော် ဇွန် ၈

ယနေ့ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့် လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညနေမှ ဇွန်လ ၁၅ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊

စာမျက်နှာ ၂၄ ကော်လံ ၄ ◆

# ဝါးခယ်မမြို့နယ်၌ နွေသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သော စပါး ၁၂၈၅၁၁ ဧက ရိတ်သိမ်းပြီးစီး



ဝါးခယ်မ ဇွန် ၈

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်၌ နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၁၂၈၅၁၁ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ငွေးမြင့်၏ပြောကြားချက်အရ သိရသည်။

နွေသီးနှံစိုက်ပျိုးရာသီက ဝါးခယ်မမြို့နယ်၌ စပါး ၁၂၉၂၀၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သည့် စပါးခင်းများကို မတ်လပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ လက်ရှိတွင် စပါး ၁၂၈၅၁၁ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါရိတ်သိမ်းပြီးဖြစ်သည့် စပါးတစ်ဧကလျှင် ၁၂၄ ဒသမ ၀၁ တင်းခန့် ထွက်ရှိကြောင်းသိရသည်။

"ဝါးခယ်မမြို့နယ်တစ်ခုလုံးအနေနဲ့ နွေသီးနှံ စိုက်ပျိုးရာသီမှာ စပါး ၁၂၉၂၀၇ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့စပါးတွေကို ပြန်လည်ရိတ်သိမ်းရာမှာ လက်ရှိမှာ ဧက ၁၂၀၀၀၀ကျော် ရိတ်သိမ်းပြီးဖြစ်ပါတယ်။ ရိတ်သိမ်းခဲ့တဲ့စပါးတွေ တစ်ဧကချင်း အထွက်နှုန်းကောင်းသလို

စာမျက်နှာ ၁၁ ကော်လံ ၁ ■

